www.burmeseclassic.com

တက္ကသိုလ်

# ငွေလမင်းဒေါင်

## လေရှူးတောင်မှဓားသိုင်းကျမ်း

ကျင်းထုံ၏ ဝမ်းလောင်စန်းရှ




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

နေလင်းအောင်

# လေရှူးတောင်မှဓါးသိုင်းကျမ်း

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



ဓားဘီလူးသည် တိမ်တိုက်ပမာလွင့်မျောပျောက်ကွယ်သွားပြီဖြစ်သည်။ ထန်ဟုန်သည် ယခုမှ အဘွားအိုး၏သဘောထားအမှန်ကို နားလည်လိုက်လေသည်။

သူသည် ဝမ်းသာအားရဖြစ်မိသော်လည်း ဝမ်း မသာနိုင်ပါ။

အကြောင်းမှာ....

အဘွားအိုနှင့်ဓားဘီလူးတို့သည် ဇနီးမောင်နှံများဖြစ်ခဲ့ကြသည့်တိုင်အောင် တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံပုံမှာ မေတ္တာတရားလုံးဝမပါဘဲ ခပ်စိမ်းစိမ်းဆက်ဆံနေသည်ကိုတွေ့မြင်ခဲ့ရသည်ကတစ်ကြောင်း....

မိမိသည် မိုးကြိုးဓားပညာ၏အမွေဆက်ခံသူဖြစ်ခဲ့လျှင် အနေစိမ်းသောအဘွားအိုနှင့်စုစုတို့ကြားတွင် မည်ကဲ့သို့နေထိုင်ရမည်ကို စဉ်းစားလာမိသောကြောင့်တစ်ကြောင်းဖြစ်ပေသည်။

ထိုအချိန်တွင်....

စုစု၏အသံထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား… သူ့ကို တကယ်ပဲ မိုးကြိုးဓားပညာသင်ပေးမလို့လားဟင်"

အဘွားအိုကခေါင်းညိတ်၏။

"ဟုတ်တယ်"

စုစုသည် ထန်ဟုန်ဘက်သို့လှည့်ကြည့်လိုက်သည်။

သူမ၏မျက်နှာထားမှာ ဟန်မူရာကင်းမဲ့နေသော်လည်း သူမ၏မျက်လုံးအစုံသည် နွေးနွေးထွေးထွေးရှိလာသည်ဟု ခံစားမိလာလေသည်။ စုစုက….

"ဘွားဘွား… ဆရာထွက်သွားပြီ၊ တော်ကြာ… သူက မဟုတ်ကဟုတ်ကလျှောက်လုပ်ရင် ဘယ့်နှယ်လုပ်မလဲ"

အဘွားအိုကသက်ပြင်းတစ်ချက်ချလိုက်၏။

"နှင့်ဆရာဟာ ငါပြောတဲ့စကားကို နားမထောင်ဘူး… သူလုပ်ချင်တာကိုလုပ်နေတာပဲ၊ ငါ့အနေနဲ့တစ်ဖက်လူ ဘာတွေလုပ်နေတယ်ဆိုတာ အမြဲတမ်းလေ့လာနေတယ်၊ သူတို့က နှင့်ဆရာရဲ့လှုပ်ရှားမှုကိုအမြဲတမ်းစောင့်ကြည့်နေမှာသေချာတယ်၊ သူက မဆင်ခြင်ဘဲ စိတ်ကူးတည့်ရာလျှောက်သွားဦးမယ်ဆိုရင် သူ့အတွက်စိုးရိမ်စရာကောင်းလိမ့်မယ်"

ထန်ဟုန်သည် အဘွားအို၏စကားတွင် ပြိုင်ဘက်အပေါ်အလွန်စိုးရိမ်ကြောင့်ကျဖြစ်နေကြောင်း အကဲခတ်မိလိုက်၏။



သူမ၏ပြိုင်ဘက်သည် မည်သူဖြစ်ပါသနည်း။

အဘွားအိုနှင့်ဓားဘီလူးတို့၏သိုင်းပညာသည် ကြောက်ခမန်းလိလိအဆင့်မြင့်လှသည်။ သို့တိုင်အောင် သူတို့သည် သူတို့၏ပြိုင်ဘက်အပေါ် စိုးရိမ်ကြောက်ရွံ့နေသည်ကိုတောက်ရှုခြင်းအားဖြင့် သူတို့၏ပြိုင်ဘက်သည် အလွန်ကြောက်မက်ဖွယ်ရာကောင်းသောလူစားမျိုးဖြစ်ရမည်မှာ မြေကြီးလက်ခတ်မလွဲသေချာနေပေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် ယင်းသို့တွေးတောနေစဉ် အဘွားအို၏အသံ ထွက်ပေါ်လာ၏။

"စုစု... သူ့ကိုငါ့ဆီခေါ်ခဲ့"

အဘွားအိုက ယင်းသို့မှာကြားပြီးနောက် ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်။ ထန်ဟုန်သည် လူရိပ်တစ်ရိပ်လှစ်ခနဲပျောက် ကွယ်သွားသည်ကိုမြင်တွေ့ရ၏။

အဘွားအို မည်သည့်နေရာသို့ထွက်ခွာသွားသည်ကိုမတွေ့ မြင်လိုက်ရပါ။ သူသည် အံ့ဩလွန်း၍ငေးမောကြည့်နေ၏။

စုစု၏အသံသည် သူ၏နားထဲသို့တိုးဝင်လာ၏။

"ငေးမနေနဲ့... ကျွန်မနောက်ကိုလိုက်ခဲ့"

ထန်ဟုန်က သူမအားလှည့်ကြည့်၏။

သူမအသံသည် အေးစိမ့်မြအေးစိမ့်နေသည်ဖြစ်သော်လည်း သူမအကြည့်မှာ ပျော့ပျောင်းလာသည်ကိုမြင်လိုက်ရသည်။

သူသည် စုစုခေါ်ဆောင်ရာသို့လိုက်ပါသွားသည်။

ယခု စုစုက သူ့အား အိမ်သုံးလုံးအနက် အလယ်တွင်ရှိသော အိမ်၏ရှေ့တံခါးတည့်တည့်ရှိရာသို့ခေါ်ဆောင်သွားခြင်းဖြစ်သည်။

စုစုသည် တံခါးကိုမတွန်းဘဲ တစ်နေရာကိုလက်နှင့်ပုတ်လိုက် လေသည်။ ထိုအခါ....

"ဂျိမ်း...."



အဆိုပါတံခါးသည် အလိုအလျောက်ပွင့်သွားသည်ကိုမြင်တွေ့ လိုက်ရလေသည်။

"ဝင်ခဲ့"

စုစုကပြောရင်း အိမ်ခန်းထဲသို့လှမ်းဝင်လိုက်သည်။

ထန်ဟုန်က သူမ၏နောက်မှလိုက်ပါဝင်ရောက်သွားလေ သည်။ အခန်းတစ်ခုလုံးမှောင်မည်းနေ၏။

စုစုသည် ရှေ့တည့်တည့်သို့လျှောက်သွားပြီး ခြေလှမ်းရပ်တန့် လိုက်သည်။

ထိုအခါမှ အဆိုပါနေရာတွင် တံခါးတစ်ချပ်ရှိနေသည်ကို မြင် တွေ့ရလေသည်။

စုစုသည် နံရံတစ်နေရာကိုလက်ညှိုးထောက်လိုက်သည်။

ထိုတံခါးသည် အလိုလိုပွင့်သွားပြန်သည်။

စုစုကအထဲသို့မဝင်တော့ဘဲ တံခါးနံဘေးတွင် လက်နှစ်ဖက် တန်းလန်းချ၍ရပ်လိုက်သည်။

သူမ၏ဟန်အမူအရာသည် အလွန်ကြည်ညိုကိုင်းရှိုင်းသည့် အရိပ်အယောင်များဖြစ်ပေါ်လာသည်။

"ဝင်သွားပါ"

သူမ၏အသံသည် လေးနက်သောအသွင်ဆောင်နေ၏။

ထန်ဟုန်သည် မည်သည့်စကားမျှပြန်မပြောဘဲ....

www.burmeseclassic.com

www.burmeseclassic.com



စုစုပြောသည့်အတိုင်း အခန်းထဲသို့လှမ်း၍ဝင်လိုက်သည်။

သူသည် အခန်းထဲသို့ဝင်လိုက်သည်နှင့် သူ့နောက်မှတံခါးသည် အလိုလိုပိတ်သွား၏။

တံခါးပိတ်သွားသောကြောင့် အခန်းတစ်ခုလုံး မှောင်အတိကျသွားလေ၏။

ထန်ဟုန်ကနောက်သို့လှည့်၍မေးလိုက်၏။

"ကျင်းကူးလျှံ... ဘယ်ကိုဆက်သွားရမှာလဲ"

စုစု၏အမည်ရင်းမှာ ကျင်းကူးလျှံဟုသူသိထားသည်။

ထို့ကြောင့် စုစုကို ကျင်းကူးလျှံဟုခေါ်လိုက်ခြင်းဖြစ်သည်။

ကျင်းကူးလျှံခေါ် စုစုထံမှ မည်သည့်အသံကိုမျှမကြားရချေ။

သူမသည် အခန်းထဲသို့လိုက်လာခြင်းမရှိကြောင်း ထန်ဟုန်သိရှိလိုက်၏။

သူ သက်ပြင်းတစ်ချက်ချပြီး ရှေ့သို့ဆက်လက်လျှောက်သွားသည်။ ခြေလှမ်းနှစ်ဆယ်ခန့်လှမ်းမိသောအခါ ရှေ့တွင်မီးရောင်ဖျော့ဖျော့ဖြာထွက်နေသည်ကိုမြင်တွေ့လိုက်ရ၏။

သူသည် မီးရောင်ရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့်လျှောက်သွားလေ၏။ အနီးသို့ရောက်ရှိသွားသောအခါ ထိုအလင်းရောင်သည် ဆီမီးခွက်တစ်ခွက်မှဖြာထွက်သောအလင်းရောင်ဖြစ်သည်ကို တွေ့မြင်သိရှိလိုက်ရသည်။



သူက ရဲစိတ်တင်ကာဆက်လက်လျှောက်သွားလေ၏။

နောက်ထပ် ခြေလှမ်းနှစ်ဆယ်ခန့်လျှောက်မိသောအခါ ဆီမီးခွက်တစ်ခွက်ကိုထပ်မံမြင်တွေ့လိုက်ရပြန်၏။

သူသည် ခြေလှမ်းကျဲကျဲဖြင့် ဆီမီးခွက်ထွန်းထားသည့်နေရာသို့လျှောက်သွားလေ၏။

သူသည် ဆီမီးခွက်အနီးသို့ရောက်ရှိသွားသောအခါ ရင်ထဲ၌ထိတ်လန့်သွားပြီး နောက်သို့ဆုတ်လိုက်၏။

အကြောင်းမှာ.... .

ထိုဆီမီးခွက်နံဘေးတွင် လူတစ်ယောက်ထိုင်နေသည်ကိုမြင်တွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။

ထိုလူအား သေချာမြင်တွေ့လိုက်ရသည့်အခါ ထန်ဟုန်သည် ပို၍ထိတ်လန့်တုန်လှုပ်သွားရလေသည်။

အကြောင်းမှာ... ထိုလူသည် ဓားဘီလူးဖြစ်နေသောကြောင့်တည်း။

ထို့ကြောင့်... သူသည် ထိတ်လန့်တကြားဖြင့် ကမန်းကတမ်းနောက်ဆုတ်လိုက်ရခြင်းပင်ဖြစ်ပေသည်။

သူသည် နောက်သို့အနည်းငယ်ဆုတ်ပြီးနောက် ခြေလှမ်းရပ်တန့်လိုက်၏။ ပြီးနောက်... သေသေချာချာထပ်မံ၍အကဲခတ်ကြည့်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်.... ထိုလူသည် ဓားဘီလူးကဲ့သို့ရုပ်ရည်မျိုးရှိနေသော်လည်း ဓားဘီလူးမဟုတ်မှန်းသိရှိလိုက်လေသည်။

ထိုလူသည် တင်ပလ္လင်ခွေထိုင်နေခြင်းဖြစ်သည်။ ခန္ဓာကိုယ်ရွေ့လျားခြင်းမရှိသည့်အပြင် မျက်လုံးများမှာလည်း တောက်ပနေသည်ကိုမတွေ့ရပါ။

ထိုလူမှာ လူသေအလောင်းတစ်လောင်းဖြစ်နေချေသည်တကား။

၀၀၀၀



## မိုးကြိုးဓားဂိုဏ်း

ထန်ဟုန်သည် အတန်ကြာရပ်ကြည့်နေရာမှ သူ၏မြင်ကွင်းသည် တဖြည်းဖြည်းပီပြင်လာလေသည်။

ယခု သူသည် လိုဏ်ဂူတစ်ခုထဲသို့ရောက်ရှိနေခြင်းဖြစ်၏။

သူ၏မြင်ကွင်းမှာ ဆီမီးအိမ်၏အလင်းရောင်ထိုးကျနေသောနေရာတစ်ဝိုက်ကိုသာမြင်တွေ့နိုင်သည်။

အလင်းရောင်မဲ့နေသောနေရာကိုမူ တွေ့နိုင်စွမ်းမရှိသေးပါ။

ထို့ကြောင့်....

သူသည် လိုဏ်ဂူတွင်း၌ ငုတ်တုတ်ထိုင်၍သေဆုံးနေသောအဘိုးအိုတစ်ယောက်၏အလောင်းတစ်လောင်းကိုသာ တွေ့ရှိနိုင်ခဲ့လေသည်။ ဆီမီးအိမ်၏အလင်းရောင်အောက်တွင်....

အဘိုးအို၏မျက်နှာမှာ အဝါရောင်ဖယောင်းဖြင့် ပြုလုပ်ထားသောအသားအရေမျိုးကဲ့သို့ဖြစ်နေသည်။

ကြွက်သားများမရှိတော့ဘဲ....

www.burmeseclassic.com

www.burmeseclassic.com



အရိုးပေါ်တွင် ပါးလွှာသောအရေပြားဖုံးထားသည့်အရိုးစုတစ်ခုနှင့်လည်းတူနေလေသည်။

ဤကဲ့သို့အချိန်မျိုး ဤကဲ့သို့အေးစိမ့်ပြီး ကြောက်မက်ဖွယ်ရာကောင်းသောလိုဏ်ဂူ၌....

လူသေအလောင်းတစ်လောင်းကိုမြင်တွေ့ရသည်မှာ အမှန်ပင်ထိတ်လန့်တုန်လှုပ်ချောက်ချားဖွယ်ဖြစ်ပေသည်။

အဘွားအိုသည် အဘယ်ကြောင့် မိမိအား ဤနေရာသို့ခေါ်ဆောင်လာရပါသနည်း။

ထန်ဟုန်နားမလည်ပါ။

သူသည် ရှေ့တိုးလျှင်ကောင်းမည်လော....

သို့မဟုတ်....

နောက်သို့ဆုတ်သွားလျှင်ကောင်းမည်လောဟု....

ချင့်ချိန်တွေးတောနေစဉ်မှာပင်....

စကားပြောသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာလေသည်။

"ငါကလူပါ... ဖုတ်ကောင်မဟုတ်ပါဘူး"

ထိုစကားသံသည် တိုးတိုးညင်းညင်းထွက်ပေါ်လာခြင်းဖြစ်သော်လည်း ထန်ဟုန်၏နားထဲတွင် 'အုန်း'ခနဲခံစားလိုက်ရလေသည်။

ထိုအဘိုးအို၏နှုတ်ခမ်းမှအသံထွက်လာခြင်းဖြစ်သည်။

ထို့ကြောင့်....



ထိုအဘိုးအိုမှာ လူသေအလောင်းတစ်လောင်းမဟုတ်မှန်း သိရှိလိုက်ရလေသည်။

သူသည် အဘိုးအိုအားထပ်မံအကဲခတ်ကြည့်လိုက်သည်။

"ငါ့ရှေ့ကိုလာပါ"

အဘိုးအိုထံမှအသံထွက်ပေါ်လာပြန်လေ၏။

အဘိုးအိုသည် စကားပြောနိုင်သည်မှန်သော်လည်း သူစကားတစ်ခွန်းပြောတိုင်း အလွန်ပင် ခက်ခက်ခဲခဲပြောနေရခြင်းဖြစ်ကြောင်း ထန်ဟုန်ခံစားနားလည်လိုက်မိလေ၏။

သူသည် အဘိုးအိုအား ဟစ်ခဏမျှကြည့်ပြီးနောက် ရဲစိတ်တင်လိုက်၏။

"ငါယောကျ်ား... ဘာလို့ကြောက်ရမှာလဲ"

သူသည် ရှေ့သို့လျှောက်သွားပြီးလက်နှစ်ဖက်ဆုပ်၍ဂါရဝပြုလိုက်၏။

"ကျွန်တော်ထန်ဟုန် ရိုသေကိုင်းရှိုင်းစွာဖြင့် ဂါရဝပြုပါတယ် အဘိုး"

အဘိုးအိုက....

"ကောင်းပြီ မင်းမိုးကြိုးဓားပညာကိုတတ်တယ်ဆိုတာဟုတ်သလား"

ထန်ဟုန်က....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... နည်းနည်းပါးပါးတတ်ပါတယ်"

အဘိုးအိုက....

"ကောင်းပြီ... အစကနေအဆုံး ငါ့ကိုလေ့ကျင့်ပြစမ်း"

ထန်ဟုန် ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီ ခင်ဗျာ"

သူသည် ဓားကိုဆွဲထုတ်လိုက်သည်။

ထို့နောက် ဓားကိုပိုက်၍ အဘိုးအိုအားရိုသေကိုင်းရှိုင်းစွာဂါရဝပြုလိုက်၏။

ပြီးနောက်.... မိုးကြိုးဓားပညာကို စတင်လှုပ်ရှားလိုက်လေသည်။

ဓားလှုပ်ရှားသွားသည်နှင့် မိုးခြိမ်းသံများ ဖြစ်ပေါ်လာလေ၏။ သူသည် ပထမကွက်မှနဝမသိုင်းကွက်အထိလေ့ကျင့်ပြီးနောက် ရပ်တန့်ပြီး ဓားကိုပိုက်၍ အဘိုးအိုအား အရိုအသေပြုလိုက်လေ၏။

ထိုအချိန်တွင် အဘွားအို၏အသံထွက်ပေါ်လာလေသည်။

"ဖေဖေ... သဘောကျသလား"

ထိုအသံကြားလိုက်သဖြင့် ထန်ဟုန်ကလှမ်းကြည့်လိုက်ရာ အဘိုးအို၏နောက်ကွယ်တွင် အဘွားအိုနှင့်ဗုစုတို့ ရပ်နေကြသည်ကို တွေ့မြင်လိုက်ရလေ၏။

တစ်ဆက်တည်းပင်....



ထိုအဘိုးအိုမှာ အဘွားအို၏ဖခင်ဖြစ်သည်ဟုလည်း ထန်ဟုန်ကသိရှိနားလည်လိုက်၏။

အဘိုးအိုက....

"သူဟာ ငါ့ရဲ့သစ္စာဖောက်တဲ့တပည့်ထက်တော့သာတယ်"

အဘွားအိုက ထန်ဟုန်အားအော်ငေါက်လိုက်သည်။

"ထန်ဟုန်... ဆရာဘိုးဘိုးကိုဒူးထောက်ပြီး ဓားပညာခံယူဖို့ အသင့်ပြင်လေ၊ ဘာငိုင်နေတာလဲ"

ထန်ဟုန် ချက်ချင်းဒူးထောက်လိုက်၏။

သူသည် မိုးကြိုးဓားပညာကိုကျွမ်းကျင်စွာတတ်မြောက်ရတော့မည်ဟုသိရှိလိုက်သောကြောင့် ဝမ်းသာသွားလေသည်။

သို့သော်....

အတွေးတစ်ခုက သူ့ဦးနှောက်ထဲသို့တိုးဝင်လာပြန်၏။

"ထန်ဟုန်... မင်းသိပ်ဝမ်းသာမနေနဲ့၊ သူတို့ကမင်းကို မိုးကြိုးဓားပညာအစစ်အမှန်ကိုသင်ပေးမှာမှန်ပေမဲ့ သူတို့ကဘယ်သူတွေလဲ... လူဆိုးလား လူကောင်းလား မင်းသိသလား"

သူသည် ယင်းသို့တွေးလိုက်မိသည်နှင့် ဂါရဝပြုကန်တော့ရန်ပင်တွေဝေသွားလေသည်။

အဘိုးအိုက သူ၏သဘောထားကိုနားလည်သဘောပေါက်ဟန်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုဏ်းဝင်တဲ့လူဟာ တရားသဖြင့် သိုင်းလောကကိုကူညီစောင့်ရှောက်သစ္စာရှိရမယ်… ရိုးသားဖြောင့်မတ်ရမယ်၊ ဒါမှသာလျှင်မိုးကြိုးစားသမားပီသမှာ"

ထိုစကားကိုကြားလိုက်ရသောအခါ ထန်ဟုန်သည် ဖြစ်ပေါ်လာသောသံသယစိတ်များ လုံးဝကင်းရှင်းသွားလေသည်။

သူသည် ဒူးထောက်၍ကိုးကြိမ်တိတိကန်တော့လိုက်၏။

"ဘိုးဘိုးဆရာရှိုးမြင့်မဲ့ပညာကို တပည့် ကြိုးကြိုးစားစားခံယူပါ့မယ်၊ ကျေးဇူးလဲမမေ့ပါဘူး"

သူက ယင်းသို့ဂါရဝပြုလိုက်သည်နှင့် ရုတ်တရက် ဦးခေါင်းတစ်ခုလုံးထူပူသွားသည်ဟုခံစားလိုက်ရ၏။ ထိုအပူရှိန်သည် ငယ်ထိပ်ပေါ်ရှိ နိဝမ်ကုံးသွေးကြောထဲသို့တိုးဖောက်ဝင်ရောက်သွားပြီး တစ်ကိုယ်လုံးပူထူသွားသည်။

အပူရှိန်မှာ တဖြည်းဖြည်းလွန်ကဲလာ၏။

ထန်ဟုန်သည် မိမိ၏ခန္ဓာကိုယ်တစ်ခုလုံးကိုမီးတင်ရှို့ခြင်းခံလိုက်ရသည့်အလားခြစ်ခြစ်တောက်ပူလောင်လာလေသည်။ ထိုအပူရှိန်ကို အလူးအလှိမ့်ခံရင်း သူသတိလစ်မေ့မျောသွားလေတော့၏။

၀၀၀၀



မည်မျှ အချိန်ကြာမြင့်သွားသည်မသိ။

ထန်ဟုန် သတိပြန်လည်ရလာသောအခါ သူ၏ခြေလက်များကို နုနယ်သောလက်ဖဝါးနှစ်ခုက နှိပ်နယ်ပေးနေသည်ကို ခံစားသိရှိလာလေ၏။

ယင်းကဲ့သို့နှိပ်နယ်ပေးနေသောကြောင့် ခန္ဓာကိုယ်တစ်ခုလုံးသက်တောင့်သက်သာဖြစ်လာလေသည်။

"ဘွားဘွား… ကျွန့်မနှိပ်ပေးတာ သုံးကြိမ်တိတိရှိပါပြီ၊ သူသတိမရသေးပါလား"

စုစု၏စကားသံဖြစ်ကြောင်း ထန်ဟုန်သိလိုက်သည်။ မရှေးမနှောင်းမှာပင် အဘွားအို၏စကားသံထွက်ပေါ်လာသည်။

"သူ့မျက်လွှာလှုပ်ရှားနေတာကိုမတွေ့ဘူးလား"

ထိုစကားကြားသည့်အခါ စုစုသည် ထန်ဟုန်၏ဝါးကိုင်သွေးကြောနေရာသို့လက်ဝါးဖြင့်ပုတ်လိုက်ရာ ထန်ဟုန်ရုတ်တရက်ထထိုင်လာ၏။

သူမျက်လုံးဖွင့်ကြည့်ရန် မျက်လွှာပင့်လိုက်သောအခါ စူးရှသောနေရောင်ခြည်ကိုထိတွေ့ခံစားလိုက်ရလေသည်။

သူသည် နေပူရှိန်အောက်တွင်ရောက်ရှိနေကြောင်းသိရှိလိုက်ရလေသည်။

အဘွားအို၏အသံထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ထန်ဟုန်... လက်နက်မဲ့သိုင်းလေ့ကျင့်လိုက်စမ်း"

ထန်ဟုန်သည် သူ့အားစတင်သင်ကြားပေးခဲ့သောအခြေခံလက်နက်မဲ့သိုင်းပညာကိုလေ့ကျင့်လိုက်၏။ သူသည် ယင်းသို့လေ့ကျင့်လိုက်သောအခါ အလွန်အံ့ဩသွားမိ၏။

အလွန်ရိုးစင်းလှသော အခြေခံလက်နက်မဲ့သိုင်းပညာကို လေ့ကျင့်ရာတွင် အရိုးအဆစ်များ တဖျောက်ဖျောက် အသံမြည်လာပြီး လက်သီးနှစ်ဖက်ဝေ့ယမ်းလိုက်သောအခါ...

လေသံများတဟူးဟူးထွက်ပေါ်လာသည်ကို....

ကြားလိုက်ရသောကြောင့်ဖြစ်သည်။

မိမိ၏အတွင်းအားများ မယုံကြည်နိုင်ဖွယ်ကောင်းလောက်အောင် အဆပေါင်းများစွာတိုးတက်လာသည်ကိုတွေ့လိုက်ရ၏။

သူသည် လက်နက်မဲ့သိုင်းတစ်စုံကိုလေ့ကျင့်ပြီးနောက် ရပ်တန့်လိုက်၏။

မိမိနှင့်တစ်လံခန့်အကွာတွင် အဘွားအိုနှင့်စုစုတို့ကရပ်ကြည့်နေသည်ကိုတွေ့မြင်ရလေသည်။

အဘွားအိုက ကျေနပ်အားရဟန်ဖြင့်ခေါင်းညိတ်ကာ....

"ဒီသူငယ်အောင်မြင်သွားရင် ဓားဘီလူးထက်သာလိမ့်မယ်"

ဟုမှတ်ချက်ချလေသည်။

ထို့နောက် စုစုဘက်သို့လှည့်လိုက်၏။



"သူ့ကိုညည်းလက်ထဲအပ်လိုက်ပြီ၊ သုံးရက်အတွင်းဓားပညာပြီးဆုံးအောင်သင်ပေးရမယ်"

စုစုခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါဘွားဘွား"

အဘွားအိုက....

"နောက်ဆုံးသိုင်းကွက်ဖြစ်တဲ့ ဓားပင်လယ်ကျယ်သရွေ့ သိုင်းကွက်ကိုတော့ သေသေချာချာသင်ပေးလိုက်ပါ"

စုစုခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်ကဲ့ပါဘွားဘွား"

တစ်ဆက်ပင်....

"သုံးရက်ကြာပြီးနောက်မှာ ကျွန်မလဲ သူ့နောက်ကို လိုက်သွားရမယ်မဟုတ်လား"

ဟုမေးလိုက်၏။

အဘွားအိုက....

"ဘာလဲ... ညည်းကသိပ်သွားချင်နေပြီပေါ့"

အဘွားအိုသည် စကားဆုံးသည်နှင့် ချာခနဲလှည့်ကာထွက်ခွာသွားလေသည်။ ထန်ဟုန်က အဘွားအိုအား ကျေးဇူးတင်စကားပြောရန် စိတ်ဆန္ဒရှိနေသော်လည်း ယခု သူသည် မိုးကြိုးဂိုဏ်းသားတစ်ယောက်ဖြစ်နေပြီဖြစ်၍....

www.burmeseclassic.com

www.burmeseclassic.com



မည်ကဲ့သို့ခေါ်ဝေါ်ရမည်ကိုမသိရသဖြင့် ကျေးဇူးတင်စကား မပြောလိုက်မိချေ။

ထိုစဉ် စုစုထံမှစကားသံထွက်ပေါ်လာ၏။

"အချိန်မရှိဘူး၊ ကဲလာ... ကျွန်မနောက်ကိုလိုက်ခဲ့"

သူမ၏အသံမှာ အေးစိမ့်မြဲအေးစိမ့်နေ၏။ သို့သော် ယခုအခါတွင် သူသည် အေးစိမ့်နေသည်ဟုမခံစားရတော့ပါ။

စုစုသည် လေဟုန်စီး၍ထွက်ခွာသွား၏။

ထန်ဟုန်က နောက်မှလိုက်သွား၏။

သူသည် ယင်းသို့လိုက်သွားရာခါတိုင်းနေ့နှင့်မတူတော့သည်ကိုထူးထူးခြားခြားပင်သတိပြုမိလိုက်၏။ အကြောင်းမှာ ခါတိုင်းဆိုလျှင် သူသည် စုစုနောက်သို့လိုက်ပါသွားရာ၌ စုစုကိုအမီလိုက်ရန်အလွန်ခက်ခဲပင်ပန်းခဲ့သည်။ ယခုမူ လိုက်၍မမီနိုင်သေးသော်လည်း ယခင်ကလောက် ခက်ခဲပင်ပန်းခြင်းမရှိတော့ပါ။

၀၀၀၀



ဓားပင်လယ်ကျယ်သခွေ့

ဤနေရာမှာ စိမ်းလန်းစိုပြေသောမြက်ခင်းပြင်တစ်ခုရှိ၏။ မြက်ခင်းပြင်၏ပတ်ဝန်းကျင်တစ်ခုလုံးမှာ မိုးမခပင်များ အစီအရီရှိနေကြ၏။

အပြင်ဘက်မှနေ၍ကြည့်လိုက်လျှင် အတွင်းဘက်ကို လုံးဝမမြင်တွေ့ရချေ။ ယခု... စုစုနှင့်ထန်ဟုန်တို့မှာ ဤမြက်ခင်းနေရာသို့ရောက်ရှိလာကြ၏။

စုစုက ထန်ဟုန်အားမိုးကြိုးဓားပညာ၏အနှစ်သာရကို စတင်သင်ကြားပေးရန်အသင့်ဖြစ်နေ၏။

ထန်ဟုန်က သူ့ဓားကိုလှမ်းပေးလိုက်သည်။

စုစုကခေါင်းခါယမ်း၏။

"ဓားမလိုပါဘူး"

ထန်ဟုန်က....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဓားကိုမကြိုက်လို့လား"

စုစုကခေါင်းခါလိုက်သည်။

"မဟုတ်ဘူး... ဒီဓားကိုစတွေ့ကတည်းက ကျွန်မသဘောကျမိပါတယ်"

ထန်ဟုန်က....

"ဒါဖြင့် ယူလေ မမက ကျုပ်ကိုဓားပညာသင်ပေးမှာမဟုတ်လား"

ထန်ဟုန်သည် မိုးကြိုးဂိုဏ်းဝင်တစ်ယောက်ဖြစ်လာသောကြောင့် စုစုကိုကျင်းကူးလျှံဟုခေါ်နေရာမှ မမဟုပြောင်းလဲခေါ်လိုက်ခြင်းဖြစ်၏။

သူက စုစုထက်အသက်ငယ်ရွယ်နေ၍ မမဟုခေါ်ဝေါ်လိုက်ခြင်းမဟုတ်ပါ။

စုစုသည် မိမိထက်ဦးစွာ မိုးကြိုးဂိုဏ်းဝင်တစ်ယောက်ဖြစ်ခဲ့သောကြောင့် မမဟုတင်စားခေါ်လိုက်ခြင်းဖြစ်လေသည်။

စုစုက ဓားကိုလက်မခံသည့်အကြောင်းကိုပြောပြလိုက်၏။

"အမှန်တော့ ဓားပညာဆိုတာဓားကိုအသုံးပြုတတ်မှမဟုတ်ပါဘူး။ ဘယ်လိုအရာမျိုးကိုမဆို ဓားလိုအသုံးပြုတတ်မှသာ ထိပ်ဆုံးအဆင့်ဓားသမားတစ်ယောက်လို့ခေါ်နိုင်ပါတယ်"

သူမက ပြောပြီးနောက်....



အနီးရှိ သစ်ပင်တစ်ပင်မှသစ်ကိုင်း တစ်ကိုင်းကိုချိုးလိုက်၏။ ထို့နောက် သစ်ကိုင်းပေါ်မှအရွက်များကိုခြွေချလိုက်၏။

သူမက ဆက်၍ရှင်းပြသည်။

"ကျွန်မက သစ်ကိုင်းကိုပဲဓားအနေနဲ့အသုံးပြုနိုင်တဲ့အတွက် အဆင့်မီဖို့လိုပါသေးတယ်"

ထန်ဟုန်သည် ထိုစကားကြားရသောအခါ အံ့ဩ၍မဆုံးနိုင်အောင်ဖြစ်သွားရလေသည်။ စုစုက....

"ကဲ... သတိထားကြည့်ပါ"

ပြောပြောဆိုဆိုပင် သူမသည် ဓားပညာကိုစတင်လိုက်လေတော့၏။ သူမ၏ဓားကွက်ကိုတွေ့သည်နှင့် ထန်ဟုန်အံ့ဩသွား၏။

"ဟင်.... မမက ဘာဖြစ်လို့နောက်ဆုံးသိုင်းကွက်ကိုစလိုက်ရတာလဲ"

စုစုက....

"ရှင်က မိုးကြိုးဓားသိုင်းကို ကိုးကွက်အထိတတ်ထားပြီးပြီမဟုတ်လား"

ထန်ဟုန်က....

"ဟုတ်တော့ဟုတ်ပါတယ်... ဒါပေမဲ့ ချို့ယွင်းချက်တွေအများကြီးရှိနေတယ်လို့ ကျုပ်ယုံကြည်မိလို့ပါ"

စုစုက....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသိတယ်… ဒါကြောင့် အဲဒီနောက်ဆုံးသိုင်းကွက်ဖြစ်တဲ့ဓားပင်လယ်ကျယ်သရွေ့ကို အဓိကထားပြီးသင်ပေးနေတာပေါ့"

ထန်ဟုန်မျက်နှာရှုံ့မဲ့သွားသည်။

"ကျုပ်တော့ နားမလည်နိုင်တော့ဘူးမမရယ်"

စုစုက….

"မိုးကြိုးဓားရဲ့အစွမ်းထက်ဆုံးသောချက်ဟာ အဲဒီနောက်ဆုံးကွက်ဖြစ်တဲ့ ဓားပင်လယ်ကျယ်သရွေ့ပဲဖြစ်တယ်"

သူမက ဆက်လက်ရှင်းပြလိုက်သည်။

"ဒီဓားပင်လယ်ကျယ်သရွေ့သိုင်းကွက်ဟာ သူ့သိုင်းကွက်တစ်ကွက်ထဲကိုသာအသုံးချမယ်ဆိုရင် သူ့ရဲ့လျှို့ဝှက်ချက် သူ့ရဲ့အစွမ်းထက်မြက်ပုံကိုတွေ့နိုင်မှာမဟုတ်ဘူး"

ထန်ဟုန်က…

"ဘာဖြစ်လို့လဲမမ"

စုစုက….

"အဲ့ဒီ ဓားပင်လယ်ကျယ်သရွေ့ဆိုတဲ့သိုင်းကွက်ဟာ အမှန်တော့ ပထမရှိတဲ့သိုင်းကွက်ကိုးကွက်ထဲမှာထည့်ပြီး အသုံးပြုရတယ်၊ ဒါမှ သိုင်းကွက်တိုင်းမှာ ပိုပြီး အားဖြည့်ပေးတဲ့သဘောရောက်သွားတဲ့အပြင် ရန်သူကိုလဲ မျက်စိလည်သွားအောင်လုပ်နိုင်တဲ့ပရိယာယ်တစ်ခုဖြစ်ပါတယ်"



ထန်ဟုန်သည် သိုင်းပညာဘက်တွင် ပါရမီရှိသူတစ်ယောက်ဖြစ်ရာ ချက်ချင်းပင်နားလည်သဘောပေါက်သွားလေ၏။ မိမိနှင့်စုစုတို့သည် မိုးကြိုးဓားသိုင်းပညာကိုအတူတူပင် တတ်မြောက်ထားခဲ့ကြသည်ချည်းသာဖြစ်သည်။ သို့သော် တကယ်တမ်းယှဉ်ပြိုင်သည့်အခါ စုစုကိုမယှဉ်နိုင်ဘဲဖြစ်နေခဲ့သည်။

အဘယ့်ကြောင့် မယှဉ်နိုင်ဘဲဖြစ်နေရသည်ကို အစက နားမလည်ခဲ့ချေ။ ယခုမှ ထိုလျှို့ဝှက်ချက်ကိုလုံးဝမသိသောကြောင့်ဖြစ်သည်ကို နားလည်သဘောပေါက်လာလေသည်။

"ကျုပ်သဘောပေါက်ပြီမမ"

"ကောင်းပြီ… ကျွန်မတို့မှာ လေ့ကျင့်ဖို့ သုံးရက်ပဲအချိန်ရှိတယ်၊ ဒါကြောင့် သေသေချာချာကြည့်ပါ"

သူမသည် နောက်ဆုံးသိုင်းကွက်ဖြစ်သောဓားပင်လယ်ကျယ်သရွေ့ကို လက်တွေ့သင်ကြားပေးလိုက်လေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်မောင်နမ

ထန်ဟုန်သည် မိုးကြိုးဓားပညာ၏နောက်ဆုံးသိုင်းကွက်ဖြစ်သော 'ဓားပညာကျယ်သရွေ့'သိုင်းကွက်ကို စတင်လေ့ကျင့်သည်။

သူသည် ငယ်ရွယ်သူတစ်ယောက်ဖြစ်၏။

သိုင်းပညာပါရမီရှိသော သိုင်းမိသားစုဝင်တစ်ဦးလည်းဖြစ်ပေ၏။ ထို့ကြောင့် မိုးကြိုးဓားပညာ၏အဓိကသော့ချက်ဖြစ်သော ဓားပင်လယ်ကျယ်သရွေ့သိုင်းပညာကိုလက်တွေ့လေ့ကျင့်သောအခါ စုစုပြောသည့်သဘောတရားများကို စံနမူနာထား၍ပေါင်းစပ်လေ့ကျင့်ရာတွင် သူသည်'ဓားပင်လယ်ကျယ်သ၍'သိုင်းကွက်၏ရှေ့တွင်ပါရှိသောသိုင်းကွက်ကိုးကွက်တဲသို့ ပြောင်းလဲဖြည့်စွက်အသုံးပြုလိုက်သည်။ ထိုအခါ မိုးကြိုးဓားပညာသည် ဆထက်တံပိုးစွမ်းရည်ထက်လာသည်ကိုတွေ့ရှိလိုက်ရ၏။

ထို့ကြောင့် သူသည် ဝမ်းသာအားရဖြင့် ကြိုးစားလေ့ကျင့်လေတော့၏။



ထိုသုံးရက်တွင် အဘွားအိုမှာ တစ်ခေါက်တလေမျှပင် ရောက်ရှိမလာပါ။ သူကလည်း မမေးပါ။

သိုင်းပညာကိုသာဖိ၍လေ့ကျင့်နေ၏။

သူသည် နောက်ဆုံးသိုင်းကွက်ကို တတိယနေ့တွင် လေ့ကျင့်အောင်မြင်ခဲ့လေ၏။ ထိုအခါကျမှ သူကမနေနိုင်တော့ဘဲ စုစုအားမေးလိုက်လေ၏။

"မမ ဘွားဘွားဘယ်ရောက်သွားတာလဲဟင်၊ မတွေ့ပါလား"

စုစုက....

"သူအပြင်ထွက်သွားတယ်"

ထန်ဟုန်အံ့ဩသွား၏။

"ဘွားဘွားက ဒီတောင်ကြားကနေဘယ်မှမသွားဘူးလို့သိရတယ်၊ အခုဘာကိစ္စနဲ့ထွက်သွားရတာလဲ"

စုစုက....

"သူက ကျွန်မတို့အတွက် အစီအစဉ်လုပ်စရာရှိတာတွေလုပ်နေတာနဲ့တူတယ်"

ထန်ဟုန်က....

"ဟုတ်လား... ဒါဖြင့် မမနဲ့ကျုပ် ဒီနေရာကနေ ထွက်သွားရမှာပေါ့"

စုစုကခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ထန်ဟုန်က သူမအားကြည့်လိုက်၏။

"အနုလိုခရီးထွက်မယ်ဆိုတော့ မမပျော်ရဲ့လားဟင်"

စုစုက....

"ပျော်တာပေါ့"

သူမကစကားဆက်လိုက်သည်။

"ကျွန်မဟာ လူမှန်းသူမှန်းသိတတ်စအရွယ်ကစပြီး ဒီတောင်ကြားမှာပဲနေတယ်၊ ဘယ်နေရာကိုမှမရောက်ခဲ့ပါဘူး"

ထန်ဟုန်က စုစု၏ဘဝကိုနားလည်လိုက်၏။ စုစု၏ဘဝသည် ငယ်စဉ်ကတည်းက လူထူးလူဆန်းနှစ်ယောက်ကြားတွင် တစ်လှည့်စီနေထိုင်ခဲ့ရသည်မဟုတ်ပါလော။

တစ်ယောက်က ရက်စက်ကြမ်းကြုတ်၏။

ကျန်တစ်ယောက်က ရေခဲတောင်ကဲ့သို့ တစ်ချိန်လုံး ပြုံးပြုံးရယ်ရယ်မရှိဘဲ မျက်နှာထားတင်းနေ၏။

စကားပြောရာတွင်လည်း မေတ္တာကရုဏာဟူ၍လုံးဝပါဝင်မှုမရှိဘဲပြောဆိုသည်များကို နေ့စဉ်နှင့်အမျှထိတွေ့လာရ၍...

သူမသည်လည်း တစ်နေ့တခြား စကားပြောရာတွင် အေးစက်ပြီး နွေးထွေးမှုမရှိ....

ရင်ထဲတွင်လည်းခံစားမှုမရှိ မေတ္တာဟူသောခံစားမှုလည်းမရှိ



တစ်ယောက်နှင့်တစ်ယောက်ကိုယ်ချင်းစာနာမှု၊ ရိုင်းပင်းကူညီမှုဆိုသည်မှာလည်း သူမနှင့်မသက်ဆိုင်သည့်အလား ရှိနေခဲ့ရသည်မဟုတ်ပါလော။

ထို့ကြောင့် ဤကမ္ဘာလေးထဲတွင်နေထိုင်ကြသော ထိုလူသုံးယောက်တို့သည် လူသားများပင်ဖြစ်ကြသည်ဆိုသော်လည်း အမှန်စင်စစ် ရေခဲတောင်သုံးလုံးတည်ရှိနေသည်နှင့်တူလှပေသည်။

ယခုမှမူ သူတို့၏ရေခဲတောင်ကမ္ဘာထဲသို့ လူတစ်ယောက်၏စိတ်ဓာတ်အပြည့်အဝရှိနေသော ထန်ဟုန်တစ်ယောက်ရောက်ရှိလာသည့်အခါ ရေခဲတောင်ကြီးနှစ်လုံးမှာ မည်သို့မှထူးခြားမှုမရှိသော်လည်း ရေခဲတောင်ကလေးတစ်လုံးဖြစ်သော စုစုမှာမူ စတင်အရည်ပျော်လာလေတော့၏။

ထန်ဟုန်သည် သူမအပေါ်ယုယသည်။

ကိုယ်ချင်းစာသည်။

စကားပြောဆိုရာ၌လည်း မေတ္တာကရုဏာမြှုပ်ဝင်နေသည်မဟုတ်ပါလား။

တစ်ခါတစ်ရံ သူသည် ပြင်ပလောက၏အကြောင်းများအပြင် လောက၏သာယာမှုများ စသည်စသည်တို့ကိုပြောပြခဲ့သောကြောင့် တိုတောင်းလှသောရက်အနည်းငယ်အတွင်းမှာပင် စုစုသည် စတင်ပြောင်းလဲလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းလဲကြီး ပြောင်းလဲခြင်းမဟုတ်သော်ငြားလည်း သူမ၏တင်းမာသောမျက်နှာထားမှာ ယခုအခါ ပြုံးယောင်သမ်းလာ၏။

သူမ ပြောလိုက်သောစကားလုံးများသည် နွေးနွေးထွေးထွေးမရှိသေးသော်လည်း....

ယခင်ကကဲ့သို့ အေးစိမ့်ခက်ထန်ခြင်းမရှိတော့ပါ။

ထို့ပြင် သူမသည် ထန်ဟုန်အပေါ် တုံ့ပြန်ဂရုစိုက်လာသည်ကိုလည်း ထန်ဟုန်ကကောင်းစွာခံစားလာမိလေ၏။

ထို့ကြောင့် ဤတိုတောင်းသောသုံးရက်အတွင်း စုစုသည် အခြားလူတစ်ယောက်ဖြစ်သွားသည့်အလား သိသာစွာပြောင်းလဲလာသည်ကို ထန်ဟုန်သိရှိခံစားလာမိလေသည်။

၀၀၀၀



ယနေ့သည်.... ခေါ်းပညာလေ့ကျင့်ခန်းပြီးဆုံးသွားသောတတိယနေ့ညနေဖြစ်သည်။ ထန်ဟုန်သည် အဘွားအိုပြန်ရောက်လာသည်ကိုမတွေ့ရသဖြင့်....

"မမ ဘွားဘွားမရောက်သေးဘူးလား"

စုစုက နီရဲနေသောနေလုံးကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ပြီးမှ....

"ဘွားဘွားက နေဝင်ရင် ပြန်လာမယ်လို့ပြောတယ်၊ ရောက်လာတော့မယ်နဲ့တူတယ်"

သို့သော် နေလုံးကြီးလုံးဝပျောက်ကွယ်သွားသည့်တိုင် အောင်ဘွားဘွားကပေါ်မလာသေးပါ။ စုစုကပင်လျှင် စိုးရိမ်ပူပန်သည့် ဟန်အမူအရာမျိုးထင်းခနဲပေါ်လာသည်ကိုတွေ့ရလေ သည်။

သို့သော် သူမကဘာမှမပြောဘဲပါးစပ်ပိတ်ထားလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



နေလုံးကြီးလုံးဝပျောက်ကွယ်သွားပြီဖြစ်လေသည်။

အဘွားကြီးသည် လုံးဝရောက်မလာသေးပါ။

ထန်ဟုန်ကမမေးတော့ပါ။ မေးလျှင်လည်း စုစုကဖြေမည်မဟုတ်မှန်း သူနားလည်ထားသည်မဟုတ်ပါလော။

ထိုအချိန်တွင် စုစု၏အသံထွက်ပေါ်လာလေသည်။

"ဟော… ဘွားဘွားပြန်လာပြီ"

ထန်ဟုန်လှမ်းကြည့်လိုက်သည်။

လူရိပ်ကိုပင် မတွေ့ရသေးပါ။

ထို့ကြောင့် သူ မယုံကြည်ပါ။

စုစုကစကားဆက်လိုက်သည်။

"ဘွားဘွား… ဘာတွေစိတ်ဆိုးပြီး ပြန်လာတာလဲမသိဘူး"

ထန်ဟုန်သည် ဘွားဘွားပြန်မရောက်သေးကြောင်းပြောရန် ပါးစပ်ဟလိုက်သည်။

ထိုအချိန်မှာပင်….

အကျီစ လေတိုးသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သူလှည့်ကြည့်လိုက်သောအခါ အဘွားအိုသည်မည်သည့်အချိန်ကရောက်လာမှန်းမသိဘဲ သူ့နောက်တွင်ရောက်နေသည်ကို ရုတ်တရက်တွေ့ရှိလိုက်ရလေ၏။



စုစုပြောပြထားသည့်အတိုင်းပင်….

အဘွားအို၏မျက်နှာတစ်ခုလုံး ဒေါသရောင်သမ်းနေသည်ကိုတွေ့ရလေသည်။ သူက ကမန်းကတမ်းဂါရဝပြုလိုက်သည်။

"ဘွားဘွားကိုဂါရဝပြုပါတယ်"

အဘွားအိုက သူ့အားလှည့်မကြည့်ဘဲ စုစုဘက်သို့လှည့်ကာ တိုတိုတုတ်တုတ်ပြောလိုက်၏။

"စုစု မင်းတို့ခရီးထွက်စရာရှိတာတွေ အမြန်ဆုံး ပြင်ဆင်ပေတော့"

အဘွားအို၏စကားကြောင့်….

စုစုပင် အံ့သြသွားရလေသည်။

"အခုပဲ ချက်ချင်းသွားရမှာလားဘွားဘွား"

အဘွားအိုခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

စုစုက….

"ထန်ဟုန် မိုးကြိုးဓားသိုင်းပညာရှင်ဖြစ်တဲ့ အခမ်းအနားလဲ မလုပ်ရသေးပါလား"

အဘွားအိုက….

"ဒါလွယ်ပါတယ်… အခုပဲ ငါသူ့ကိုတပည့်တစ်ယောက်အနေနဲ့ အသိအမှတ်ပြုလိုက်ရင်ပြီးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စုစုအံ့သြသွားရပြန်၏။

"သူကဓားဘီလူးရဲ့ ဂိုဏ်းဝင်တစ်ယောက်အဖြစ် ကျမ်းသစ္စာကျိန်ဆိုရမယ်မဟုတ်လား"

အဘွားအိုခေါင်းခါယမ်းလိုက်သည်။

"မလိုတော့ဘူး... သူ့ကိုယ်စား ငါပဲလက်ခံလိုက်မယ်"

စုစုမှာအံ့သြသွားသော်လည်း စောဒကမတက်တော့ပါ။

သို့သော် မေးစရာကျန်နေသေးသဖြင့်....

"နောက်ပြီး တာဝန်ယူလက်ခံရမဲ့အပိုင်းလဲ ကျန်သေးတယ်မဟုတ်လား"

ဟုမေးလိုက်ရာ....

အဘွားအိုက သူမ၏စကားကိုဖြတ်လိုက်၏။

"ဒါလွယ်ပါတယ်... ညည်းကိုငါတာဝန်ပေးလိုက်မယ်၊ ညည်းကနေတစ်ဆင့် သူ့ကိုတာဝန်ပေးလိုက်ပေါ့"

စုစုမှာအံ့သြသွားသော်လည်း ဘာမျှဆက်မပြောတော့ဘဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါဘွားဘွား"

အဘွားအိုက....

"နင်တို့ထွက်သွားပြီးတာနဲ့ ငါလဲထွက်သွားရတော့မှာ"

အဘွားအို၏စကားကြောင့် စုစုမှာအံ့အားသင့်သွား၏။



"ဘွားဘွားကဘာကိစ္စနဲ့ထွက်သွားရမှာလဲ၊ ကျွန်မတို့ကို စိတ်မချလို့လား"

အဘွားအိုခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

အဘွားအိုက....

"ဟို... သေနာရှူးကထွက်သွားပြီ၊ ဒီတစ်ခါထွက်သွားတာ အကောင်းထွက်သွားတာလို့ငါမထင်ဘူး။ ဒါကြောင့် ငါမထွက်လို့ မဖြစ်ဘူး"

"ကျွန်မနားလည်ပြီ... ဘွားဘွား အခုလို အိုးပစ်အိမ်ပစ်ထွက်သွားရလောက်အောင် အရေးတကြီးဖြစ်နေတာ ဆရာ့အတွက်မဟုတ်လား"

အဘွားအိုခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူမက စကားဆက်လိုက်၏။

"ငါထွက်ရတဲ့အခြားအကြောင်းရင်းတစ်ခုကတော့ မင်းတို့ရဲ့ အသက်ကယေယေ့ရွယ်ရွယ်ပဲရှိသေးတယ်၊ သိုင်းလောကအတွေ့အကြုံ အင်မတန်နုနယ်သေးတယ်၊ မင်းတို့ရင်ဆိုင်ရမဲ့ နန်းစိမ်းရသေ့ဟာ ဥာဏ်တော်တော်များတယ်၊ ဒါကြောင့် မင်းတို့ကိုတိတ်တဆိတ်

www.burmeseclassic.com

www.burmeseclassic.com



ကူညီနိုင်ဖို့ ငါမသွားလို့မရဘူး"

စုစုမျက်မှောင်ကုပ်သွားသည်။

"ကျွန်မတို့ရင်ဆိုင်ရမဲ့လူဟာ နန်းစိမ်းရသေ့ဟုတ်လား"

အဘွားအိုကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူနဲ့ငါတို့နဲ့ ကတိစကားတစ်ခုပြုထားခဲ့ကြတာရှိတယ်"

"ပြောပြပါလားဘွားဘွား"

အဘွားအိုက....

"ပြောပြရမှာပေါ့... ဒီလိုကွယ့် သူနဲ့ငါ ဘယ်လိုကတိကဝတ်ပြုထားကြသလဲဆိုရင် သူကတပည့်တစ်ယောက်နှစ်ယောက်ကိုရှာပြီးပြုစုပျိုးထောင်ပေးမယ်၊ ငါတို့လဲဒီအတိုင်းပဲ တပည့်တစ်ယောက်နှစ်ယောက်ကိုရှာပြီးပြုစုပျိုးထောင်ရမယ်၊ နောက် သူတို့တတွေကိုသိုင်းပညာသင်ပေးပြီးယှဉ်ပြိုင်ခိုင်းရမယ်၊ နိုင်တဲ့လူဟာ အဲဒီရတနာပစ္စည်းကိုရမယ်"

"အဲဒီရတနာပစ္စည်းဆိုတာ ဘာလဲဘွားဘွား"

စုစုကမေးလိုက်သည်။

အဘွားအိုက....

"ဒီရတနာပစ္စည်းဆိုတာ မင်းဆရာ အခုရရှိထားတဲ့ဝေဒနာကိုပျောက်ကင်းအောင်ကုသပေးနိုင်တဲ့ပစ္စည်းတစ်ခုပါ"



တစ်ချိန်လုံး နားစွင့်နေသောထန်ဟုန်သည် ယခုမှ အနည်းငယ်သဘောပေါက်နားလည်လာ၏။ အဘွားအိုက....

"အေး... ညည်းတို့မှတ်ထားဖို့ဟာ ဆရာ့ရဲ့ဝေဒနာပျောက်ကင်းဖို့ မပျောက်ကင်းဖို့ဆိုတာ မင်းတို့အပေါ်မှာမူတည်နေတယ်"

စုစုကလက်အုပ်ချီ၍ဂါရဝပြုလိုက်၏။

"စိတ်ချပါဘွားဘွား... ကျွန်မတတ်စွမ်းသမျှကြိုးစားပြီး သူတို့ကိုအနိုင်ယှဉ်ပြိုင်ပြီးတော့ ပစ္စည်းရအောင်ယူခဲ့ပါ့မယ်"

အဘွားအိုကခေါင်းညိတ်လိုက်၏။

"အေး... ဒီစကားကြားရတာ ငါဝမ်းသာတယ်"

သူမက ထန်ဟုန်အားလှည့်ကြည့်လိုက်၏။

ထန်ဟုန် ကမန်းကတမ်းဂါရဝပြုလိုက်၏။

"ကျွန်တော်လဲအစွမ်းကုန်ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်ဘွားဘွား"

အဘွားအိုခေါင်းညိတ်လိုက်၏။

"အေး... ငါယုံကြည်တယ်"

သူမကစကားဆက်လိုက်သည်။

"မင်းကိုငါ နောက်မှတပည့်အဖြစ်လက်ခံလိုက်ပေမဲ့ မင်းအသက်ကစုစုထက်ကြီးတယ်၊ ဒါကြောင့် မင်းတို့နှစ်ယောက် အစ်ကိုနဲ့ညီမလို့ခေါ်ကြရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်နဲ့စုစုတို့ ပြိုင်တူခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါဘွားဘွား"

အဘွားအိုက စုစုအားလှည့်ကြည့်လိုက်၏။

"ကဲ… စုစု မင်းတို့ပြင်ဆင်ပြီးတာနဲ့ အခုချက်ချင်းခရီးသွားနိုင်ပြီ"

စုစုနှင့်ထန်ဟုန်တို့ ပြိုင်တူဂါရဝပြုလိုက်ကြ၏။ သူတို့ခေါင်းပြန်မော့လိုက်သောအခါ အဘွားအိုအားမတွေ့ရတော့ပါ။

စုစုက ထန်ဟုန်အားခေါင်းညိတ်ပြလိုက်၏။

"ဘွားဘွားတော့သွားပြီ…. ကျွန်မတို့လဲ အမြန်ဆုံးသွားကြရအောင်"

ဟုပြောလိုက်လေသည်။

၀၀၀၀



စွမ်းသုံကျု

ထန်ဟုန်နှင့်စုစုတို့မှာ အဝတ်အစားကိုယ်စီထုပ်ပိုးပြီး ခရီးစတင်ထွက်ခွာရန် ခြေလှမ်းလှမ်းလိုက်ကြသည်။

ထိုအချိန်မှာပင်…. အဘွားအိုထံမှစကားသံ ရုတ်တရက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေ၏။

"ခဏနေဦး"

သူတို့နှစ်ဦးမှာ ခြေလှမ်းရပ်တန့်ပြီး အဘွားအိုအား ပြန်လှည့်ကြည့်လိုက်မိကြ၏။

စုစုက….

"မှာစရာရှိသေးလို့လားအဘွား"

အဘွားအိုခေါင်းညိတ်၏။

"ဟုတ်တယ်… အရေးကြီးတဲ့အချက်နှစ်ချက်ပြောဖို့ မေ့သွားတာနဲ့တစ်ခေါက် ပြန်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



စုစုခေါင်းညိတ်လိုက်သည်။

"အမိန့်ရှိပါအဘွား"

အဘွားအိုက....

"ပထမအချက်ကတော့ မင်းတို့နှစ်ယောက် ငါးလငါးရက်မွန်းတည့်ချိန်မှာ ကျန်းလောင်စန်းတောင်ကိုအချိန်မီရောက်အောင် သွားကြဖို့ပဲ"

စုစုခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါအဘွား"

အဘွားအိုက ဆက်ပြောလိုက်သည်။

"ဒုတိယအချက်ကတော့ ညည်းနဲ့ပတ်သက်တယ်၊ ဒါကြောင့် သေချာနားထောင်ပါ"

စုစုမျက်မှောင်ကုပ်သွား၏။

"ပြောပါအဘွား"

အဘွားအိုက....

"အခု ညည်းတို့လုပ်ရမယ့်တာဝန်ကို ညည်းကိုယ်တိုင်ဦးစီးဦးဆောင်ထမ်းရွက်ရမှာဖြစ်တယ်၊ ဒါပေမဲ့ ထန်ဟုန်က ညည်းထက်အသက်ကြီးတယ်၊ သိုင်းလောကအတွေ့အကြုံလဲ ညည်းထက်အများကြီးသာတယ်... ဒါကြောင့် အစစအရာရာ ကိုယ့်သဘောကိုယ် မလုပ်မိစေနဲ့၊ သူနဲ့တိုင်ပင်ပါ"



စုစုခေါင်းညိတ်၏။

"စိတ်ချပါအဘွား"

အဘွားအိုက....

"ဒါဖြင့် ငါစိတ်ချသွားပြီ"

သူမသည် ယင်းသို့ပြောပြီး ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်သည်နှင့် မြင်ကွင်းမှတစ်မုဟုတ်ချင်း ပျောက်ကွယ်သွားပြန်လေသည်။

ထန်ဟုန်သည် အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော အဘွားအို၏ကိုယ်ဖော့ပညာကိုမြင်တွေ့လိုက်ရသောအခါ အံ့သြမဆုံးနိုင်အောင်ဖြစ်သွားရလေသည်။

သူသည် အဘွားအိုပျောက်ကွယ်ရာဘက်သို့ ငေးမောလှမ်းမျှော်ကြည့်နေစဉ် စုစု၏အသံထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

"သွားကြမယ်"

သူမ၏အသံမှာ အေးစိမ့်မြဲအေးစိမ့်နေလေသည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် မိခင်ရှိရာကျန်းလောင်စန်းတောင်သို့ သွားရန် ဆန္ဒပြင်းပြခဲ့၏။

အဘွားအိုက သူ့အားတာဝန်ပေးမည်ဟုကြားသိရသောအခါ သူသည် ကျန်းလောင်စန်းတောင်သို့သွားရောက်ရန် အခွင့်အရေးမရှိတော့ဟု စိတ်ထဲတွင်ထင်မှတ်မိခဲ့သည်

အဘွားအို၏အမိန့်ကိုမလွန်ဆန်ဝံ့၍သာ ဘာမှမပြောဘဲနေခဲ့ရသော်လည်း....

အမှန်တော့ သူ့စိတ်ထဲတွင် လုံးဝမသွားလိုပါ။

သို့သော်....

ယခု သူ တာဝန်ထမ်းဆောင်ရန်သွားရမည့်နေရာမှာ....

ကျန်းလောင်စန်းတောင်ဖြစ်ကြောင်း သိရှိလိုက်ရသောအခါ သူ အလွန်ဝမ်းသာသွားလေသည်။

သူသည်....



ကျန်းလောင်စန်းတောင်သို့ အလျင်အမြန်ဆုံးရောက်ရှိနိုင်ရန် ကိုယ်ဖော့ပညာကိုအသုံးပြုလိုက်လေသည်။

သို့သော် သူ့အနေဖြင့် မည်မျှကြိုးစားအားထုတ်စေကာမူ စုစုနောက်ကိုမှီအောင် မလိုက်နိုင်ဘဲဖြစ်နေလေသည်။

စုစုကသူ့အားနား၍စောင့်နေရ၏။ သူမသည် သူ့အားစောင့်ရင်း ထန်ဟုန်မှာစိတ်ဓာတ်ကျနေသည်ကိုသိရှိနားလည်လိုက်၏။

"အစ်ကိုကြီး... ဘာဖြစ်နေတာလဲ"

ဟုမေးလိုက်၏။ ထန်ဟုန်ကခေါင်းခါပြသည်။

"ဘာမှမဖြစ်ပါဘူး"

သူမက....

"အစ်ကို ကျွန်မကိုလိုက်မမီလို့ စိတ်ဓာတ်ကျနေတယ်ဆိုတာ ကျွန်မသိပါတယ်"

ထန်ဟုန်ပါးစပ်ပိတ်ထား၏။ စုစုက....

"ဘာဖြစ်လို့ စိတ်ဓာတ်ကျနေရတာလဲ၊ ဒါ စိတ်ဓာတ်ကျစရာမဟုတ်ပါဘူး"

ထန်ဟုန်က....

"အစ်ကိုကယောကျာ်းတစ်ယောက်ဖြစ်ပြီး... ညီမလေးလိုငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက်ကိုတောင် မီအောင်မလိုက်နိုင်ဘူးဆိုတော့ ဘာများအသုံးကျတော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုစုကအသာအယာပြုံးရင်း….

“အစ်ကို ကိုယ်ဖော့ပညာ လေ့ကျင့်တာ အချိန်ဘယ်လောက်ကြာပြီလဲ”

ထန်ဟုန်က….

“ညီမလေးတို့ဆီမရောက်မီလေ့ကျင့်ခဲ့တာ၊ အင်း… လေးနှစ်လောက်တော့လေ့ကျင့်ခဲ့ပြီးပါပြီ”

စုစုက….

“အခု ကျွန်မတို့ဆီရောက်ပြီးမှကိုယ်ဖော့ပညာတိုးတက်လာတာလား”

ထန်ဟုန်က….

“အများကြီးတိုးတက်လာပါတယ်… ဒါပေမဲ့….”

စုစုက….

“ဒါပေမဲ့ ဘာဖြစ်သလဲ”

ထန်ဟုန်က….

“ဒါပေမဲ့ ညီမလေးကိုမီဖို့ဆိုတာ အလွန်ခက်ခဲတယ်လို့ အစ်ကိုယုံကြည်တယ်”

စုစုက….

“ညီမကိုယ်ဖော့ပညာသင်ခဲ့တာ နှစ်ပေါင်းဘယ်လောက်ကြာသွားပြီလဲဆိုတာ အစ်ကိုသိသလား”



ထန်ဟုန်ခေါင်းခါပြသည်။

“ဘယ်လောက်ကြာပြီလဲ”

စုစုကပြန်ဖြေသည်။

“ဆယ်နှစ်”

သူမကစကားဆက်လိုက်၏။

“ကျွန်မနဲ့ အခုလိုဆက်လက်နေထိုင်သွားရတော့ နောက်သုံးလလောက်ဆိုရင် အစ်ကို့ရဲ့ ကိုယ်ဖော့ပညာဟာ ကျွန်မထက်တောင်ကျော်သွားနိုင်တယ်လို့ ကျွန်မရဲရဲပြောရပါတယ်”

ထန်ဟုန်သည် စုစု၏စကားကိုကြားလိုက်ရတော့မှ စိတ်အားအနည်းငယ်ပြန်တက်လာလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့....

သူတို့သည် တောင်ကုန်းဒေသတစ်ခုသို့ရောက်ရှိလာကြလေ၏။ ထန်ဟုန်က စုစုအားမေးလိုက်သည်။

"ငါတို့ဘယ်နေရာရောက်သလဲဆိုတာသိသလား"

စုစုခေါင်းခါလိုက်၏။

"ဟင့်အင်း.... မသိဘူး"

သူမကစကားဆက်လိုက်၏။

"ကျွန်မရဲ့ဘဝမှာ ဒီတစ်ကြိမ်သာ အပြင်လောကကိုရောက်ဖူးတာပါ။ ဒါကြောင့် ဘယ်နေရာဆိုတာ ကျွန်မမသိဘူးလေ"

ထန်ဟုန်က....

"ဒါဖြင့်မှတ်ထား... ငါတို့ အခု စုချမ်းနယ်ကိုရောက်နေကြပြီ"

စုစုက....

"ဒါဖြင့် ကျွန်မတို့သွားရမဲ့ခရီးဟာနီးလာပြီပေါ့"

ထန်ဟုန်ကခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်"

သူတို့နှစ်ယောက်သည် ပြောပြောဆိုဆိုဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ....

နောက်တစ်နေ့မွန်းတည့်ချိန်တွင် သူတို့သည် နယ်ခြားမြို့လေးတစ်မြို့သို့ရောက်ရှိလာကြလေတော့၏။

ထိုမြို့ကလေးသည်....

နယ်ခြားမြို့ကလေးတစ်မြို့ဖြစ်သောကြောင့် မြို့ကြီးတစ်မြို့နှင့်မခြားစည်ကားလှ၏။

စုစုသည် ယခုတစ်ကြိမ်သာလျှင် အပြင်လောကသို့ရောက်ရှိခဲ့ဖူးခြင်းဖြစ်ရာ သူမအဖို့ အရာရာမှာဆန်းကြယ်နေပေတော့သည်။

ထန်ဟုန်မှာမူ....

စုစုထက်များစွာအတွေ့အကြုံရှိနေသောကြောင့် ထူးခြားဆန်းကြယ်သည်ဟု ခံစားရခြင်းမရှိချေ။

သူသည် စားသောက်ဆိုင်တစ်ဆိုင်ထဲသို့လှမ်းဝင်လိုက်သည်။

စုစုက သူ့နောက်မှလိုက်သွားသည်။

ဆိုင်လုလင်များက ဧည့်ဝတ်ကျေပွန်စွာဖြင့် သူတို့အား ကြိုဆိုနေရာထိုင်ခင်းချပေးလိုက်သည်။

ထန်ဟုန်က စုစုအားမေးလိုက်သည်။

"ဘာစားချင်လဲညီမ"

www.burmeseclassic.com

www.burmeseclassic.com



စုစုကခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ,မပြောတတ်ဘူး... အစ်ကိုပဲမှာပါ"

ထန်ဟုန်သည် ကြက်ကြော်တစ်ကောင်နှင့်ဟင်းချိုတစ်ခွက် မှာကြားလိုက်သည်။

ထိုအချိန်တွင်... ဆိုင်ထဲသို့လူနှစ်ယောက်ဝင်ရောက်လာသည်ကိုတွေ့လိုက်ရသည်။

ထန်ဟုန်၏မြင်ကွင်းတစ်ခုလုံးမှာ လင်းထိန်သွားသည်ဟုထင်မိသည်။ ရှေ့ဆုံးမှဝင်ရောက်လာသူမှာ အသက်ဆယ့်လေးနှစ်

နှစ်ခန့်ရှိသောမိန်းကလေးတစ်ယောက်ဖြစ်သည်။

အဝါရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားပြီး....

အဝါရောင်ဘောင်းဘီဝတ်ဆင်ထား၏။

သူမ၏ကျောပြင်ပေါ်တွင် ရှည်မျောမျော အိတ်ကလေးတစ်လုံးပါရှိလာသည်ကိုတွေ့မြင်လိုက်ရသည်နှင့် ထိုမိန်းကလေးသည် သိုင်းလောကသားဖြစ်ရမည်ဟု တပ်အပ်သိလိုက်လေသည်။

သို့သော် မိန်းကလေးသည် အလွန်နုနယ်ချောမောပြီး သိုင်းသမားတစ်ယောက်နှင့်လုံးဝမတူပါ။

မိန်းကလေးမှာ အလွန်ချောမောလှပနေသဖြင့် ဆိုင်ထဲတွင်ထိုင်၍စားသောက်နေသူများသာမက ထန်ဟုန်ပင် ငေးမောကြည့်ရှုနေမိလေသည်။



သို့သော် သူတို့သည် မိန်းကလေးနောက်မှပါရှိလာသောလူတစ်ယောက်ကိုမြင်လိုက်ရသောအခါ မျက်နှာရှုံ့မဲ့သွားကြလေ၏။

ထိုလူမှာ အလွန်ရုပ်ဆိုးသောလူငယ်တစ်ယောက်ဖြစ်ရုံမျှ မက အရုပ်ကလည်းပုနေသောကြောင့် ပို၍အကျည်းတန်သည်ဟုထင်မှတ်ရလေသည်။

မိန်းကလေးသည် မည်သူ့ကိုမှမကြည့်ဘဲ ထန်ဟုန်အားတစ်ချက်ကြည့်ပြီးနောက် လွတ်နေသောစားပွဲတစ်ခုရှိရာသို့သွားရောက်ထိုင်လိုက်၏။

ထိုအချိန်တွင် ဆိုင်လုလင်သည် ကြက်သားကင်တစ်ကောင်ကိုလာရောက်ချပေးသဖြင့် ထန်ဟုန်တို့သည် အားရပါးရစားသောက်လိုက်ကြ၏။

စုစုသည် ကြက်သားကင်ကိုစားရင်းချီးမွမ်းလိုက်သည်။

"ဒီငှက်အကင်က တော်တော်စားလို့ကောင်းသား"

ထန်ဟုန်ပြုံးလိုက်၏။

"ဒါ ငှက်မဟုတ်ဘူး... ကြက်ကင်လို့ခေါ်တယ်"

စုစုကြောင်အမ်းအမ်းဖြစ်သွား၏။

"ငှက်နဲ့တူလိုက်တာ"

စုစုသည် ကြက်ကိုမမြင်ခဲ့ဖူးပါ။

ထို့ကြောင့် သူမသည် ကြက်ကိုငှက်ဟုထင်မှတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်.... တစ်ဘက်စားပွဲတွင်ထိုင်နေသောလူငယ်က ရယ်မောလိုက်၏။

"ကြက်နဲ့ငှက်နဲ့မခွဲခြားနိုင်တာ ဘယ်အရပ်သားများပါလိမ့်"

ထန်ဟုန်က တုံ့ပြန်ရန် ထိုလူငယ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ စုစုက သူ့အားမျက်ရိပ်ပြလိုက်၏။

ထန်ဟုန်ဒေါသထိန်းချုပ်လိုက်ရသည်။

သူတို့သည် ခဏ အကြာတွင် စားသောက်ပြီးသွားလေသည်။ ထန်ဟုန်က ဆိုင်လုလင်အားခေါ်၍ ထမင်းဟင်းဖိုးများရှင်းပေးလိုက်ပြီးနောက် ဆိုင်ထဲမှထွက်ခွာသွားလေ၏။

၀၀၀၀



ထန်ဟုန်နှင့်စုစုတို့ ထိုမြို့ကလေးမှထွက်လာကြ၏။

မကြာမီ ချောင်းငယ်လေးတစ်ခုရှိရာသို့ ရောက်ရှိလာခဲ့ကြလေသည်။

စုစုက....

"အစ်ကို ဒီနေရာမှာခဏနားကြရအောင်နော်"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

သူသည် သစ်ပင်တစ်ပင်၏ခြေရင်းတွင်ထိုင်ချလိုက်၏။

စုစုက တံတားလေးရှိရာသို့လျှောက်သွားပြီး ရေထဲတွင် ထင်ဟပ်နေသောမိမိ၏ရုပ်သွင်ကိုငုံ့ကြည့်ရင်း ထန်ဟုန်အားမေးလိုက်၏။

"အစ်ကို ကျွန်မတော်တော်လှသလားဟင်"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လှပါတယ်"

စုစုက....

"အစ်ကိုက ကျွန်မရဲ့အစ်မနဲ့အတူနေထိုင်ခဲ့တယ်ဆိုတော့ သူနဲ့ ကျွန်မနဲ့ ဘယ်သူပိုလှသလဲ"

ထန်ဟုန်ကပြုံးလိုက်၏။

"တစ်မျိုးစီလှကြပါတယ်"

စုစုက....

"ဘယ်လိုတစ်မျိုးစီလှတာလဲ... ပြောစမ်းပါဦး"

ထန်ဟုန် အနည်းငယ်စဉ်းစားလိုက်၏။

"စုစုရဲ့အစ်မက တောက်ပတဲ့အလှလို့ပဲပြောရမလား မသိဘူး"

စုစုက....

"ကျွန်မရဲ့အလှကော"

ထန်ဟုန်က....

"မိုးပေါ်ကကျလာတဲ့နတ်သမီးတစ်ယောက်နဲ့ နှိုင်းယှဉ်ရမလားမသိဘူး"

စုစုက....

"ကျွန်မ ဒီလောက်ပဲလှသလားဟင်"

ထိုအချိန်တွင်....



သစ်ပင်၏နောက်ကွယ်မှ မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

"ဘုံကြိုးပြတ်တဲ့နတ်သမီးနဲ့တူတယ်"

ထန်ဟုန်ကလှည့်ကြည့်လိုက်ရာ... မိန်းကလေးတစ်ယောက်သည် သစ်ပင်တစ်ပင်၏နောက်ကွယ်မှလှမ်းထွက်လာသည်ကိုမြင်တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးသည် စားသောက်ဆိုင်တွင်တွေ့မြင်ခဲ့ရသောမိန်းကလေးပင်ဖြစ်သည်။

ထန်ဟုန် အနည်းငယ်အံ့သြသွားလေသည်။

သူတို့သည် စားသောက်ဆိုင်ထဲမှထွက်လာသောအခါ၌ ထိုမိန်းကလေးနှင့်အကျည်းတန်သောလူငယ်တို့သည် စားသောက်ဆိုင်တွင်စားသောက်ရန် ထိုင်၍စောင့်နေကြသည်မဟုတ်ပါလော။

အခု အဘယ်ကြောင့် မိမိတို့ထက်ပင် ဦးအောင် ဤနေရာသို့ ရောက်နှင့်နေရပါသနည်း။

ထိုအချိန် စုစုက ထိုမိန်းကလေးအားလှည့်ကြည့်လိုက် သည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ငါ့အစ်ကိုရဲ့စိတ်ထဲမှာ ညည်းကို ငါ့ထက်လှတယ်လို့ထင်နေတယ်ကွယ့်"

ထန်ဟုန်က အံ့သြသွားသည်။ မိမိရင်ထဲတွင် ထင်မှတ်ထားသည့်အရာကို စုစုကအဘယ်ကြောင့်သိရှိထားနိုင်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကတစ်ချက်ပြုံးလိုက်သည်။

"ဟုတ်လား… အခုလိုချီးကျူးတာကျေးဇူးတင်ပါတယ်"

စုစုက….

"ကျေးဇူးတင်စရာမလိုပါဘူး၊ နောက်ဆို သူများစကားပြောတာ ခိုးပြီးနားမထောင်ရင်ကျေနပ်ပါပြီ"

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီနေရာဟာ အများသွားလာနိုင်တဲ့နေရာဖြစ်ပါတယ်၊ ငါ တို့ကလဲ သူများသွားသလိုသွားနေတာပဲ၊ ဒီနေရာရောက်လို့ ခဏနားနေတာပါ၊ ညည်းတို့စကားပြောနေတာကို ခိုးပြီးနားထောင်တယ်လို့ ပြောလို့မရပါဘူး"

စုစုက….

"မသိရင်ခက်မယ် နင်တို့ဟာဒီကိုကြိုတင်ဖြတ်လမ်းကလိုက်လာပြီး ငါတို့ကိုစောင့်နေတာမဟုတ်လား"

မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"နင်တို့ကိုစောင့်နေတာလို့ ဘာကြောင့်ပြောနိုင်တာလဲ"

စုစုက….

"ဘာကြောင့် စောင့်နေတယ်ဆိုတာမပြောနိုင်ပေမဲ့ နင်ဟာစွန်းလုံကူရဲ့သမီးဖြစ်တယ်ဆိုတာ ငါသိပါတယ်"

သူမကစကားဆက်သည်။



"နောက်ပြီး…. ငါတို့ကိုလာပြီးစောင့်နေတယ်ဆိုတာလဲ သိပါတယ်"

မိန်းကလေးကအသံကိုမြှင့်လိုက်သည်။

"အစ်ကိုရေ… ကျွန်မတို့ဘယ်သူလဲဆိုတာ သူတို့သိနေပြီတဲ့"

သူမ၏စကားဆုံးသွားသည်နှင့် အခြားသစ်ပင်ကြားမှ ရုပ်ဆိုးသောလူငယ်တစ်ယောက် လှမ်းထွက်လာလေသည်။

ယခုမှ ထန်ဟုန်သည် စုစုက အဘယ်ကြောင့် ဤနေရာတွင် ခေတ္တနားခိုရန်ပြောလာသည်ကို နားလည်လိုက်သည်။

ထန်ဟုန် ရုပ်ဆိုးသောလူငယ်အား လှမ်းမေးလိုက်သည်။

"ခင်ဗျားတို့ ကျုပ်တို့ကိုဒီမှာလာပြီးစောင့်နေကြတာ ဘာလုပ်မလို့လဲ"

ရုပ်ဆိုးသောလူငယ်က ထန်ဟုန်အားလှည့်ပင်မကြည့်ဘဲ စုစု ထံသို့ချဉ်းကပ်သွား၏။

"ကျုပ်မိခင်က နင်နဲ့တွေ့ချင်လို့ ချောင်းနံဘေးတစ်နေရာရာမှာစောင့်နေပါတယ်… ကျေးဇူးပြုပြီးလိုက်ခဲ့ပါ"

ထန်ဟုန်က….

"ခင်ဗျားအမေက ဘယ်သူလဲ၊ ဘာကိစ္စနဲ့ကျုပ်တို့ကိုစောင့်နေရတာလဲ"

ရုပ်ဆိုးသောလူငယ်က သူ၏စကားကိုနားမထောင်ဘဲ….

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့က ယဉ်ယဉ်ကျေးကျေးနဲ့ဖိတ်ခေါ်တာပါ"

ဟု စုစုအားထပ်မံ၍ပြောလိုက်၏။

ထန်ဟုန်က....

"ခင်ဗျားတို့ဖိတ်ခေါ်တိုင်း ကျုပ်တို့ကသွားရမှာလား"

ရုပ်ဆိုးသောလူငယ်က သူ့ဘက်သို့လှည့်လိုက်၏။

"ဒီမှာ ခင်ဗျားနဲ့သူနဲ့လမ်းကြုံလို့ အတူတူလာကြတာလား၊ ဒါမှမဟုတ် ဘာများပတ်သက်နေသလဲ ဘာမှမပတ်သက်ဘူးဆိုရင် ကိုယ့်လမ်းကိုယ်လျှောက်တာ အကောင်းဆုံးပါပဲ"

ထန်ဟုန်က....

"ခင်ဗျား သူ့ကိုဖိတ်တာတော့ဟုတ်ပါပြီ၊ ဒါပေမဲ့ ကျုပ်က ခေါင်းညိတ်မှသာသူကလိုက်မှာ"

ရုပ်ဆိုးသောလူငယ်ကခါးထောက်၍ ထန်ဟုန်အားစိုက်ကြည့်လိုက်၏။

"ခင်ဗျားခေါင်းညိတ်ဖို့ဆိုတာလွယ်ပါတယ်"

သူသည် စကားဆုံးသွားသည်နှင့်လက်ဝါးတစ်ဖက်ကို တွန်းထုတ်လိုက်၏။ သူ၏တိုက်ခိုက်မှုမှာ လျင်မြန်လှသည်မဟုတ်ပါ။ ရှေ့တည့်တည့်သို့တွန်းထုတ်၍တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သို့သော် ထန်ဟုန်သည် ရှေ့မှတိုက်ခိုက်လာသောတိုက်ခိုက်မှုကိုမတွေ့ရဘဲ....



သူ၏နောက်ကျောသို့တိုက်ခိုက်လာသော ဖိအားကို ခံစားမိလိုက်၏။

ဤတိုက်ခိုက်သောပညာသည် ဓားဘီလူး၏တိုက်ခိုက်မှုနှင့် ဆင်တူနေသည်ကို အံ့သြစွာတွေ့ရှိလိုက်၏။

သူသည် ရင်ထိတ်သွားပြီး နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်၏။

တစ်ဆက်တည်းမှာပင် လက်ဝါးတစ်ဖက်ဖြင့်တွန်း၍ခံပေးလိုက်၏။

သူ၏တုံ့ပြန်မှုကြောင့် ရုပ်ဆိုးသောလူငယ်၏တိုက်ခိုက်မှုမှ ကောင်းစွာရှောင်တိမ်းနိုင်ခဲ့လေ၏။

ရုပ်ဆိုးသောလူငယ်သည် အနည်းငယ်အံ့သြသွားပြီး....

"မင်းကဘယ်ဆိုးလို့တုန်း"

ဟုချီးကျူးလိုက်လေသည်။

ထန်ဟုန်ကပြန်လည်ပြုံးပြလိုက်၏။

"အခုလို ချီးကျူးတာကျေးဇူးတင်ပါတယ်"

ရုပ်ဆိုးသောလူငယ်က....

"ကျေးဇူးတင်မစောပါနဲ့"

ပြောရင်း သူသည် ကျောပေါ်မှရှည်မျောမျောအိတ်ကလေးကိုဖြုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိတ်ထဲတွင် ခွေထားသောကျာပွတ်တစ်ချောင်းကို ထုတ်ယူလိုက်လေ၏။

ထန်ဟုန်က သေသေချာချာကြည့်လိုက်၏။

ရုပ်ဆိုးသောလူငယ်၏ကျာပွတ်သည် အခြားကျာပွတ်နှင့်မတူဘဲ တစ်မူထူးခြားသည်ကိုတွေ့ရှိလိုက်ရ၏။

အထူးသဖြင့်....

ကျာပွတ်ထိပ်ဖျားမှာ မြွေတစ်ကောင်၏ဦးခေါင်းပါရှိသည့်အပြင် ကျာပွတ်တစ်ခုလုံးမှာ သေးငယ်သောအပေါက်လေးများ ပြည့်နှက်လျက်ရှိသည်ကိုတွေ့ရ၏။

ရုပ်ဆိုးသောလူငယ်က ကျာပွတ်ကိုဝှေ့ယမ်းလိုက်၏။

ကျာပွတ်ကိုဝှေ့ယမ်းလိုက်သောအခါ ပြောင်လက်နေသောအရောင်များ ဖြာထွက်လာသည်။

ထိုအရောင်များဖြာထွက်လာသည်နှင့်အတူ ကျာပွတ်ပေါ်ရှိ အပေါက်လေးများမှစူးရှသောအသံများ တရွှီးရွှီးထွက်ပေါ်လာလေသည်။

ထိုအသံကိုကြားရသောထန်ဟုန်သည် အာရုံတစ်ခုလွင့်ပျံ့သွားသည်ဟုခံစားမိ၏။

တဖြည်းဖြည်းနှင့်သူ၏အာရုံများသည် အဝေးသို့လွင့်မျောသွားသည်ဟုခံစားလိုက်ရ၏။



ထို့ပြင် သူသည် တဖြည်းဖြည်းသတိလစ်သွား၏။ ရုတ်တရက် အသံတစ်သံက သူ၏ နားထဲသို့တိုးဝင်လာသည်။

"အာရုံကိုစုစည်း သတိကိုဆုတ်နှစ် ရန်သူကိုဘာမထိကြဲ့နိုင်စိတ်ထားဇာနည်ဘွား"

စုစု၏အသံဖြစ်၏။

ထိုအသံကိုကြားလိုက်ရသောအခါ လစ်နေသောသတိပြန်လည်လာလေသည်။

ထိုတဒင်္ဂအချိန်မှာပင်....

ရုပ်ဆိုးသောလူငယ်၏ကျာပွတ်ထိပ်ဖျားက

သူ၏ရင်ဘတ်နှင့်နှစ်လက်မခန့်အကွာသို့ ရောက်ရှိလာသည်ကိုတွေ့မြင်ရ၏။

သူထိတ်လန့်တုန်လှုပ်သွား၏။

ခန္ဓာကိုယ်တစ်ခုလုံးကို နောက်သို့ပက်လက်လှန်ရှောင်တိမ်း၍ကျွမ်းတစ်ပတ်ပစ်လိုက်ရ၏။

ထို့နောက် တုံ့ပြန်တိုက်ခိုက်လိုက်၏။

ရုပ်ဆိုးသောလူငယ်ကရယ်မော၏။

သူက ဆက်လက်မတိုက်ခိုက်ဘဲရပ်တန့်လိုက်၏။

"မင်း မဆိုးဘူး... ငါနဲ့ယှဉ်ပြိုင်ဖို့ ဓားကိုထုတ်လိုက်ပါ"

ထန်ဟုန်က စကားမပြောဘဲ....

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တစ်ပင်အနီးလျှောက်သွား၏။

ထို့နောက် သစ်ကိုင်းတစ်ကိုင်းကိုချိုး၍ အရွက်များကိုခြွေချလိုက်သည်။

ရုပ်ဆိုးသောလူငယ်က သူ၏လှုပ်ရှားမှုကိုကြည့်ရင်း....

သူ၏မျက်နှာပေါ်တွင် အနည်းငယ်အံ့အားသင့်သည့် အရိပ်အယောင်များဖြစ်ပေါ်လာလေသည်။

ထို့နောက် သူသည် ထန်ဟုန်နှင့်မျက်နှာချင်းဆိုင်တွင် အသင့်အနေအထားနှင့်ရပ်လိုက်၏။

ရုပ်ဆိုးသောလူငယ်က မျက်မှောင်ကုပ်သွား၏။

"ဘာလဲ... မင်းက ငါ့ကိုသစ်ကိုင်းကလေးနဲ့ယှဉ်ပြိုင်မလို့လား"

ထန်ဟုန်က....

"ဟုတ်ပါတယ်"

လူငယ် ဒေါသထွက်လာ၏။

"မင်း ငါ့ကိုအထင်သေးရင် သေဖို့လမ်းတစ်လမ်းပဲ ရှိတော့တယ်"

သူသည် စကားဆုံးသွားသည်နှင့်....

ကျားပွတ်ကိုဝှေ့ယမ်းပြီး....

ထန်ဟုန်အား ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်လေတော့၏။



ထန်ဟုန်က သူ၏မိုးကြိုးဓားပညာနှင့်တုံ့ပြန်တိုက်ခိုက်သည်။

ထန်ဟုန်သည် မိုးကြိုးဓားပညာနှင့် သိုင်းကွက်(၅)ကွက်အထိအသုံးပြုလာသောအခါ....

"အား..."

လူငယ်ထံမှ စူးရှသောအသံထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင်....

လူငယ်သည် နောက်သို့ ကမန်းကတမ်းဆုတ်သွား၏။

ထန်ဟုန်လှမ်းကြည့်လိုက်ရာ....

လူငယ်၏အင်္ကျီလက်မှာ မိမိသစ်ကိုင်း၏ထိုးဖောက်မှုကြောင့် အပေါက်ကလေး (၅)ပေါက်ဖြစ်နေသည်ကိုတွေ့မြင်ရ၏။

သူက မဲ့ပြုံးပြုံး၍ကြည့်၏။

လူငယ်၏မျက်နှာတစ်ခုလုံးမှာ ဒေါသရောင်လွှမ်း၍နီရဲလာသည်။

ထိုအချိန်တွင်... စုစုက သူတို့နှစ်ယောက်ကြားသို့ဝင်ရောက်လာပြီးရပ်လိုက်သည်။

"ကဲ အစ်ကိုကြီး၊ တို့ကအိမ်ရှင် သူတို့ကဧည့်သည် ဒါကြောင့်ဒီနေရာမှာပဲရပ်ကြပေတော့"

ထန်ဟုန် အံ့သြသွားသည်။ မိမိအနိုင်ရရှိလျက်နှင့် အဘယ်ကြောင့် စုစုကဝင်ရောက်ဟန့်တားရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် ယင်းသို့နားမလည်နိုင်ဘဲငေး၍ ကြည့်ရှုနေစဉ် မိန်းကလေးသည်လက်ထဲတွင် ကျာပွတ်တစ်ချောင်းကိုင်လျက် စုစုရှေ့သို့ ချဉ်းကပ်လာလေသည်။

"ကျွန်မတို့မရှုံးသေးဘူး... ဒါကြောင့် ပြိုင်ပွဲကပြီးဆုံးသွားပြီ လို့သတ်မှတ်လို့မရဘူး"

သူမကပြောရင်း ကျာပွတ်ကိုဝှေ့ယမ်း၏။

သူမ၏ကျာပွတ်သည် ရုပ်ဆိုးသောလူငယ်၏ကျာပွတ်နှင့် တစ်ပုံစံတည်းဖြစ်သည်။

သို့သော် ဝှေ့ယမ်းလိုက်သောအခါ....

ရွှေဝါရောင်လင်းလက်လာပြီးလျှင်....

ကျာပွတ်ပေါ်တွင်ရှိသောအပေါက်ကလေးများမှ စူးရှသော အသံများက တရွှီးရွှီးထွက်ပေါ်လာလေသည်။

ထန်ဟုန်မှာ ထိုအသံများကိုကြားရသောအခါ သူ၏ခန္ဓာကိုယ် တစ်ခုလုံး အဘယ်ကြောင့်မှန်းမသိ အားအင်ချိနဲ့လာသလိုခံစားမိ၏။

စုစုကလက်ကာပြလိုက်သည်။

"နေပါဦး"

မိန်းကလေးသည် ကျာပွတ်ကိုဝှေ့ယမ်းနေရာမှ ရပ်တန့်လိုက် လေသည်။ ပြီးနောက်....

"နင်ဘာပြောချင်လို့လဲ"



ဟုမေးလိုက်။ စုစုက....

"နင့်အမေဖွန်းလုံကူက ငါ့ကိုတွေ့ချင်တယ်ဆို"

မိန်းကလေးက....

"ဟုတ်တယ်"

စုစုက....

"ငါလိုက်မယ်လေ"

သူမ၏စကားကြောင့် ထန်ဟုန်မှာ အံ့အားသင့်သွားရလေ သည်။ မိန်းကလေးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

သူမက ကျာပွတ်ကိုသိမ်းဆည်းလိုက်၏။

စုစုက ထန်ဟုန်အားလှည့်ကြည့်သည်။

"သူ့အမေကငါ့ကိုဖိတ်တာ... ဒါကြောင့် အစ်ကိုကြီးလိုက် စရာမလိုဘူး"

ထန်ဟုန်က ခေါင်းခါယမ်းသည်။

"ငါတို့မောင်နှမနှစ်ယောက်က အတူတူထွက်လာတာ တစ် ယောက်ကိုခေါ်ရင် တစ်ယောက်ကလိုက်မှာပဲ"

မိန်းကလေးကတုံ့ပြန်ရန်ပါးစပ်ဟလိုက်ရာ လူငယ်က ကြား ဖြတ်ပြောလိုက်သည်။

"ညီမ... သူ့ကိုပါခေါ်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန် မဲ့ပြုံးပြုံးသည်။

"ကျုပ်ကိုမဖိတ်ရင် ကျုပ်ညီမကိုလဲမထည့်နိုင်ဘူး"

စုစုက....

"ကဲ... ကောင်းပြီ၊ မင်းပို့အမေ ဘယ်မှာစောင့်နေတာလဲ... နေရာပြောပါ၊ ငါတို့နောက်မှလိုက်ခဲ့ပါ့မယ်"

ရုပ်ဆိုးသောလူငယ်က....

"ဒီကနေ အနောက်ဘက်ကိုသွားပါ... (၁၃)လီရောက်တဲ့အခါ ရေကန်တစ်ခုကိုတွေ့ပါလိမ့်မယ်... ကျုပ်တို့ အဲဒီနေရာကနေ စောင့်နေပါ့မယ်"

သူက စကားဆုံးသွားသည်နှင့်မိန်းကလေးအား လှမ်းခေါ်လိုက်သည်။

"သွားကြမယ်ညီမ"

သူတို့နှစ်ယောက်သည် ချာခနဲလှည့်၍ထွက်ခွာသွားကြလေသည်။ တစ်ခဏအကြာတွင် မြင်ကွင်းမှပျောက်ကွယ်သွားသည်။

သူတို့ထွက်ခွာသွားသည်ကိုကြည့်ရင်း... ထန်ဟုန်မှာ အလွန်အံ့ဩသွားလေသည်။

နှုတ်မှပင် လွှတ်ခနဲရေရွတ်လိုက်မိလေသည်။

"ဟောဗျာ... သူတို့ရဲ့ကိုယ်ဖော့ပညာက တော်လှချည်လား"

စုစုက....



"သူတို့ကလူငယ်တွေပါ... သူတို့အမေကိုသာ တွေ့ရမယ်ဆိုရင် အစ်ကိုကြီးပိုပြီးအံ့ဩသွားပါလိမ့်မယ်"

ထန်ဟုန်ကမျက်မှောင်ကုပ်ကာ....

"သူ့အမေက သူတို့ထက်တော်လို့လား"

စုစုက....

"တစ်ဆလောက် ပိုတော်တယ်"

"သူ့အမေက ဘယ်သူလဲ"

ထန်ဟုန်ကမေးလိုက်ရာ စုစုက....

"စွန်းလုံကူ"

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ခရမ်းရောင်စံအိမ်

"စွန်းလုံကူ...."

ဤအမည်ကို ထန်ဟုန်ကြားခဲ့ဖူး၏။

အဘိုးဖြစ်သူ တာရာအဘိုးအိုက သိုင်းလောကဇာတ်လမ်းဖြစ်ရပ်များ သူ့အားပြောပြခဲ့စဉ်က ထိုအမည်ပါဝင်နေသည်ကိုမှတ်မိထား၏။

သို့သော် ဂဃဏနမသိခဲ့ပါ။

ထို့ကြောင့် သူကမေးလိုက်၏။

"စွန်းလုံကူဆိုတာဘယ်သူလဲ"

စုစုက....

"စွန်းလုံကူဆိုတာ အမျိုးသမီးတစ်ယောက်ရဲ့နာမည်ပါ"

ထန်ဟုန်က....

"ကျော်ကြားတဲ့အမျိုးသမီးတစ်ယောက်ဖြစ်ရမယ်"

စုစုခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်"

ထန်ဟုန်က....

"သူက ပြိုင်ဘက်ကင်းအောင် ချောမောလှပလို့ ကျော်ကြားတာလား... သိုင်းပညာကြောင့်ကျော်ကြားတာလား"

စုစုက....

"စွန်းလုံကူက အဲဒီခေတ်အဲဒီအချိန်က သိုင်းလောကမှာအလှဆုံးအမျိုးသမီးတစ်ယောက်ဖြစ်တယ်၊ နောက်ပြီး သိုင်းပညာမှာလဲ ထိပ်တန်းအဆင့်လောက်အထိထူးချွန်တယ်၊ လှကလဲလှ သိုင်းပညာကလဲထက်တော့ မကျော်ကြားဘဲနေပါတော့မလား"

ထန်ဟုန်က....

"သူ့ရဲ့သိုင်းပညာက ဓားဘီလူးထက်သာလို့လား"

စုစုပြုံးလိုက်သည်။

"ဓားဘီလူးဆိုတာ နောက်မှပေါ်လာတာပါ... ဒါကြောင့် ဓားဘီလူးဟာ စွန်းလုံကူရဲ့သားတပည့်အဆင့်လောက်ပဲရှိတယ်လို့ ပြောရမှာပဲ၊ အင်း ပြောရရင်တော့ အခု စွန်းလုံကူဟာအင်မတန်ကြောက်စရာကောင်းတဲ့အမျိုးသမီးတစ်ယောက်ဖြစ်နေပြီ"

ထန်ဟုန်မျက်မှောင်ကုပ်သွားသည်။

"ဒီလိုဆိုရင်.... မိုးကြိုးဓားရဲ့ရန်သူဟာ စွန်းလုံကူပေါ့... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စုစုခေါင်းညိတ်၏။

"ဟုတ်တယ်"

သူမကစကားဆက်လိုက်၏။

"အင်း ဒီအကြောင်းနဲ့ပတ်သက်ပြီး အစ်ကိုသိအောင်ပြောပြရမဲ့တာဝန် ကျွန်မမှာရှိပါတယ်"

စုစုသည် အနီးရှိသစ်ပင်တစ်ပင်ကိုလက်ညှိုးထိုးပြရင်း....

"အစ်ကို... ကျွန်မတို့ ဟိုမှာသွားထိုင်ပြီးအေးအေးဆေးဆေး ပြောကြတာပေါ့"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်"

သူတို့နှစ်ယောက်မှာ သစ်ပင်တစ်ပင်ရှိရာသို့လျှောက်သွားပြီး အနီးရှိမြက်ခင်းပေါ်ထိုင်ချလိုက်ကြလေသည်။

oooo



မြက်ခင်းပြင်ပေါ်နှစ်ယောက်သားထိုင်မိကြသည့်အခါ...

စုစုက ထန်ဟုန်အားတစ်ချက်ကြည့်လိုက်၏။

ပြီးနောက်....

"မိုးကြိုးဓားအဖွဲ့နဲ့ စွန်းလုံကူတို့ ဘာကြောင့် ရန်ငြိုးဖွဲ့ခဲ့တယ်ဆိုတာ အစ်ကိုသိချင်မှာပဲနော်"

ထန်ဟုန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

စုစုက....

"မိုးကြိုးဓားဂိုဏ်းနဲ့ စွန်းလုံကူတို့ရန်ငြိုးဖွဲ့ခဲ့ရတဲ့အကြောင်းကတော့ သိုင်းကျမ်းစာအုပ်ကြောင့်လို့ဆိုရမှာပဲ"

ထန်ဟုန် မျက်မှောင်ကုပ်သွားသည်။

"သိုင်းကျမ်းဟုတ်လား... ဘာသိုင်းကျမ်းလဲ"

"ဒီသိုင်းကျမ်းဟာ ခရမ်းရောင်စံအိမ်ကပိုင်ဆိုင်တဲ့သိုင်းကျမ်း တစ်အုပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်က....

"ဒီသိုင်းကျမ်းက တော်တော်လေးထူးခြားနေလို့လား"

စုစုခေါင်းညိတ်လိုက်သည်။

"ထူးခြားတာတော့ မပြောပါနဲ့တော့"

စုစုကဆက်၍ရှင်းပြလိုက်၏။

"အဲဒီသိုင်းကျမ်းကို ခရမ်းရောင်စံအိမ်သိုင်းကျမ်းလို့ အမည်ပေးထားတယ်"

ထန်ဟုန် မျက်မှောင်ကုပ်သွားကာ....

"ဒါဖြင့် ဒီသိုင်းကျမ်းဟာ စွန်းလုံကူရဲ့သိုင်းကျမ်းမဟုတ်ဘူးပေါ့"

စုစုကခေါင်းခါယမ်း၏။ ထန်ဟုန်က....

"ဒါဖြင့် အဲဒီသိုင်းကျမ်းက ဘာကြောင့် စွန်းလုံကူလက်ထဲကိုရောက်နေရတာလဲ"

"စွန်းလုံကူဟာ သူ့ရဲ့အလှနဲ့မာယာဆင်ပြီး ရအောင်ယူလိုက်တယ်လို့ပြောရမှာပဲ"

စုစုကစကားဆက်လိုက်၏။

"ဒီလို... ခရမ်းရောင်စံအိမ်သိုင်းကျမ်းထဲမှာပါရှိတဲ့ သိုင်းကွက်တွေဟာ အတော်ကိုစုံစုံလင်လင်ပါတဲ့အပြင် တစ်ခြားသိုင်းပညာနဲ့မတူ အင်မတန်ထူးဆန်းတဲ့သိုင်းပညာရပ်အတော်များများလဲပါတယ်



လေ... ဒါကြောင့် သိုင်းလောကသားတွေဟာ ဒီသိုင်းကျမ်းကိုလိုချင်နေကြတာပေါ့"

ထန်ဟုန်သက်ပြင်းချလိုက်သည်။

စုစုကနှာခေါင်းရှုံ့ကာ....

"သိုင်းလောကသားတွေက ဒီလိုပဲ ကိုယ်ကိုယ်တိုင် မတီထွင်တတ်ကြဘူး... အပျင်းထူတယ်"

ထန်ဟုန်မှာ ခရမ်းရောင်စံအိမ်သိုင်းကျမ်းကို စိတ်ဝင်စားနေမိပြီဖြစ်ရာ....

"သိုင်းကျမ်းအကြောင်းဆက်ပြောပါဦး....."

စုစုခေါင်းညိတ်ပြပြီး စကားဆက်လိုက်လေသည်။

"စွန်းလုံကူဟာ ခရမ်းရောင်စံအိမ်မှာ ဒီလိုထူးဆန်းတဲ့သိုင်းကျမ်းရှိတဲ့အကြောင်း သတင်းရလိုက်တာနဲ့ သူဟာ ခရမ်းရောင်စံအိမ်ရဲ့အရှင်သခင်ကို သူ့အလှနဲ့မြူဆွယ်ပြီး နီးစပ်အောင်ဖန်တီးလိုက်တယ်၊ နောက်ဆုံးတော့ သူဟာ ဒီသိုင်းကျမ်းကိုအောင်အောင်မြင်မြင်နဲ့ခိုးယူရရှိပြီး စံအိမ်ကနေထွက်လာတာဖြစ်ပါတယ်"

ထန်ဟုန်မျက်မှောင်ကုပ်သွားသည်။

"ခရမ်းရောင်စံအိမ်ကလူတွေ သူ့နောက်မလိုက်ကြဘူးလား"

စုစုခေါင်းခါလိုက်သည်။

"မလိုက်ဖြစ်ကြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဒါက ဒီလိုပါ မိုးကြိုးဓားရဲ့ဆရာဟာ ခရမ်းရောင်စံအိမ်ရဲ့ အရှင်သခင်နဲ့ အလွန်ရင်းနှီးတဲ့မိတ်ဆွေဖြစ်ပါတယ်၊ သူ ဒီသတင်းကို ကြားတဲ့အခါ စွန်းလုံကူဆီလိုက်သွားပြီး သိုင်းကျမ်းကိုပြန်တောင်းတယ်၊ စွန်းလုံကူက ပြန်မပေးဘဲ ဒီသိုင်းကျမ်းကို သူခိုးယူလာတာ မဟုတ်ဘူး… ခရမ်းရောင်စံအိမ်ရဲ့အရှင်သခင်ကိုယ်တိုင်ကပေးခဲ့တာ ပါလို့ပြောတယ်"

ထန်ဟုန် မျက်နှာရှုံ့မဲ့သွားသည်။

"အတော့်ကိုတတ်နိုင်တဲ့အမျိုးသမီးပါလား"

စုစုကလက်ကာပြ၏။

"ဆက်နားထောင်ပါဦး"

ပြောရင်း စုစုကစကားဆက်လိုက်၏။

"မိုးကြိုးဓားရဲ့ဆရာဟာ စွန်းလုံကူရဲ့စကားကိုကြားတဲ့အခါ ခံပြင်းဒေါသထွက်ပြီး စွန်းလုံကူကိုကိုစိန်ခေါ်လိုက်တယ်"

ထန်ဟုန်က….

"မိုးကြိုးဓားရဲ့ဆရာဆိုတာ ဘယ်သူ့ကိုဆိုလိုတာလဲ"

စုစုက….

"အစ်ကို လိုဏ်ဂူထဲမှာတွေ့ခဲ့တဲ့အဘိုးကြီးပေါ့"

ထန်ဟုန်က အနည်းငယ်နားလည်လာသည်။



"ဒါနဲ့ ဆရာက ဘယ်လိုဝေဒနာတွေရရှိထားလို့လဲ"

စုစုက….

"ဒီလိုပါ ဆရာနဲ့စွန်းလုံကူတို့ သိုင်းပညာယှဉ်ပြိုင်ရာက စွန်းလုံကူရဲ့ကျာပွတ်ကထွက်ပေါ်လာတဲ့အသံကိုခုခံနိုင်စွမ်းမရှိလို့ ဆရာ ရှုံးသွားရတယ်"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"အစ်ကို နည်းနည်းလေးရိပ်မိပါပြီ"

စုစုက….

"စွန်းလုံကူဟာ ဆရာ ဒဏ်ရာပြင်းပြင်းထန်ထန်ရသွားပြီဆိုတာသိလိုက်တာနဲ့ ဆက်ပြီးမတိုက်ခိုက်တော့ဘဲ ဘယ်လိုပြောလိုက်သလဲဆိုရင်…."

စုစုကစကားကိုခေတ္တရပ်တန့်လိုက်သဖြင့် ထန်ဟုန်မှာ အားမလိုအားမရဖြင့် မချင့်မရဲဖြစ်သွားလေသည်။

ခဏကြာမှ စုစုကစကားပြန်ဆက်၏။

"စွန်းလုံကူက ဆရာ့ကိုမသတ်ဘူး… ဆရာ့ကိုတပည့်တစ်ဦးမွေးပြီး ပညာကုန်သင်ပေးခိုင်းတယ်၊ နှစ်ပေါင်းနှစ်ဆယ်ကျော်တဲ့အခါ စွန်းလုံကူမှာရှိတဲ့သားသမီး ဒါမှမဟုတ် တပည့်တစ်ယောက်နဲ့ လာပြီးယှဉ်ပြိုင်ခိုင်းတယ်… အနိုင်ရခဲ့ရင် စွန်းလုံကူက သိုင်းကျမ်းပြန် ပေးရုံတင်မကဘူး… ရရှိတဲ့ဒဏ်ရာကိုကုသဖို့ဖြေဆေးလဲပေးမယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်ပါတယ်”

ယခုမှ ထန်ဟုန်နားလည်သဘောပေါက်မိလေတော့၏။

“ဪ... ဒီလိုကိုး”

ထန်ဟုန်သည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

“ဒါနဲ့ ဆရာကဘယ်လိုဝေဒနာများရရှိထားလို့လဲ”

“ခန္ဓာကိုယ်တစ်ခုလုံး အကြောသေတဲ့ရောဂါ”

စုစု၏စကားကြောင့်....

“ဗျာ အကြောသေရောဂါဟုတ်လား”

ထန်ဟုန်အလွန်အံ့သြသွား၏။

“ရောဂါကတော်တော်ဆန်းပါလား”

စုစုခေါင်းညိတ်လိုက်သည်။

“ဆန်းရုံတင်ဘယ်ကမလဲ ကြောက်စရာလဲအင်မတန်ကောင်းတာပေါ့”

စုစုကစကားဆက်လိုက်သည်။

“ကျွန်မသာ ဒီလိုရောဂါဖြစ်ခဲ့ရင် ကိုယ့်ကိုယ်ကိုသတ်သေလိုက်မှာသေချာတယ်... ဒီလိုဝေဒနာမျိုးကိုခံစားမနေတော့ဘူး”

ထန်ဟုန်သက်ပြင်းချလိုက်သည်။

“ဟုတ်တာပေါ့... ဆရာဘယ်လိုခံစားနေရမလဲဆိုတာ အစ်ကိုနားလည်ပါတယ်”



စုစုက....

“ဆရာက ဒီဝေဒနာခံစားနေရတာ နှစ်ပေါင်းနှစ်ဆယ်ရှိ သွားပြီ၊ လှုပ်လဲမသေဘူး ခန္ဓာကိုယ်လဲမလှုပ်ရှားနိုင်ဘူး၊ ရှင်းရှင်းပြောရရင် သူ့ရဲ့ဦးနှောက်ကလဲ လူစဉ်မမီတော့ဘူး”

ထန်ဟုန် စိတ်မချမ်းမသာဖြစ်သွားရလေသည်။

“သနားစရာကောင်းလိုက်တာ”

စုစုက....

“ဒါကြောင့် ဘွားဘွားက သူ့အဖေရဲ့ဝေဒနာကိုကုစားချင်လို့ မိုးကြိုးဓားပညာကျမ်း ဓားဘီလူးကိုပေးလိုက်တယ်၊ သူ့ရဲ့တာဝန်က စွန်းလုံကူဆီသွားပြီး ယှဉ်ပြိုင်အနိုင်ယူဖို့ပါ၊ ဒါမှ သူ့ဆီကဝေဒနာကို ကုစားနိုင်တဲ့ဖြေဆေးကိုရမှာမဟုတ်လား”

ထန်ဟုန်ခေါင်းညိတ်၏။

“ဒါပေမဲ့.... ဓားဘီလူးဆိုတဲ့လူက ကျော်ကြားမှုအပေါ်မှာ သာယာယစ်မူးလာပြီး ဆရာပေးလိုက်တဲ့တာဝန်ကိုထမ်းဆောင်ဖို့ အရေးမထားတော့ဘူးမဟုတ်လား”

စုစုခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်... ဒါကြောင့်လဲ ဆရာက စိတ်တိုင်းကျနိုင်မဲ့ တပည့်တစ်ယောက်ကိုလိုက်ရှာနေတာပေါ့”

ထန်ဟုန်သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း.... တို့ထမ်းဆောင်ရမဲ့တာဝန်က တော်တော်လေး ရင်လေးစရာကောင်းပါလား"

စုစု ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်အစ်ကို... ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကတော့ ပေးအပ်တဲ့တာဝန်ကို ဉာဏ်စွမ်းရှိသလောက် ကိုယ်စွမ်းရှိသလောက် ကျေပွန်အောင်ထမ်းဆောင်ရမှာပဲ"

ထန်ဟုန်မျက်မှောင်ကုပ်သွား၏။

"ဖြစ်ပါ့မလားညီမရယ်"

စုစုက....

"အခု ကျွန်မတို့ရင်ဆိုင်မယ့်ရန်သူရဲ့ အကြောက်ရဆုံးအရာက ဘာလဲဆိုတာ အစ်ကိုသိသလား"

ထန်ဟုန် ခေါင်းခါယမ်း၏။

"မသိဘူး"

"ခုနတုန်းက ရုပ်ဆိုးတဲ့လူငယ်ကို အစ်ကိုကနိုင်လိုက်တယ်လို့ ထင်နေတယ်မဟုတ်လား"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ... အစ်ကို သူ့ကိုအနိုင်ရရှိလိုက်ပြီပဲ... ညီမက သူ့ကိုဘာကြောင့်အရှုံးပေးလိုက်ရတယ်ဆိုတာ အစ်ကိုတကယ့်ကို နားမလည်နိုင်အောင်အံ့ဩမိတယ်"



စုစုက အသာအယာခေါင်းခါလိုက်ရင်း....

"အစ်ကိုမှားနေပြီ"

ထန်ဟုန်မျက်မှောင်ကုပ်သွားသည်။

"နို့ မဟုတ်ဘူးလား"

စုစုခေါင်းယမ်း၏။

"အစ်ကိုက သူ့ကိုမနိုင်တဲ့အပြင် အသက်အန္တရာယ်တောင် စိုးရိမ်ရတဲ့အခြေအနေအထိရောက်သွားခဲ့တယ်"

ထန်ဟုန်မျက်လုံးပြူးသွားသည်။

"ဟင်.... ဘာဖြစ်လို့လဲ"

စုစုကရှင်းပြလိုက်သည်။

"အဲဒီရုပ်ဆိုးတဲ့လူငယ်ဟာ သူ့အင်္ကျီမှာအပေါက်လေးတွေ ဖြစ်သွားပေမဲ့ ရှုံးသွားပြီလို့မဆိုနိုင်သေးဘူး၊ သူဟာ အစ်ကို့ကို တိုက်စစ်ပြန်ဆင်လိမ့်မယ်"

ထန်ဟုန်က နားမလည်နိုင်ဟန်ဖြင့်....

"ဘယ်လိုတိုက်စစ်ဆင်ဦးမှာလဲ"

စုစုက....

"သူဟာ ကျားပွတ်ကထွက်လာတဲ့အသံနဲ့ အစ်ကို့ရဲ့အာရုံကို ဆွဲယူထားလိုက်မယ်၊ ပြီးမှ အဆိပ်အပ်ကလေးကိုလွှတ်ပြီး အစ်ကို့ကို ပစ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စုစုကဆက်၍ရှင်းပြလိုက်သည်။

"သူ့ရဲ့အဆိပ်အပ်ဟာသေးငယ်ပြီး အင်မတန်ပေါ့ပါးတယ်၊ ပစ်လွှင့်လိုက်တဲ့အခါမှာ လေတိုးသံကိုလုံးဝမကြားရဘူး... အစ်ကို့ရဲ့အာရုံဟာ ကျားပွတ်ကထွက်လာတဲ့အသံကိုသာသတိပြုနေမှာမို့ အဲဒီအဆိပ်အပ်ကလေးပစ်လွှင့်လာတာကို ဘယ်လိုမှသတိထားမိနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့်...."

ထန်ဟုန်သည် ယခုအခါမှ အခြေအနေကိုနားလည်သဘောပေါက်လာလေသည်။

တစ်နည်းဆိုရလျှင်....

မိမိအသက်ကို စုစုက ကယ်တင်လိုက်သည်ဟုဆိုနိုင်သည်မဟုတ်ပါလော။

စုစုကစကားဆက်ပြန်၏။

"ကျွန်မတို့သုံးယောက်ဟာ ဘာကြောင့်တစ်ချိန်လုံး အေးတိအေးစက်နိုင်လှတယ်လို့ အစ်ကိုတွေးနေမိခဲ့တယ်မဟုတ်လား၊ အခုလောက်ဆို သဘောပေါက်လောက်ပြီထင်တယ်"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"အစ်ကိုသဘောပေါက်ပါပြီ"

သူတို့သုံးယောက်သည် စွန်းလုံကူနှင့်ယှဉ်ပြိုင်တိုက်ခိုက်ရမည်ဖြစ်သည်။



စွန်းလုံကူနှင့်တိုက်ခိုက်ရာတွင် အထူးအရေးအကြီးဆုံးအချက်မှာ စွန်းလုံကူ၏အသံဗလီများကိုခံနိုင်ရည်ရှိရန်ပင် ဖြစ်သည်။

ယင်းသို့ခံနိုင်ရည်ရှိလာအောင် အာရုံကြောကိုသံမဏိကဲ့သို့မာကျောလာအောင် လေ့ကျင့်ရမည်ဖြစ်သည်။

အကြားအာရုံကိုလည်း မည်ကဲ့သို့သောအသံမျှ စိမ့်ဝင်မလာနိုင်အောင် လေ့ကျင့်ထားရမည်ဖြစ်သည်။

ထို့ပြင် အသည်းနှလုံးက ခံစားတတ်သောခံစားချက်များကိုလည်း လုံးဝခံနိုင်ရည်ရှိလာအောင် လေ့ကျင့်နေရသောကြောင့် အချိန်ရှိတိုင်းလိုလိုပင် သူတို့၏မျက်နှာများသည် ရေခဲပြင်များပမာဟန်မူရာကင်းမဲ့ပြီး အေးစိမ့်နေရခြင်းပင်ဖြစ်ပေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် ယခုမှ မိုးကြိုးဓားအဖွဲ့ဝင်များသည် အဘယ့်ကြောင့် ဟန်အမှုအရာကင်းမဲ့ပြီး သူစိမ်းဆန်ဆန်နေတတ်ကြသည်ကို နားလည်သဘောပေါက်လာသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"အင်း... လက်စားချေဖို့ဆိုတဲ့အလုပ်က သေချာတွေးကြည့်မယ်ဆိုရင် အင်မတန်ခက်ခဲတဲ့အလုပ်တစ်ခုဖြစ်တယ်ဆိုတာ အစ်ကို သဘောပေါက်လာပါပြီ"

စုစုက....

"ဟုတ်တယ်အစ်ကို... အခု ကျွန်မတို့နှစ်ယောက်ရဲ့တာဝန်ကလည်း သေသေချာချာတွေးကြည့်မယ်ဆိုရင် အင်မတန်ကြီးလေးလွန်းလှပါတယ်"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်ညီမ... ဒါပေမဲ့ ဘွားဘွားက ကြိုတင်အစီအစဉ်



ချထားတဲ့အတွက် အစ်ကိုတို့လုပ်ရမဲ့အလုပ်မှာအများကြီးအထောက်အကူရတာပေါ့"

စုစုကပခုံးအသာတွန့်လိုက်ပြီး....

"ကျွန်မတော့ မထင်မိပါဘူး"

ထန်ဟုန်မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

စုစုက....

"ဘွားဘွားတို့လေ့ကျင့်သင်ကြားပေးထားတာက သူတို့ရဲ့သံစဉ်ခုခံနိုင်ဖို့ကိုသာလေ့ကျင့်ပေးထားတာ"

ထန်ဟုန်က....

"အဲဒါအဓိကမဟုတ်လား... ဘာလိုသေးလို့လဲ"

စုစုကပြုံးရင်း....

"ပထမတုန်းကတော့ ကျွန်မလဲ အစ်ကို့လိုပဲ လုံလောက်ပြီလို့ထင်နေတာ... အခုတော့"

ထန်ဟုန် မျက်မှောင်ကုပ်သွားသည်။

"အခုတော့ ဘာဖြစ်သွားလို့လဲ"

စုစုက....

"အခုတော့ ကျွန်မတို့ ရင်ဆိုင်ရမဲ့အန္တရာယ်တွေက သူတို့ရဲ့သံစဉ်တွေမကဘူး၊ တခြားအန္တရာယ်တွေပါ အများကြီးရှိနေသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာသိရှိလာလို့ပါ”

ထန်ဟုန်က....

“ဘယ်လိုအန္တရာယ်နဲ့တွေ့နိုင်တယ်ဆိုတာ ညီမလေးတွေးမိသလောက်ပြောပြပါလား၊ အစ်ကိုလဲကူညီပြီးစဉ်းစားရတာပေါ့”

စုစုခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့... ကျွန်မလဲ အစ်ကိုသိသင့်သိထိုက်တာတွေကို ကြိုတင်သိရအောင်လို့ အခုလိုအချိန်ယူပြီးပြောပြမလို့ပါ”

ထန်ဟုန်ခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ... အစ်ကိုတို့ မောင်နှမ တိုင်ပင်ဆွေးနွေးကြတာပေါ့”

စုစုသည် အတန်ကြာချင့်ချိန်စဉ်းစားပြီးမှ....

“စွန်းလုံကူရဲ့ကျာပွတ်ပညာနဲ့ သံစဉ်အကြောင်းကို အကြမ်းဖျဉ်းပြောပြီးပါပြီ၊ အခု သူတို့ဘက်ကတိုက်ခိုက်မဲ့ဗျူဟာအကြောင်းကို ကျွန်မပြောပြပါ့မယ်”

ထန်ဟုန်စိတ်ဝင်စားစွာနားထောင်နေသည်။

စုစုကစကားဆက်လိုက်သည်။

“စွန်းလုံကူမှာ သားသမီးငါးယောက်ရှိတယ်”

ထန်ဟုန်ကသေချာစွာနားထောင်နေ၏။

စုစုက....



“စွန်းလုံကူဟာ သူတို့ကို ကျာပွတ်ပညာနဲ့ သံစဉ်ပညာတွေ သင်ကြားပေးပြီးတဲ့အပြင် မြွေငါးကောင်ဝက်ပါဆိုတာကိုလဲ တီထွင်ထားသေးတယ်”

ထန်ဟုန်မျက်မှောင်ကြုတ်သွားသည်။

“ထူးထူးဆန်းဆန်းပဲ... မြွေငါးကောင်ဝက်ပါလို့ ဘာကြောင့်အမည်ပေးထားတာလဲ”

စုစုက....

“ထူးဆန်းတာမဟုတ်ဘူး... သူ့မှာ သားသမီးငါးယောက်ကိုမြွေရုပ်ပါတဲ့ကျာပွတ်ပညာကိုယ်စီပေါင်းစပ်ပြီး ဝက်ပါတစ်ခုကို တီထွင်လိုက်တယ်၊ ဒါကြောင့် အဲ့ဒီဝက်ပါကိုမြွေငါးကောင်ဝက်ပါလို့ အမည်ပေးထားလိုက်တာ”

ထန်ဟုန်က....

“မြွေငါးကောင်ဝက်ပါဟာ ဘယ်လိုများအစွမ်းထက်သလဲဆိုတာ ညီမလေးစုံစမ်းထားပြီးပြီလား”

စုစုကခေါင်းညိတ်လိုက်၏။

“ဒီအကြောင်းနဲ့ပတ်သက်ပြီး ဓားဘီလူးကကြိုတင်စုံစမ်းပြီးပြန်ပြောထားလို့ ကျွန်မမှတ်သားထားတာပါ”

ထန်ဟုန်က....

“မြွေငါးကောင်ဝက်ပါအကြောင်းပြောပြပါ”

www.burmeseclassic.com

www.burmeseclassic.com



စုစုက....

"မြွေငါးကောင်ဝက်ပါရဲ့ အဓိကအင်အားကတော့ ကျာပွတ်ပညာနဲ့သံစဉ်ပါပဲ"

ထန်ဟုန်က....

"ဒါဖြင့် ဘာများဆန်းလို့လဲ"

စုစုက....

"သိပ်ဆန်းတာပေါ့"

သူမကဆက်၍ရှင်းပြလိုက်၏။

"မြွေငါးကောင်ဆိုတာ စွန်းလုံကူရဲ့သားသမီးငါးယောက် စုပေါင်းပြီး ရန်သူကိုတိုက်ခိုက်ချေမှုန်းတဲ့မဟာဗျူဟာတစ်ခုပါ၊ ခပ်ရှင်းရှင်းပြောပြရမယ်ဆိုရင် တစ်ယောက်နှစ်ယောက် အသုံးပြုတိုက်ခိုက်တဲ့ကျာပွတ်ပညာဟာ လူငါးယောက်စုပေါင်းပြီးတိုက်ခိုက်မှုကို ဘယ်လိုမှမမီနိုင်ပါဘူး... ပိုပြီးကြောက်စရာကောင်းတာကတော့ မြွေငါးကောင်ဝက်ပါရဲ့ သံစဉ်တွေဟာ နှစ်မျိုးနှစ်စားပါရှိနေတာပဲ"

ထန်ဟုန်က....

"သံစဉ်ကို ဘယ်လိုလုပ်ပြီးနှစ်မျိုးနှစ်စားခွဲလို့ရမှာလဲ"

စုစုက....

"တခြားလူကမရပေမဲ့ သူတို့ကရတယ်"

သူမကစကားဆက်လိုက်၏။



"အဲ့ဒီသံစဉ်နှစ်မျိုးဆိုတာ တစ်မျိုးကတော့ အလွန်ရက်စက်ကြမ်းကြုတ်တဲ့သံစဉ်များဖြစ်တယ်၊ အဲ့ဒီအသံကို ငရဲအော်သံလို့အမည်ပေးထားတယ်"

ထန်ဟုန်က....

"အစ်ကိုသဘောပေါက်ပြီ... ဒီနာမည်ကိုကြားလိုက်တာနဲ့ ဒီသံစဉ်ဟာ ဘယ်လောက်စိတ်ချောက်ချားစရာကောင်းတယ်ဆိုတာ အလိုလိုတွေးမိလာတယ်"

စုစုက....

"နောက်သံစဉ်တစ်ခုကတော့ ကောင်းကင်ဘုံသံစဉ်လို့ ခေါ်ပါတယ်... သံစဉ်ကတော့နားဝင်ချိုတယ်၊ ငြိမ့်ညောင်းမှုရှိတယ်... ကြားရသူအဖို့စိတ်ဓာတ်ရွှင်လန်းပြီး တဖြည်းဖြည်းအိပ်ချင်တဲ့စိတ်တွေဖြစ်ပေါ်လာစေပါတယ်"

ထန်ဟုန်သက်ပြင်းချလိုက်သည်။

"ဟူး... မလွယ်ပါလား"

စုစုက....

"ဘယ်လွယ်ပါ့မလဲ... ညီမတို့ဘက်မှာ ဓားဘီလူးက စည်းမစောင့်ဘဲ သိုင်းလောကမှာသောင်းကျန်းခဲ့တဲ့အတွက် သူတို့က မိုးကြိုးဓားရဲ့ စွမ်းရည်ကိုကြားသိသွားတယ်၊ ဒါကြောင့် မိုးကြိုးဓားကိုခုခံနိုင်အောင် အခုလိုမြွေငါးကောင်ဝက်ပါကိုတီထွင်လိုက်တာဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စုစုက သက်ပြင်းတစ်ချက်ချပြီး....

"ဓားဘီလူးရဲ့လုပ်ရပ်ကြောင့် မိုးကြိုးဓားအဖွဲ့အနေနဲ့ ဘမျှားကြီးဆုံးရှုံးမှုတွေရှိခဲ့တယ်လေ၊ ဒါကြောင့် ဘွားဘွားက ကျွန်မတို့လိုလူငယ်တွေကိုရှာဖွေပြီးမွေးထုတ်လိုက်တာပါ"

ထန်ဟုန်သည် ဓားဘီလူးပြောခဲ့သောသိုင်းကျမ်းနှင့် ကလေးငယ်လဲလှယ်သည့်အကြောင်းများကို ပြန်လည်သတိရရှိလာလေသည်။ ထိုအကြောင်းကိုလည်း သဘောပေါက်နားလည်လာ၏။

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ဒီအတိုင်းဆိုရင် ငါတို့ဘာလုပ်ကြမလဲ"

စုစုက....

"ဒီအတွက်မစိုးရိမ်ပါနဲ့"

သူမကဆက်၍ရှင်းပြသည်။

"မြွေငါးကောင်ဝက်ပါနဲ့ ရင်ဆိုင်ရတဲ့အခါ ဘယ်လို ခုခံတိုက်ခိုက်ရမယ်ဆိုတာ ဘွားဘွားကနည်းလမ်းပြခဲ့ပြီးပါပြီ"

ထန်ဟုန်က....

"ဟုတ်လား... ဘယ်လိုနည်းလမ်းဆိုတာပြောပါဦး"

စုစုက....

"မြွေငါးကောင်ဝက်ပါနဲ့ရင်ဆိုင်တဲ့အခါမှာ အရေးကြီးဆုံးအချက်နှစ်ချက်ကိုသိထားဖို့လိုတယ်"



ထန်ဟုန်က....

"ဘယ်လိုအချက်နှစ်ချက်လဲ"

စုစုကရှင်းပြသည်။

"ပထမဆုံးအချက်ကတော့စိတ်ဓာတ်ပဲ... စိတ်ဓာတ်ကြံ့ခိုင်ဖို့ ... နားထဲဝင်ရောက်လာမဲ့အသံကို ကြံ့ကြံ့ခိုင်ခိုင်ဖို့"

ထန်ဟုန်ခေါင်းညိတ်လိုက်သည်။

"ဒုတိယအချက်ကကော"

စုစုက....

"ဒုတိယအချက်ကတော့ အင်မတန်အရေးကြီးတဲ့အချက်လို့ သဘောထားရလိမ့်မယ်၊ အဲ့ဒါဘာလဲဆိုရင် သူတို့ငါးယောက်ထဲက တစ်ယောက်ယောက်ကို အနိုင်တိုက်ရမှာပဲဖြစ်တယ်၊ မြွေငါးကောင်ဝက်ပါမှာ မြွေတစ်ကောင်မလှုပ်ရှားနိုင်တော့ဘူးဆိုရင် ဒီဝက်ပါဟာပျက်စီးသွားနိုင်ပါတယ်"

ထန်ဟုန်ခေါင်းညိတ်လိုက်သည်။

"ဒါဆိုရင် ညီမနဲ့အစ်ကိုတို့ကြိုးစားဖို့ပဲလိုတော့မယ်၊ အစ်ကိုတို့နှစ်ယောက်ပေါင်းပြီး တစ်ယောက်ကိုသာဖိပြီးတိုက်ခိုက်မယ်ဆိုရင် ဒီဝက်ပါကိုချေမှုန်းနိုင်လိမ့်မယ်လို့ အစ်ကိုယုံကြည်တယ်"

စုစုကခေါင်းညိတ်ပြီး....

"ကျွန်မလဲ ဒီလိုပဲယုံကြည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်ကျေနပ်စွာပြုံးလိုက်သည်။

"ဒါဆိုရင် ဘာစိုးရိမ်စရာလိုသေးလို့လဲ"

စုစုက....

"ကျွန်မစိုးရိမ်တာတစ်ခုရှိတယ်"

ထန်ဟုန်က....

"ဘာကိုလဲ"

"လိန်ကူး"

ထန်ဟုန်မျက်မှောင်ကုပ်သွား၏။

"လိန်ကူးဆိုတာဘယ်သူလဲ"

စုစုက....

"လိန်ကူးဆိုတာ စွန်းလုံကူရဲ့သမီးတစ်ယောက်ပါ"

သူမကဖြည်းဖြည်းစွာ(?)ရှင်းပြလိုက်သည်။

"စွန်းလုံကူရဲ့သားသမီးငါးယောက်ထဲမှာ.... လိန်ကူးဟာအသက်အငယ်ဆုံးဖြစ်တယ်၊ အသက်ကလဲ ၁၄–၁၅ နှစ်လောက်ပဲရှိသေးတယ်"

ထန်ဟုန်ပြုံးလိုက်သည်။

"မြွေငါးကောင်တောင်မှမကြောက်တာဘဲ၊ ဒီကလေးမိန်းကလေးတစ်ယောက်ကို ဘာကြောင့်စိုးရိမ်နေရမှာလဲ"

စုစုက....



"ကျွန်မက မြွေငါးကောင်ပက်ပါသုံးခုကို ရင်ဆိုင်ချင်တယ်... လိန်ကူးတစ်ယောက်ကိုတော့ ရင်မဆိုင်ချင်ဘူး"

ထန်ဟုန် မျက်မှောင်ကုပ်သွား၏။

"လိန်ကူးက သိုင်းပညာသိပ်တော်နေလို့လား... ဒါမှမဟုတ် သိပ်ပြီးရက်စက်ကြမ်းကြုတ်နေလို့လား"

စုစုခေါင်းခါယမ်းလိုက်သည်။

"သိုင်းပညာတော့မညံ့ပါဘူး... ဒါပေမဲ့ အစ်ကိုပြောသလို ရက်စက်ကြမ်းကြုတ်မှုမရှိဘူး"

ထန်ဟုန် နားမလည်နိုင်အောင်ဖြစ်သွားသည်။

"ဒါဖြင့် သူ့ကို ဘာကြောင့်ဒီလောက်စိုးရိမ်နေရတာလဲ"

စုစုကရှင်းပြလိုက်သည်။

"ပထမအချက်က လိန်ကူးကလှတယ်... ချောတယ်၊ သူ့ကိုကြည့်လိုက်ရင် ကလေးဆန်ဆန်အပြစ်ကင်းပြီး သဘောထားဖြူစင်တာကိုတွေ့ရလိမ့်မယ်"

ထန်ဟုန် ပြုံးလိုက်မိလေသည်။

"အဲဒါကို ဘာဖြစ်လို့ ညီမလေးကစိုးရိမ်နေရတာလဲ"

"လိန်ကူးဟာ အရာရာကိုသနားတတ်တယ်... ကြင်နာတတ်တယ်၊ ဘယ်အချိန်မှာမဆို ဘယ်သူ့အပေါ်မှာမှ ရန်လိုတဲ့သဘောလက္ခဏာကိုမတွေ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်မှာ မနေနိုင်ဘဲရယ်မောလိုက်သည်။

"ဒီလောက် နူးညံ့သိမ်မွေ့တဲ့မိန်းကလေးတစ်ယောက်ကို ညီမက ဘာကြောင့် ဒီလောက်စိုးရိမ်နေရတာလဲ"

စုစု မျက်နှာရှုံ့မဲ့သွားသည်။

"အဲဒါခက်တာပေါ့... သူ အခုလိုဘယ်သူ့ကိုမှရန်မလိုဘဲ ယဉ်ကျေးသိမ်မွေ့နေတဲ့အတွက် ကြောက်စရာအကောင်းဆုံးဖြစ်နေရတယ်လို့ ဘွားဘွားကစိုးရိမ်တကြီးသတိပေးတာပေါ့"

ထန်ဟုန် အသာအယာခေါင်းခါလိုက်မိသည်။

"ညီမပြောတာကို အစ်ကိုဘာမှနားမလည်တော့ဘူး"

စုစုက....

"အစ်ကိုစဉ်းစားကြည့်လေ... သူ့ကိုမြင်တွေ့လိုက်တာနဲ့ မုန်းတီးတဲ့စိတ်ကဖြစ်မလာဘဲ ချစ်ခင်ကြင်နာတဲ့စိတ်ပဲဖြစ်ပေါ်လာတယ်ဆိုတော့ သူ့ကိုဘယ်လိုလုပ်ပြီး ရက်ရက်စက်စက်တိုက်ခိုက်ချင်ကြတော့မှာလဲ"

ထန်ဟုန်ခေါင်းခါယမ်းလိုက်သည်။

"ညီမပြောတာကို အစ်ကိုကပဲဉာဏ်ထိုင်းလို့လားမသိဘူး... သဘောကိုမပေါက်နိုင်ဘူးဖြစ်နေတယ်"

စုစုပခုံးတွန့်လိုက်သည်။

"ကျွန်မလဲ အခုထက်ပိုပြီးရှင်းမပြတတ်တော့ဘူး၊ မကြာမီ



လိန်ကူးကိုတွေ့ရတော့မှာပဲလေ... အဲဒီအခါကျရင်တော့ အစ်ကိုနားလည်သဘောပေါက်လာမှာပါ"

ပြောပြီး စုစုထိုင်ရာမှထလိုက်သည်။

"ကဲ... ကျွန်မ ပြောသင့်ပြောထိုက်တာတွေကို ပြောပြပြီးပြီ၊ သွားကြပါစို့"

ဤသို့ဖြင့်.... သူတို့သည် အနောက်ဘက်တည့်တည့်သို့ဆက်လက်ထွက်ခွာသွားကြလေသည်။

○○○○

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်က သူ့ရှေ့တွင် ဘွားခနဲပေါ်လာသည်ကိုမြင်တွေ့လိုက်ရသောကြောင့် ထိတ်လန့်တုန်လှုပ်သွားခြင်းဖြစ်သည်။

ထန်ဟုန်က ကမန်းကတမ်းပင်....

"မကြောက်ပါနဲ့ဦးလေး... ကျွန်တော် လမ်းမသိလို့နည်းနည်းမေးချင်လို့ပါ"

သူ့ရှေ့ ဘွားခနဲပေါ်လာသူမှာ လူငယ်တစ်ယောက်ဖြစ်နေသည်ကိုတွေ့လိုက်ရသဖြင့် စိတ်သက်သာရာရသွား၏။

"ဘာမေးမလို့လဲသူငယ်"

ထန်ဟုန်က....

"ဒီနေရာမှာ ရေကန်ရှိပါသလားခင်ဗျာ"

ထင်းခွေသမားက....

"ရှိတာပေါ့... ဒီနေရာတစ်ဝိုက်မှာ ရေကန်(၅)ကန်ရှိတယ်"

"ဟောဗျာ"

ထန်ဟုန် လွတ်ခနဲအသံထွက်သွား၏။

ထိုအချိန်တွင် စုစုကအနီးသို့ရောက်ရှိလာ၏။

သူမကဝင်ရောက်၍ပြောလိုက်၏။

"ကျွန်မတို့တွေ့ချင်တဲ့ရေကန်က အင်မတန်အေးမြတဲ့ရေကန်ကိုပါ"

ထင်းခွေသမားက....

BURMESE CLASSIC .com



"သြော်... ရေခဲကန်ထင်ပါတယ်"

စုစုခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဦး"

ထင်းခွေသမားက....

"အဲ့ဒီရေကန်ကိုမသွားရင်ကောင်းမယ်"

စုစု မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ထင်းခွေသမားက....

"အဲ့ဒီနေရာကို ဘယ်သူမှမသွားဝံ့လို့ပါ"

သူကဆက်၍ရှင်းပြလိုက်၏။

"အဲဒီနေရာမှာ ဆိုင်းဘုတ်တစ်ခုရေးထားတာရှိတယ်၊ ရေကန်အနီးကို ဘယ်သူမှမသွားရတဲ့"

ထန်ဟုန်ကကြားဖြတ်ပြောလိုက်၏။

"သွားရင် ဘာဖြစ်သလဲ"

ထင်းခွေသမားက....

"ကျုပ်တို့ထင်းခွေသမားတစ်ယောက်က ဆိုင်းဘုတ်ရေးထားတာကိုမယုံကြည်လို့ ဝင်သွားလိုက်တာ ပြန်ကိုထွက်မလာတော့ပါဘူး"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး... ဘယ်နေရာမှာရှိတယ်ဆိုတာသာပြောပြပါ ခင်ဗျာ"

သူသည် ပြောရင်း ငွေတုံးကလေးတစ်တုံးကိုထုတ်၍ထင်းခွေသမားကိုပေးလိုက်လေသည်။ ထင်းခွေသမားဝမ်းသာသွား၏။

သူသည် နောက်သို့လှည့်လိုက်ပြီး သွားရမည့်လမ်းကြောင်းကိုရှင်းလင်းပြောပြလိုက်၏။ ထန်ဟုန်တို့သည် ထင်းခွေသမားကိုကျေးဇူးတင်စကားပြောပြီး ထိုလူလမ်းညွှန်သည့်အတိုင်း ဆက်လက်လျှောက်သွားကြလေတော့၏။

၀၀၀၀



တောအုပ်ငယ်သုံးခုကို ဖြတ်သန်းကျော်လွှားလာသောအခါ အလွန်မြင့်မားသောတောင်ကုန်းတစ်ခုကိုမြင်တွေ့လိုက်ကြရလေ၏။

ထိုနေရာတစ်ဝိုက်သည်....

အခြားနေရာများနှင့်မတူဘဲ....

အလွန်အေးစိမ့်လာသည်ကိုလည်း ခံစားမိလာကြသဖြင့်...

သူတို့ရောက်ရှိလိုသောရေကန်မှာ ထိုအနီးတစ်ဝိုက်တွင်ရှိရမည်ဟုခန့်မှန်းမိကြလေသည်။

စုစုသည် မြင့်မားသောတောင်ကုန်းပေါ်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"အစ်ကို... ဟိုမှာမြင့်မားလှတဲ့တောင်ကုန်းတစ်ခုကိုတွေ့တယ်မဟုတ်လား"

ထန်ဟုန်လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

"တွေ့တယ်ညီမ"

www.burmeseclassic.com

www.burmeseclassic.com



စုစုက....

"သူတို့ပြောတဲ့ရေကန်ဆိုတာ အဲဒီတောင်ကုန်းရဲ့ခြေရင်းတစ်ဝိုက်မှာရှိလိမ့်မယ်"

"ဒါဖြင့်သွားကြစို့"

ထန်ဟုန်ကပြောပြောဆိုဆို အဆိုပါတောင်ကုန်းဆီသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

စုစုကလှမ်းတားလိုက်သည်။

"ဒီလိုသွားလို့မဖြစ်ဘူးထင်တယ်"

ထန်ဟုန် မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဘယ်လိုသွားရမှာလဲ"

စုစု အနည်းငယ်စဉ်းစားလိုက်၏။

"အစ်ကိုအရင်သွားပါ... ကျွန်မ နောက်ကနေ တိတ်တဆိတ်ကပ်လိုက်လာခဲ့မယ်... ဒါမှလဲ ရန်သူနဲ့တွေ့ရင် ကျွန်မတို့ကအသင့်အနေအထားမှာရှိနေမှာ"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ဒီအကြံကောင်းတယ်"

သူက စုစုအားလက်ဝှေ့ယမ်းပြပြီးမြင့်မားသောတောင်ကုန်းတည်ရှိရာသို့ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေသည်။

ဝဝဝဝ

BURMESE CLASSIC .com



တစ်ခဏအချိန်တွင် ထန်ဟုန်သည် တောင်ကုန်းခြေရင်းသို့ ရောက်ရှိလာပြီဖြစ်၏။

သို့သော် သူတို့တွေ့လိုသောရေကန်ကို မတွေ့ရသေးပါ။

သူသည် တောင်ကုန်းကိုမော့၍ အကဲခတ်ကြည့်လိုက်မိလေသည်။

ထိုတောင်ကုန်းမှာ ကျောက်တောင်တစ်ခုနှင့်တူလှပေသည်။

သစ်ပင်နွယ်ပင်များ လုံးဝမရှိ။ ေ

တာင်ခေါင်းတုံးဖြစ်နေ၏။

တောင်ကုန်းမှာ အလွန်မတ်စောက်နေသောကြောင့် အပေါ်တက်ရန်မှာ လွယ်ကူမည်မဟုတ်ပါ။

ထန်ဟုန်သည် တောင်ကုန်းပေါ်၌ လူသားများနေထိုင်နိုင်လိမ့်မည်မဟုတ်ဟု ထင်မှတ်နေ၏။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



သူသည် တောင်ထိပ်ပေါ်သို့မော့ကြည့်လိုက်သောအခါ အံ့သြသွားလေသည်။

အကြောင်းမှာ... တောင်ထိပ်ပေါ်တွင် အဖြူရောင်ဝတ်ဆင်ထားသောမိန်းကလေးတစ်ဦး ရပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

တောင်ပေါ်တွင် လေပြေလေညှင်းများ တသုန်သုန်တိုက်ခတ်လျက်ရှိသောကြောင့်....

မိန်းကလေးဝတ်ဆင်ထားသောအင်္ကျီစမှာ လေနှင့်အတူ တလူလူတလွင့်လွင့်ဖြစ်နေသည်ကိုတွေ့မြင်ရလေသည်။

တိမ်တိုက်ပေါ်၌ရပ်နေသော နတ်မိမယ်တစ်ပါးနှင့်ပင် တူနေပေတော့၏။

သူ မင်တက်ငေးမော၍ကြည့်နေစဉ်မှာပင်....

ထိုမိန်းကလေးသည် တောင်အောက်သို့ဆင်းလာနေသည်ကို မြင်တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးသည် မတ်စောက်နေသောတောင်ကုန်းပေါ်မှ အတွယ်အတာမရှိဘဲ သက်တောင့်သက်သာဆင်းလာနေခြင်းဖြစ်ပေသည်။

မိန်းကလေးဆင်းလာနေပုံကိုငေးကြည့်ရင်း ထန်ဟုန်မှာ အလွန်ပင် အံ့အားသင့်နေမိလေတော့၏။



မိန်းကလေးဆင်းသက်လာပုံအရ သူမသည် အလွန်အဆင့်မြင့်သောကိုယ်ဖော့ပညာတတ်မြောက်ထားကြောင်း ထန်ဟုန်ခန့်မှန်းသိရှိလိုက်လေသည်။

မိန်းကလေးသည် အောက်သို့ တဖြည်းဖြည်းဆင်းလာသောအခါ ထန်ဟုန်သည် သူမအား ပီပြင်စွာတွေ့မြင်လာလေ၏။

အသက် ၁၄-၁၅ နှစ်အရွယ်မျှသာရှိသောမိန်းကလေးတစ်ဦးဖြစ်ပေသည်။

နုနယ်ပြီးကလေးဆန်သေးသောသူမ၏မျက်နှာလေးသည် အလွန်ကျက်သရေရှိလှသည်ဟု ထန်ဟုန်၏ရင်ထဲတွင်ခံစားလိုက်မိ၏။

အဘယ့်ကြောင့်မှန်းမသိ....

သူ၏မျက်လုံးအစုံသည် ထိုမိန်းကလေး၏ မျက်နှာပြင်ပေါ်မှ မခွာနိုင်ဘဲဖြစ်နေလေသည်။

မိန်းကလေးကမူ....

သူ့အား မြင်တွေ့ရခြင်းမရှိသည့်အလား တောင်ခြေရင်းသို့ ရောက်ရှိလာပြီး....

တောင်ခြေရင်းရှိ မြေတွင်းလေးတစ်ခုရှိရာသို့ လျှောက်သွားလေသည်။

ထန်ဟုန်သည် ထိုမိန်းကလေးနောက်သို့ အလိုလိုလျှောက်လှမ်းသွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ထိုမြေတွင်းထဲမှ ယုန်ကလေးတစ်ကောင်ကို ပွေ့ချီပြီး အလွန်ကရုဏာသက်စွာဖြင့် ယုန်ကလေး၏ခန္ဓာကိုယ်ကို ကြည့်ရှုရင်း.....

"သနားလိုက်တာယုန်ကလေးရယ်... နင်ဘယ်လိုဖြစ်လို့ ဒဏ်ရာရသွားရတာလဲ"

သူမ၏အသံမှာလည်း ကရုဏာသက်သည့်အသံမျိုးဖြစ်ပေါ် နေလေသည်။

ထန်ဟုန်ကလှမ်းကြည့်လိုက်ရာ....

ယုန်ကလေး၏ပေါင်ပေါ်တွင် သွေးစက်များစိမ့်ထွက်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။ မိန်းကလေးသည် ယုန်ကလေး၏ ဒဏ်ရာကိုကြည့်ရှုပြီးနောက်....

"တော်ပါသေးရဲ့... ခြေထောက်ကျိုးမသွားသေးဘူး၊ နင့်ကို ငါအဝတ်နဲ့စည်းပေးလိုက်မယ်နော်"

သူမက ယင်းသို့ပြောရင်း သူမ၏ဂါဝန်စတစ်စကိုဆွဲဖြဲရန် ဟန်ပြင်လိုက်ရာ....

ထန်ဟုန်က အိတ်ထဲမှလက်ကိုင်ပဝါတစ်ထည်ကိုထုတ်၍ လှမ်းပေးလိုက်၏။

မိန်းကလေးကလှည့်၍ပင်မကြည့်ဘဲ လက်ကိုင်ပဝါကိုလှမ်းယူပြီး ယုန်ကလေး၏ပေါင်ကိုစည်းပေးလိုက်လေသည်။



သူမသည် ယုန်ကလေး၏ဒဏ်ရာကိုစည်းပေးပြီးနောက် ရုတ်တရက် နောက်လှည့်ကြည့်လိုက်၏။

ယခုမှ သူမသည် ထန်ဟုန်အားမြင်တွေ့ရဟန်ဖြင့် မျက်လုံး ကလေးဝိုင်းသွားသည်။ သို့သော် သူမသည် အံ့ဩထိတ်လန့်သွားခြင်း တော့မရှိပါ။

ရွှန်းလက်တောက်ပသောမျက်လုံးအစုံဖြင့် ထန်ဟုန်အား ကြည့်လိုက်လေ၏။

"အစ်ကိုကဘယ်သူလဲဟင်"

ထန်ဟုန်သည် မိမိမှာ ရန်သူ့နယ်မြေထဲသို့ရောက်ရှိနေသည် ကိုပင်မေ့လျော့သွား၏။

ထို့ကြောင့်....

သူသည် ကွယ်ဝှက်မနေဘဲ အမှန်အတိုင်းပြန်ပြောလိုက်၏။

"ထန်ဟုန်ပါ"

မိန်းကလေးကခေါင်းညိတ်လိုက်၏။

"ထန်ဟုန်တဲ့လား... ဒါနဲ့ဘယ်ကိုသွားမလို့ပါလဲရှင်"

ထန်ဟုန်က....

"ရေခဲကန်ကိုပါ"

မိန်းကလေးကချက်ချင်းပင်....

"ရေခဲရေကန်ဆိုတာ ဟိုရှေ့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမကပြုံး၍ စကားဆက်လိုက်၏။

"ခဏလေးနော်... ဒီယုန်ကလေးကို သူ့နေရာမှာထားပြီးရင် လိုက်ပို့ပေးပါ့မယ်"

ထန်ဟုန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ကျေးဇူးပါပဲ"

မိန်းကလေးက ယုန်ကလေးကိုမြေတွင်းထဲ၌ ပြန်လည်ထား ရှိပြီးနောက် ထန်ဟုန်အားပြုံး၍ခေါင်းညိတ်ပြလိုက်၏။

"ကျွန်မနောက်ကိုလိုက်ခဲ့ပါ"

ထန်ဟုန်သည် မိမိ ဤနေရာသို့ရောက်ရှိလာခြင်းမှာ ရန်သူ နှင့်ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်းကို လုံးဝသတိမထားမိတော့ပါ။

ထိုမိန်းကလေးသည်....

ရန်သူလော မိတ်ဆွေလောဟုပင်....

စဉ်းစားတွေးတောမနေတော့ဘဲ မိန်းကလေးခေါ်ရာနောက် သို့လိုက်ပါသွားလေ၏။

မိန်းကလေးသည်.... ထန်ဟုန်အား အလွန်တရာရင်းနှီးသော မိတ်ဆွေတစ်ယောက်ပမာ ပြုံးပြုံးရွှင်ရွှင်ရင်းရင်းနှီးနှီးဖြင့်ခေါ်ဆောင် သွားလေ၏။

သူတို့ ခြေလှမ်းတစ်ရာခန့်လှမ်းမိလာသောအခါ ရုတ်တရက် လူနှစ်ယောက်သည် သူတို့ရှေ့တွင်ဘွားခနဲပေါ်လာလေသည်။



ထန်ဟုန်သည် ထိုလူနှစ်ယောက်အားမြင်တွေ့လိုက်ရသည် နှင့် မျက်နှာကွက်ခနဲပျက်သွားလေ၏။

ထိုလူနှစ်ယောက်မှာ မိမိအား ချိန်းဆိုလိုက်သောအဝါရောင် အင်္ကျီဝတ်မိန်းကလေးနှင့် ရုပ်ဆိုးသောလူငယ်တို့ဖြစ်လေသည်။

ရုပ်ဆိုးသောလူငယ်သည် ထန်ဟုန်နှင့်မိန်းကလေးတို့ တရင်း တနှီးလျှောက်လှမ်းလာနေသည်ကိုတွေ့မြင်လိုက်သည်နှင့်....

ထန်ဟုန်အား စားမတတ်ဝါးမတတ် ခပ်စိမ်းစိမ်းစိုက်ကြည့် လိုက်လေသည်။

တစ်ဆက်တည်းမှာပင်.....

"ဖယ်စမ်း"

အော်ငေါက်ရင်း ရှေ့သို့ခြေတစ်လှမ်းလှမ်းပြီး လက်ဝါးတစ် ဖက်ဖြင့် ထန်ဟုန်၏ရင်ဝကိုတွန်းထုတ်လိုက်လေသည်။

မိန်းကလေးကဟာန့်တားလိုက်၏။

"ညီ့သည်ကို ဒီလိုမလုပ်ရဘူး"

သူမကပြောရင်း ထန်ဟုန်၏လက်ကိုအသာအယာတစ်ချက် ဆွဲလိုက်၏။

ထန်ဟုန်၏ခန္ဓာကိုယ်တစ်ချက်ယိမ်းသွားသည်။

ယင်းသို့ခန္ဓာကိုယ်တစ်ချက် ယိမ်းခနဲဖြစ်သွားသောကြောင့် ရုပ်ဆိုးသောလူငယ်၏လက်ဝါးသည် လေထဲသို့တိုးမိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် တစ်ဆက်တည်းမှာပင် လှမ်း၍ပြောလိုက်လေ၏။

"ညည်းသည်ကို ဒီလိုမလုပ်ရဘူးလို့ပြောနေတယ်လေ၊ မကြားဘူးလား"

သူမကပြုံး၍ပြောလိုက်ခြင်းဖြစ်သည်။ သူမ၏အသံမှာလည်း ပျော့ပျောင်းချိုလွင်နေသည်။

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင်....

ရုပ်ဆိုးသောလူငယ်၏ ဒေါသထွက်နေသော မျက်နှာသည် ချက်ချင်းပင်ပျော့ပျောင်းသွားလေ၏။

နောက်သို့လည်း ခြေလှမ်းနှစ်လှမ်းခန့်လှမ်း၍ဆုတ်ခွာသွားလေတော့သည်။

၀၀၀၀



ထန်ဟုန်သည် မိန်းကလေးနောက်မှ ဆက်လက်လိုက်သွားရင်း စုစု၏စကားကိုပြန်လည်သတိရလာလေ၏။

စုစုက သူ့အားပြောပြခဲ့ဖူးသည်။

လိန်ကူးဟူသောမိန်းကလေးတွင် ထူးခြားသောစွမ်းရည်ရှိသည်ဟုပြောခဲ့ဖူးခြင်းဖြစ်သည်။

ထိုစွမ်းရည်မှာ အေးချမ်းသောစွမ်းရည်တစ်ရပ်ဖြစ်၏။

မည်သူမဆို သူမကိုမြင်တွေ့လိုက်သည်နှင့်....

မုန်းတီးသောစိတ်များ၊

ဒေါသထွက်နေသောစိတ်များ၊

မကောင်းသောစိတ်များ....

အလိုလိုပျောက်ကွယ်သွားတတ်ခြင်းကြောင့် ဖြစ်လေသည်။

ယခုလည်း သူ့အားရန်မူသောရုပ်ဆိုးလူငယ်ကို လိန်ကူး၏ စကားတစ်ခွန်းပြောလိုက်သည်နှင့်....

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဆိုးလူငယ်သည် သူ့အားတိုက်ခိုက်လိုသောစိတ်ဆန္ဒများ အလိုလိုချုပ်ငြိမ်းသွားလေသည်။

သူသည် လိန်ကူးခေါ်ရာသို့လိုက်ပါသွား၏။

မိမိသွားလိုသောနေရာသည် အလွန်အန္တရာယ်ရှိသည့်နေရာဟု စိတ်ထဲတွင်သိရှိထားသည်။

သို့သော် လိန်ကူးနောက်သို့လိုက်သွားလျှင် အလွန်လုံခြုံမှုရှိသည်ဟု စိတ်ထဲတွင်အလိုလိုခံစားလာမိ၏။

ဤမိန်းကလေးသည် အကယ်ပင် မေတ္တာကရုဏာရှင်ဖြစ်နေသည်လော။

သို့မဟုတ် ပရိယာယ်အလွန်ကြွယ်ဝသောမိန်းကလေးတစ်ယောက်ဖြစ်နေသည်လော....

သူ ဝေခွဲ၍မရအောင်ဖြစ်မိသည်။

သူသည် အကြောင်းမျိုးစုံကိုဆင်ခြင်သုံးသပ်မိသော်လည်း မိန်းကလေးနောက်သို့ ကြောက်ရွံ့သောစိတ်များလုံးဝမရှိဘဲ ရွှင်ရွှင်ပျပျဖြင့်လိုက်ပါသွားလေ၏။

၀၀၀၀



ထန်ဟုန် မိန်းကလေးနောက်မှလိုက်သွားရာ မိန်းကလေး၏ ခြေလှမ်းများသည် လှမ်းနေသည်နှင့်မတူဘဲ လေထဲတွင်လျှောက်နေသည့်အလားထင်မှတ်ရ၏။

သူသည် မိန်းကလေး၏လမ်းလျှောက်ပုံကို သေချာစွာလေ့လာအကဲခတ်ကြည့်လိုက်၏။

ထိုမိန်းကလေးသည် အခြားပညာ တော်မတော်ကို သူ့အနေဖြင့်မသိရသော်လည်း....

ကိုယ်ဖော့ပညာမှာမူ သိုင်းလောကတွင် သူမအား ယှဉ်ပြိုင်နိုင်သူ ရှားလိမ့်မည်ဟု သူယုံကြည်လာ၏။

သူသည် သိုင်းလောကအတွေ့အကြုံရှိသောလူငယ်တစ်ဦးဖြစ်သည်။ စုစုထံတွင် ကိုယ်ဖော့ပညာကိုလည်း ကောင်းစွာလေ့လာခဲ့ဖူးပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်သို့ပင်ရောက်ရှိနေပြီဟု ကောင်းစွာယုံကြည်ထားလေသည်။

သို့သော် ဤမိန်းကလေးနှင့် နှိုင်းယှဉ်လိုက်သည့်အခါတွင်မူ များစွာဟွာဟနေသည်ကိုတွေ့ရှိရလေ၏။

ထို့ကြောင့်....

လိန်ကူးအမည်ရှိသောမိန်းကလေး၏ လှုပ်ရှားသောခြေလှမ်းဖွေ့လျားသောခန္ဓာကိုယ် စသည်များကိုလိုက်၍အတုယူပြီး လက်တွေ့ကိုယ်ဖော့ပညာနှင့်ပေါင်းစပ်ကာ မိန်းကလေးနောက်သို့အမီလိုက်သွားလေသည်။

သူသည်....

လိန်ကူးနောက်သို့ လိုက်မမီနိုင်သေးသော်လည်း....

သူမနောက်တစ်လံခန့်အကွာသို့ ချဉ်းကပ်လာနိုင်ခဲ့ပြီဖြစ်လေသည်။

လိန်ကူးကခြေလှမ်းရပ်လိုက်၏။

သူမက ထန်ဟုန်အားရပ်စောင့်နေခြင်းဖြစ်၏။

သို့သော် သူမနောက်သို့လှည့်ကြည့်လိုက်သောအခါ ထန်ဟုန်မှာ သူမနောက်တွင်ရောက်ရှိနေသည်ကိုတွေ့ရသဖြင့် သူမမျက်နှာပေါ်တွင် အနည်းငယ်အံ့အားသင့်သည့်အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။



သို့သော် သူမသည် ဘာမျှမပြောဘဲဆက်၍ လျှောက်သွားလေ၏။ ထန်ဟုန်လည်း အေးအေးဆေးဆေးပင် သူမနောက်မှလိုက်သွားလေသည်။

ထန်ဟုန်သည် လျှောက်ရင်းလျှောက်ရင်း သူ၏စိတ်ထဲတွင်အေးစိမ့်လာသည်ဟုခံစားမိ၏။

ရေခဲရေကန်သို့ရောက်လုနီးနီးရှိနေပြီဖြစ်ကြောင်း အလိုလိုသိရှိနားလည်လာသည်။

ထိုအချိန်မှာပင်.... အေးစိမ့်သောအသံတစ်သံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

"ရပ်လိုက်"

ထိုအသံကိုကြားလိုက်ရသောအခါ ထန်ဟုန်က လှည့်ကြည့်လိုက်၏။ တောင်နံရံဘေးတစ်နေရာတွင် လူတစ်ယောက်ဘွားခနဲပေါ်လာသည်ကိုမြင်လိုက်ရ၏။

ထန်ဟုန်သည် ခြေလှမ်းကိုအလိုလိုရပ်တန့်လိုက်၏။

သူ့ရှေ့တွင် အမျိုးသမီးတစ်ဦးရောက်ရှိနေ၏။

ထိုအမျိုးသမီးမှာ အလွန်ဆုံးရှိလှ အသက်လေးဆယ်ကျော်ခန့်မျှသာရှိလိမ့်မည်ဟုထင်ရ၏။

အကယ်၍ အသက်နှစ်ဆယ်ခန့်သာငယ်သွားမည်ဆိုလျှင် အလွန်လှပချောမောသောသူတစ်ယောက်ဖြစ်မည်ဟု....

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်တွေးထင်လိုက်မိလေသည်။

သို့သော်.... သူမ၏အလှသည် နတ်မိမယ်ကဲ့သို့အလှမျိုးမဟုတ်ဘဲ ငရဲပန်းတစ်ပွင့်၏အလှနှင့် ပို၍တူလိမ့်မည်ဟု ရင်ထဲတွင် အလိုလိုခံစားလာမိလေသည်။

ထိုအမျိုးသမီးသည် မည်သူဖြစ်ပါသနည်းဟု စိတ်ထဲတွင်မေးခွန်းထုတ်မိ၏။

ထိုအချိန်တွင် လိန်ကူး၏အသံထွက်ပေါ်လာ၏။

"မေမေ"

အလွန်ပင် ဝမ်းသာပီတိဖြစ်သောအသံမျိုးဖြစ်၏။

သို့သော် ထန်ဟုန်၏ရင်ထဲတွင် အံ့ဩထိတ်လန့်သောခံစားချက်များကိုခံစားလာရသည်။

ထိုအမျိုးသမီးကို လိန်ကူးက 'မေမေ'ဟုခေါ်လိုက်ခြင်းဖြင့် ထိုအမျိုးသမီးမှာ စွန်းလုံကူဖြစ်ကြောင်း ဖော်ပြလိုက်သလို ဖြစ်နေလေသည်။

သို့သော် စွန်းလုံကူသည် အသက်လေးဆယ်ဝန်းကျင်ခန့်သာရှိသည်ဆိုခြင်းကို သူ့အနေဖြင့် မည်သို့မျှလက်မခံနိုင်ချေ။

ဖြစ်လည်း မဖြစ်နိုင်ဟုထင်မိသည်။။

စွန်းလုံကူသည် အနည်းဆုံးအသက်တစ်ရာရှိသည့်အဘွားအိုတစ်ယောက်ဖြစ်သင့်သည်မဟုတ်ပါလော။



သူ ယင်းသို့ကြောင်အမ်းအမ်းဖြင့်တွေးနေစဉ် စွန်းလုံကူ၏ ခက်ထန်သောအသံထွက်ပေါ်လာ၏။

"မင်းကဘယ်သူလဲ"

ထန်ဟုန်က....

"ကျွန်တော်ထန်ဟုန်ပါ"

ပြန်ဖြေသည်။ စွန်းလုံကူက....

"ငါ ဘယ်သူလဲဆိုတာကော မင်းသိသလား"

ထန်ဟုန်က....

"အဘွားစွန်းလုံကူဖြစ်လိမ့်မယ်လို့ထင်မိပါတယ်"

စွန်းလုံကူခေါင်းညိတ်လိုက်၏။

"မင်းမဆိုးဘူး"

ထန်ဟုန်ဦးညွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်"

သူသည် ယင်းသို့ပြောရင်း လိန်ကူးအားမသိမသာလှည့်ကြည့်လိုက်၏။ လိန်ကူးသည် သူတို့ပြောဆိုနေကြသည်ကို စိတ်ဝင်စားပုံမရပါ။

သူမသည် တောပန်းလေးများကိုသာ အာရုံစူးစိုက်စွာဖြင့် ခူးယူနေလေသည်။ စွန်းလုံကူက ထန်ဟုန်အား ခြေဆုံးခေါင်းဆုံးတစ်ချက် အကဲခတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

"မင်းကစားဘီလူးရဲ့တပည့်လား"

ဟုမေးလိုက်သည်။

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ"

စွန်းလုံကူက....

"ငါတို့နဲ့ ငါးလငါးရက်နေ့မှာ ယှဉ်ပြိုင်မဲ့ မိုးကြိုးစားရဲ့အမွေဆက်ခံသူလား"

ထန်ဟုန်ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်ပါတယ်ဗျာ"

စွန်းလုံကူက....

"မင်း မိုးကြိုးစားပညာကို ဘယ်လောက်ကြာကြာလေ့လာခဲ့သလဲ"

ထန်ဟုန်က....

"အခြေခံအပိုင်းကိုတော့ နှစ်အတော်ကြာကြာ လေ့လာလေ့ကျင့်ခဲ့ပါတယ်၊ ဒါပေမဲ့.... မိုးကြိုးစားပညာရဲ့အနှစ်သာရကို သဘောပေါက်လာအောင်လေ့ကျင့်ခဲ့တာကတော့ အချိန်သုံးရက်လောက်ပဲရခဲ့ပါတယ်"

စွန်းလုံကူမဲ့ပြုံးပြုံးလိုက်၏။



"မိုးကြိုးစားကို သုံးရက်ထဲနဲ့လေ့ကျင့်ပြီး ငါတို့နဲ့လာယှဉ်ပြိုင်တယ်ဆိုတာ ငါ့ကိုအထင်သေးလို့ဖြစ်မှာပေါ့ ဟုတ်လား"

ထန်ဟုန် ပျာပျာသလဲခေါင်းခါလိုက်သည်။

"အထင်မသေးရဲပါဘူးဗျာ"

စွန်းလုံကူက....

"မင်းဟာ မိုးကြိုးစားပညာကိုသုံးရက်ထဲလေ့ကျင့်ပြီး အခုလိုငါ့ဆီကို လာဝံ့တာ အရည်အချင်းပြည့်ရှိတဲ့ လူတစ်ယောက်ဖြစ်ရမယ်လို့ ငါယုံကြည်တယ်"

သူမကပင် စကားဆက်လိုက်၏။

"ကဲ... ငါးလ ငါးရက် အချိန်မကျသေးပါဘူး၊ ဒါပေမဲ့ ငါတို့အစမ်းသဘောနဲ့လေ့ကျင့်ကြရအောင်"

စွန်းလုံကူသည် ပြောပြီးသည်နှင့် လက်ဝါးတစ်ဖက်ကိုတဖြည်းဖြည်း ဆန့်ထုတ်လိုက်၏။ လက်ဝါးကိုစတင်ဆန့်လိုက်သည်နှင့် အေးစိမ့်သောအငွေ့အသက်များ အလိုလိုဖြစ်ပေါ်လာလေတော့၏။ အေးစိမ့်သော အငွေ့အသက်များသည် ပတ်ဝန်းကျင်တစ်ခုလုံးကိုဖုံးလွှမ်းသွား၏။ ထန်ဟုန်က ရင်ထိတ်သွား၏။

သူသည်ခုခံနိုင်ရန် အသင့်ပြင်ထားလေ၏။ ထိုအချိန်တွင် တောပန်းများကိုသာ အာရုံစူးစိုက်နေသောလိန်ကူးက ရုတ်တရက်နောက်သို့လှည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ... သူ့ကိုဒုက္ခမပေးပါနဲ့"

သူမ၏စကားမှာ ရိုးရိုးစင်းစင်းပင်ဖြစ်၏။

သူမ၏အသံမှာလည်း ချိုလွင်လှပေ၏။ အဘယ်ကြောင့်မှန်းမသိ မျက်နှာပေါ်တွင် ရက်စက်ကြမ်းကြုတ်သည့်ဟန်အမူအရာမှာ လိန်ကူး၏အသံကြောင့် တဖြည်းဖြည်းပျော့ပျောင်းလာ၏။

သူမ၏တိုက်ခိုက်ရန် ဟန်ပြင်လိုက်သောလက်နှစ်ဖက်သည် အလိုလို အောက်သို့ပြန်ချထားလိုက်၏။ ထို့နောက် ကရုဏာသက်သောအသံထွက်ပေါ်လာလေသည်။

"စိတ်ချပါသမီးလေး... သူ့ကိုမွဲ့တစ်ပေါက်မစွန်းစေရပါဘူး"

ထိုစကားကြောင့် ထန်ဟုန်အံ့ဩသွားရ၏။ လိန်ကူး၏ချိုသာသောစကားတစ်ခွန်းသည် အဘယ်ကြောင့် ဤမျှအရေးပါအရာရောက်နေရသည်ကို အံ့ဩ၍မဆုံးတော့ချေ။

○○○○



မည်သို့ပင်ဖြစ်စေ....

စွန်းလုံကူသည် လွယ်လွယ်နှင့်လက်လျှော့မည့်လူစားမျိုးတော့ မဟုတ်ပါ။

အကြံတစ်ခုမအောင်မြင်လျှင် နောက်ထပ် တစ်နည်းတစ်ဖုံကြိုးစားဦးမည်မှာသေချာနေ၏။

အနားတွင် လိန်ကူးရှိနေလျှင် သူမအနေဖြင့် ထန်ဟုန်အားမည်သို့မှဒုက္ခပေးနိုင်မည်မဟုတ်ပါ။

အမှန်တော့ သူမသည် ထန်ဟုန်အားသုတ်သင်ရန်မဟုတ်ပါ။ သူမ၏ရည်ရွယ်ချက်အမှန်မှာ ထန်ဟုန်အား တိုက်ခိုက်လိုက်လျှင် ထန်ဟုန်သည် မလွဲမသွေပြန်လည်ခုခံလိမ့်မည်ဖြစ်သည်။ ယင်းသို့ပြန်လည်ခုခံပါက သူ၏မိုးကြိုးစားသိုင်းကွက်များကိုတွေ့ရှိလာလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးဓားသိုင်းကွက်များကို မြင်တွေ့နိုင်ခွင့်ရရှိလာခဲ့လျှင် သူမသည် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်နေသဖြင့် မိုးကြိုးဓားပညာကို မည်ကဲ့သို့ပြန်လည်ချေမှုန်းရမည်ကို တီထွင်ကြံဆနိုင်မည်မဟုတ်ပါလော။

ထို့ကြောင့်.... သူမသည် ယခုကဲ့သို့ထန်ဟုန်အားဝင်ရောက်တိုက်ခိုက်လိုက်ရခြင်းဖြစ်ပေသည်။

oooo



စွန်းလုံကူသည် လိန်ကူးအနီး၌ရှိနေလျှင်သူ၏အကြံအစည်မှာ ထမြောက်အောင်မြင်နိုင်မည်မဟုတ်ဟုနားလည်လိုက်သည်။

ထို့ကြောင့် သူမသည် အကြံတစ်ခုရလာ၏။

"ဒါနဲ့ သမီးလိန်ကူး... မင်း အစ်မကြီးခေါ်နေတယ်... သွားလိုက်ပါဦးနော်"

လိန်ကူးမျက်မှောင်ကုပ်သွား၏။

"မမ ခေါ်သံလဲမကြားမိပါလား"

စွန်းလုံကူက....

"သမီးက တောပန်းကလေးတွေကိုအာရုံစူးစိုက်နေလို့ မကြားတာဖြစ်မှာပါ"

သူမကစကားဆက်လိုက်၏။

"ကဲ... သမီးရေ သွားလိုက်ပါဦး၊ အရေးကြီးတဲ့ကိစ္စများကြုံတွေ့နေရသလားမှမသိတာ"

www.burmeseclassic.com

www.burmeseclassic.com



လိန်ကူးခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီမေမေ"

လိန်ကူးထရပ်၏။ ထန်ဟုန်အား ထစ်ချက်ပြုံးပြပြီးနောက် စွန်းလုံကူဘက်သို့လှည့်ကြည့်၏။

"မေမေ ညှို့သည်ကိုကောင်းကောင်းဧည့်ခံထားပါနော်... သူ့ကိုအနှောင့်အယှက်မပေးရဘူး"

စွန်းလုံကူကခေါင်းညိတ်ပြ၏။

"စိတ်ချသာသွားပါသမီး... မေမေ သူ့ကိုကောင်းကောင်း မွန်မွန်ဧည့်ခံထားလိုက်ပါမယ်"

လိန်ကူးကထန်ဟုန်အားတစ်ချက်ပြုံးပြ၏။

"ကျွန်မ ခဏလေးသွားလိုက်ဦးမယ်နော်.... မေမေနဲ့စကား ပြောနှင့်ဦး"

သူမက ပြောရင်း ခူးထားသောပန်းများကိုစုစည်း၍ထွက်ခွာ သွားလေသည်။

၀၀၀၀



လိန်ကူးထွက်ခွာသွားသည်ကို ထန်ဟုန်ငေးမောနေမိ၏။

သူ၏အသည်းနှလုံးသည် လိန်ကူးနောက်သို့လိုက်ပါသွား သည့်အလားရှိသည်။ သူသည် အနီးတွင် ကြောက်စရာကောင်းသည့် ရန်သူတစ်ယောက်ရှိနေသည်ကိုပင်လျှင် မေ့လျော့သွား၏။

ထိုအချိန်တွင် စွန်းလုံကူ၏ရက်စက်ကြမ်းကြုတ်သော အသံ ထွက်ပေါ်လာ၏။

"ကဲ... မင်း အခုဘယ်ပြေးမလဲ"

အသံနှင့်အတူ သူမ၏လက်ငါးချောင်းသည် လျှပ်တစ်ပြက် ထန်ဟုန်၏လက်ကောက်ဝတ်ကိုတင်းကျပ်စွာ ဖမ်းဆုပ်လိုက်၏။

သူသည် ရှန်းရန်ဟန်ပြင်လိုက်သောအခါ နောက်ကျသွားပြီ ဖြစ်လေသည်။

မည်သို့မျှရုန်း၍မလွတ်တော့ပါ။ မိမိ ယခုကဲ့သို့ ပေါ့ဆမိခဲ့ သည်ကိုလည်း ယူကျုံးမရဖြစ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းလုံ့ကူက သူ့အားပြုံးစေ့စေ့ဖြင့်စိုက်ကြည့်၏။

ထိုအချိန်တွင်....

အဝေးသို့ရောက်နေသောလိနကူး၏အသံ ထွက်ပေါ်လာပြန်သည်ကိုကြားရလေ၏။

"မေမေ ထန်ဟုန်ကိုဒုက္ခပေးမယ်ဆိုရင် သမီးမေမေ့ကိုမခေါ်တော့ဘူးနော်"

ထိုစကားကိုကြားလိုက်ရသောအခါ စွန်းလုံ့ကူ၏မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သောအရိပ်အယောင်များ တဖြည်းဖြည်းကွယ်ပျောက်သွားလေ၏။

ထန်ဟုန်အား ဖမ်းဆုပ်ထားသောလက်ချောင်းများကိုလည်း အလိုလိုရုပ်သိမ်းလိုက်၏။

ထန်ဟုန်သည် လက်ကိုကမန်းကတမ်းရုပ်ပြီးနောက်သို့ ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွား၏။

ထိုအချိန်တွင်... အဝေးမှအသံတစ်သံထွက်ပေါ်လာသည်ကိုကြားရ၏။

"ညီမလေး မမဒီမှာရှိတယ်... မြန်မြန်လာပါ"

စွန်းလုံ့ကူ၏အခြားသမီးတစ်ယောက်က.... လိနကူးအား ထိုနေရာမှခြားခေါ်သွားခြင်းဖြစ်ကြောင်း ထန်ဟုန်သဘောပေါက်နားလည်လိုက်၏။



စွန်းလုံ့ကူသည် အလွန်ဉာဏ်များလှသောအမျိုးသမီးတစ်ယောက်ဖြစ်သည်ကို သူကောင်းစွာသဘောပေါက်လာ၏။

သူ့အဝေးသို့ငေးမောကြည့်နေစဉ်....

စွန်းလုံ့ကူ၏မျက်နှာတစ်ခုလုံးမှာ ရက်စက်ကြမ်းကြုတ်သောအသွင်များ ပြန်လည်ဖြစ်ပေါ်လာ၏။

သူမသည် ထန်ဟုန်ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်၏။

ထို့နောက် ထပ်မံတိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ထန်ဟုန်သည် အနီးရှိသစ်ကိုင်းတစ်ကိုင်းကိုချိုး၍ ဓားအဖြစ်အသုံးပြုရန် အသင့်ပြင်ထားလိုက်၏။

စွန်းလုံ့ကူ သဘောကျသွားသည်။

အမှန်မှာ သူမသည် ထန်ဟုန်အား အသေသတ်ရန်ရည်ရွယ်ချက်မရှိပါ။

သူမ၏ရည်ရွယ်ချက်မှာ မိုးကြိုးဓား၏ဓားပညာအနှစ်သာရများကိုတွေ့ရှိနားလည်ရန်ဖြစ်သည်။

မိုးကြိုးဓားပညာကိုကြိုတင်သိထားမှသာလျှင် ငါးရက် ငါးလနေ့ ကျန်းလောင်စန်းတောင်တွင် ယှဉ်ပြိုင်မည့် သိုင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နိုင်မည်မဟုတ်ပါလော။

ထန်ဟုန်သည် စွန်းလုံ့ကူ၏ရည်ရွယ်ချက်ကိုမသိပါ။

ထို့ကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



သူသည် စွန်းလုံကူတိုက်ခိုက်လာသည်ကိုမြင်တွေ့လိုက်သည်နှင့် မိုးကြိုးဓားပညာကိုအသုံးပြုလိုက်၏။

သူအသုံးပြုလိုက်သောသိုင်းကွက်မှာ....

မိုးကြိုးဓား၏ဆဋ္ဌမမြောက်သိုင်းကွက်ဖြစ်သည်။

သိုင်းကွက်၏အမည်မှာ....

'နဂါးခုန်ပျံ ခြောက်ကြိမ်တိုင်' ဖြစ်လေသည်။

ဤဆဋ္ဌမမြောက်သိုင်းကွက်သည် မိမိထက်အဆင့်မြင့်သူကိုယှဉ်ပြိုင်သည့်အခါ အသုံးပြုသောသိုင်းကွက်ဖြစ်သည်။

ယင်းသိုင်းကွက်၏ထူးခြားချက်မှာ တိုက်စစ်ကော ခံစစ်ပါ အသုံးပြုနေသောသိုင်းကွက်ဖြစ်သည်။

စွန်းလုံကူသည် ထန်ဟုန်က မိမိမျှော်လင့်ထားသော မိုးကြိုးဓားပညာအသုံးပြုလိုက်သည်ကိုတွေ့မြင်လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

ထိုအချိန်တွင် စုစု၏အသံထွက်ပေါ်လာသည်။

"အစ်ကို သူမျှားရဲ့တောင်ချောက်ထဲကိုတိုးမဝင်ပါနဲ့"

ထန်ဟုန်သည် စုစု၏စကားကိုကြားလိုက်ရသောအခါ ပြန်လည်၍သတိရလာသည်။

သူသည် 'နေနှင့်ကြယ်' သိုင်းကွက်ကိုအသုံးပြုရန်ဟန်ပြင်လိုက်ပြီးမှ ကမန်းကတမ်းထိန်းချုပ်ထားလိုက်လေ၏။



သူသည် ဆဋ္ဌမသိုင်းကွက်ကိုပင် ဆက်လက်အသုံးပြုလိုက်လေသည်။ စွန်းလုံကူက ရယ်မောလိုက်သည်။

"မင်းက မိုးကြိုးဓားပညာကိုမသုံးရင် ငါးလငါးရက်မတိုင်ခင်သေဆုံးသွားမှာသေချာတယ်"

ထန်ဟုန်မှာ သူမ၏စကားကိုမယုံကြည်တော့ဘဲ ဆဋ္ဌမသိုင်းကွက်ကိုသာအသုံးပြုလိုက်သည်။

စွန်းလုံကူသည် ထန်ဟုန်၏သိုင်းကွက်မှာ အပြောင်းအလဲ မရှိသည်ကိုတွေ့ရသဖြင့် မဲ့ပြုံးပြုံးလိုက်လေသည်။

"မင်းသာမိုးကြိုးဓားကွက်ကိုမပြောင်းရင် ဒီတစ်ခါတော့ သေရမှာပဲ"

သူမသည် စကားဆုံးသည်နှင့်....

"ယား...."

ဟုမာန်သွင်းပြီး ထန်ဟုန်ထံသို့ခုန်အုပ်လိုက်သည်။

ထိုအချိန်မှာပင် စုစု၏အသံထွက်ပေါ်လာသည်။

"မကြောက်နဲ့အစ်ကို ကျွန်မလာပြီ"

စုစုသည် ယင်းသို့ အားပေးစကားပြောရင်း စွန်းလုံကူထံသို့တိုးဝင်သွားသည်။

စွန်းလုံကူကရယ်မောလိုက်သည်။

ပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ မိုးကြိုးဓားပညာကိုအသုံးပြုရင် ဘေးမသီ ရန်မခ ပြန်သွားနိုင်မှာသေချာတယ်၊ တကယ်လို့များ မိုးကြိုးဓားပညာကို လျှို့ဝှက်ထားမယ်ဆိုရင်တော့ သေဖို့လမ်းတစ်လမ်းပဲရှိတယ်"

သူမသည် ပြောပြီး စုစုနှင့်ထန်ဟုန်တို့အားပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေတော့သည်။

ဝဝဝဝ



တိုက်ပွဲသည် ပြင်းထန်လာ၏။ အကယ်၍သာ စုစုတို့သည် မိုးကြိုးဓားပညာကိုအသုံးပြုလိုက်မည်ဆိုလျှင် စွန်းလုံကူအား မယှဉ် နိုင်သည့်တိုင်အောင် အရှုံးကြီးရှုံးမည်မဟုတ်ပါ။

သို့သော်... သူတို့သည် မိုးကြိုးဓားပညာကို လုံးဝအသုံးမပြု နိုင်သောကြောင့် သူတို့၏အခြေအနေမှာ တဖြည်းဖြည်းဆိုးရွားလာ လေသည်။

ထန်ဟုန်သည် တစ်ခါတစ်ရံစိတ်ကိုမထိန်းနိုင်ဘဲ မိုးကြိုးဓား ၏အခြားသိုင်းကွက်ကို ထုတ်ဖော်အသုံးပြုရန် ဆုံးဖြတ်လိုက်သော် လည်း စုစုကပိတ်ပင်ထားသဖြင့် အသုံးမပြုနိုင်ဘဲ အလူးအလိမ့်ခံနေ ရတော့သည်။

ဤသို့ဖြင့်... နောက်ထပ်သိုင်းကွက်တစ်ကွက်ကိုအသုံးပြုရန် ဟန်ပြင်လိုက်၏။

ထိုအချိန်တွင် လူရိပ်တစ်ရိပ် ဘွားခနဲပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင်....

"ရပ်လိုက်"

အသံနှင့်အတူ တိုလူသည် ထန်ဟုန်နှင့်စုစုတို့ကြားသို့ တိုးဝင်လာသည်။ စုစုနှင့်ထန်ဟုန်တို့ ကမန်းကတမ်း နောက်သို့ ဆုတ်သွားလေသည်။

တိုက်ခိုက်နေသော သူတို့သုံးယောက်သည်တိုက်ခိုက်ရာမှ ရပ်တန့်ပြီး ပြိုင်တူလှည့်ကြည့်လိုက်သည်။ မျက်လုံးတစ်ဖက်လပ်နေသောအဘွားအိုဖြစ်သည်။

"ဆရာ...."

"ဆရာ...."

စုစုနှင့်ထန်ဟုန်တို့က အံ့ဩစွာပြိုင်တူခေါ်မိကြသည်။

အဘွားအိုက သူတို့နှစ်ယောက်အား ပြစ်တင်ပြောဆိုလိုက်လေသည်။

"မင်းတို့နှစ်ယောက်ဟာ ပညာမတောက်တစ်ခေါက်တတ်ရုံနဲ့ မိုးမမြင်လေမမြင်ဖြစ်နေကြပါလား"

အဘွားအိုက အပြစ်တင်ကြိမ်းမောင်းလိုက်သည်။

စုစုသည် ဘာမှမကြားလိုက်ရသည့်အလား ပါးစပ်ပိတ်ထားလိုက်လေသည်။

ထန်ဟုန်ကမူ မကျေမနပ်ဖြစ်လာလေသည်။



ဆရာဖြစ်သူအဘွားအိုသည် ရန်သူအားဝင်ရောက်ကူညီတိုက်ခိုက်ခြင်းမပြုရုံမက မိမိတို့ကိုပင် အော်ငေါက်ဆူပူလိုက်သေးသည်မဟုတ်ပါလော။

သူ မကျေမနပ်ဖြင့်အံ့ဩနေစဉ်....

အဘွားအိုသည် သူတို့အား ပို၍အံ့အားသင့်သွားအောင် မည်သူမျှမျှော်လင့်မထားသည့်လုပ်ရပ်ကို ပြုလုပ်လိုက်လေသည်။

သူမသည် စွန်းလုံကူအား လက်အုပ်ချီ၍အရိုအသေပြုလိုက်ခြင်းပင်ဖြစ်လေသည်။

"အားနာလိုက်တာ... ကျုပ်တပည့်နှစ်ယောက်မလိမ္မာလို့ ခုလို ရန်စမိသလိုဖြစ်သွားတာကိုခွင့်လွှတ်ပါလို့တောင်းပန်ပါတယ်"

စွန်းလုံကူကမဲ့ပြုံးပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး... ငါးလငါးရက်မတိုင်မီ ကျုပ်လူမသတ်ချင်ပါဘူး"

ထိုအခါ စုစုက လက်နှစ်ဖက်ဆုပ်ကာ....

"ကျွန်မ တောင်းပန်ပါတယ်"

ထန်ဟုန်ကမူ တောင်းပန်ခြင်းမပြုဘဲရပ်နေ၏။

အဘွားအို၏အသံခက်ထန်လာသည်။

"ထန်ဟုန်... ငါပြောတာမင်းမကြားဘူးလား"

ဤတွင်....

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် အဘွားအိုစကားကိုမလွန်ဆန်ဝံ့ဘဲ ဦးညွတ်လိုက်လေသည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ"

အဘွားအိုက စွန်းလုံကူအားနှုတ်ဆက်လိုက်သည်။

"ငါးလငါးရက်ဆိုတာ အတော်ကိုနီးကပ်နေပါပြီ၊ ပေးထားတဲ့ကတိအတိုင်း အချိန်မီလာခဲ့ပါ့မယ်၊ အခုတော့ ကျုပ်တို့ကိုသွားခွင့်ပြုပါ"

သူမသည် လေးလေးစားစားဦးညွတ်ပြီး လက်တစ်ချက်ဝှေ့ယမ်းကာ အဖွဲ့သားများနှင့်အတူ လျှင်မြန်စွာထွက်ခွာသွားလေတော့သည်။

၀၀၀၀



စွန်းလုံကူမှာ မကျေမနပ်ဖြင့်ခေါင်းတစ်ချက်ဆတ်လိုက်၏။ သူမသည် မကျေမနပ်ဖြစ်ကာပျောက်ကွယ်သွားသော အဘွားအိုနှင့်ထန်ဟုန်တို့သုံးယောက်အားကြည့်ကာ ခြေထောက်တစ်ချက်ဆောင့်လိုက်သည်။

"မိုးကြိုးဓားပညာကိုသိခွင့်ရတော့မဲ့အချိန်မှာမှ ဒီအဘွားကြီးကဝင်ရှုပ်သွားတယ်"

သူမသည် ယင်းသို့ဒေါသဖြစ်နေစဉ်မှာပင် လူတစ်ယောက်၏အသံကိုကြားရ၏။

"မေမေ... တစ်ယောက်တည်း ဘာဖြစ်လို့ စိတ်ဆိုးနေရတာလဲ"

စွန်းလုံကူလှမ်းကြည့်လိုက်ရာ သူမ၏သားကြီးဖြစ်သူနန်းယုံကို တွေ့မြင်လိုက်ရသည်။။

စွန်းလုံကူသည် ခရမ်းရောင်စံအိမ်မှထွက်ပြေးလွတ်မြောက်လာပြီးနောက် ခရမ်းရောင်စံအိမ်မှလူများ သူမအားလိုက်လံ ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်မည်ကိုစိုးရိမ်လာမိသည်။ ထို့ကြောင့် သူမသည် အားကိုးအားထားပြုနိုင်ရန် 'နန်းစိမ်းရသေ့'နှင့်အိမ်ထောင်ပြုလိုက်၏။

နန်းစိမ်းရသေ့သည် ရသေ့ဘဝမှလူထွက်ကာ သူမနှင့်အတူပေါင်းသင်းနေထိုင်ခဲ့၏။ သူတို့သည် သားသမီးငါးယောက်ထွန်းကားခဲ့၏။ အကြီးဆုံးသားဖြစ်သူမှာနန်းယုံဖြစ်၏။

နန်းယုံသည် အစ်ကိုအကြီးပီပီ ကျန်ရှိသောမောင်နှမလေးဦးတို့ထက် သိုင်းပညာသာ၏။ ဉာဏ်ပညာတော်သည်။

စိတ်ဓာတ်ဖြောင့်မတ်ပြီး မတရားမှုကိုလုံးဝမလိုလားပါ။

သူ၏စိတ်ဓာတ်မှာ အငယ်ဆုံးဖြစ်သူ နန်းကြီး(ခ)လိန်ကူး နှင့်တူလှပေ၏။ ဒုတိယသားဖြစ်သူမှာ 'နန်းဟောက်'ဖြစ်၏။

သူ့စိတ်ဓာတ်သည် မိခင်ဖြစ်သူကဲ့သို့ ကလိန်ကကျစ်နိုင်ပေ၏။ သူသည် ထန်ဟုန်နှင့်တွေ့ဆုံခဲ့သော ရုပ်ဆိုးသည့်လူငယ်ဖြစ်လေ၏။ တတိယတစ်ယောက်မှာသမီးဖြစ်၏။

သူမ၏အမည်မှာနန်းလိန်ဖြစ်သည်။ ထန်ဟုန်တို့နှင့်တွေ့ဆုံခဲ့သောအဝါရောင်ဝတ်ဆင်ထားသည့်မိန်းကလေးဖြစ်သည်။

သူမသည်လည်း မိခင်စိတ်ဓာတ်မျိုးရှိလေ၏။

စတုတ္ထတစ်ယောက်မှာလည်း သမီးပင်ဖြစ်၏။

သူမ၏အမည်မှာ'နန်းချင်'ဖြစ်၏။

နန်းချင်မှာ သူတို့၏မောင်နှမငါးယောက်အနက်....



မိခင်၏အမွေအနှစ်ကို အပြည့်အဝရရှိထားသောမိန်းကလေးတစ်ဦးဖြစ်၏။ သူမသည် ရုပ်ရည်ချောမော၏။ သို့သော် မာယာများ၏။ စိတ်ဓာတ်မှာလည်း အလွန်ပင်ကောက်ကျစ်စဉ်းလဲ၏။

အငယ်ဆုံးသမီးဖြစ်သူမှာ 'နန်းကြီး'ဖြစ်၏။

သို့သော် သူမကိုယ်သူမ 'လိန်ကူး'ဟုအမည်ပေးထားသည်။

လိန်ကူးဟူသောစကားရပ်မှာ ဘုရားတရားကြည်ညိုသောသီလရှင်တစ်ပါးကိုကိုယ်စားပြုသောဝေါဟာရဖြစ်သည်။

သူတို့မောင်နှမငါးယောက်တွင် အကြီးဆုံးဖြစ်သူနန်းယုံနှင့်အငယ်ဆုံးဖြစ်သူလိန်ကူးတို့သည်သာ သိက္ခာသမာဓိရှိပြီး မတရားမှုကိုရွံမုန်းသူများဖြစ်ကြလေသည်။

ထို့ကြောင့်ပင်... စွန်းလုံကူသည် မိမိ၏မကောင်းမှုဒုစရိုက်အားလုံးကို သူတို့မောင်နှမနှစ်ဦးမသိရှိအောင်ဖုံးကွယ်ထားလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## နဂါးပွက်အိုင်

နဂါးမျက်လုံး....

နဂါးမျက်လုံးဆိုသည်မှာ နဂါးတစ်ကောင်၏မျက်လုံးကိုဆိုလိုခြင်းမဟုတ်ပါ။ ယခုဖော်ပြမည့်နဂါးမျက်လုံးဆိုသည်မှာ ရေခဲရေကန်တွင်ဖြစ်ပေါ်တတ်သောပွက်ပွက်ဆူနေသည့် ရွှံ့ဗွက်အပေါက်ကိုဆိုလိုခြင်းဖြစ်ပေသည်။

ရေခဲရေကန်တွင် နဂါးမျက်လုံးပေါက်ဟုတင်စားခံရသော ရွှံ့ဗွက်ပွက်နေသောအပေါက်လေးများ ဖြစ်ပေါ်လာတတ်သည်။ ယင်းကဲ့သို့နဂါးမျက်လုံးပေါက်အမည်ရှိသောထိုရွှံ့ဗွက်ပေါက်မှာ အမြဲတမ်းတည်ရှိနေသည်မဟုတ်ပါ။

ယင်းကဲ့သို့ နဂါးမျက်လုံးများသည် သုံးနှစ်လျှင် တစ်ကြိမ်မျှသာဖြစ်ပေါ်လေ့ရှိသည်။ ယင်းနဂါးမျက်လုံးအပေါက်ထဲသို့ ပစ္စည်းတစ်ခုထည့်လိုက်လျှင်....



ထိုအရာဝတ္ထုသည် မျက်လုံးအပေါက်ထဲသို့ ဝင်ရောက်ပြီးနောက် ရေစီးလမ်းအတိုင်း အောက်သို့စုန်၍မျောပါသွားတတ်၏။

သို့သော် ထိုမျောပါသည့်အချိန်မှာ ငါးနှစ်တိတိကြာတတ်ပေ၏။ ပြီးမှ သူ၏နဂါးမျက်လုံးထွက်ပေါက်ရှိရာသို့ ရောက်ရှိလာလေသည်။ အကယ်၍ လူတစ်ယောက်သည် သူအလွန်တရာတန်ဖိုးထားသောပစ္စည်းတစ်ခုကို သူတစ်ပါးအားလည်း အသိမပေးချင်....

မည်သူ့ကိုမျှလည်းမတွေ့စေချင်သည့်အခါ....

ဤပေါ်ထွက်နေသောနဂါးမျက်လုံးပေါက်သို့ ထည့်ပေးလိုက်ပါ။ ထိုအခါ ယင်းပစ္စည်းသည် အလွန်လုံခြုံစွာပျောက်ကွယ်နေလိမ့်မည်ဖြစ်သည်။

နောက်ငါးနှစ်ကြာသည့်အခါ ယင်းနဂါးမျက်လုံး၏ထွက်ပေါက်သို့သွားရောက်စောင့်မျှော်ခြင်းဖြင့် အဆိုပါပစ္စည်းကို ကောင်းမွန်စွာပြန်လည်ရရှိနိုင်မည်ဖြစ်ပေသည်၏။

စွန်းလုံကူသည် ဤအခွင့်အရေးကိုစောင့်မျှော်နေခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်၏။ သူမသည် အဘယ်ကြောင့် ဤနဂါးမျက်လုံးကိုလိုက်လံရှာဖွေနေရပါသနည်း။

အကြောင်းကား အောက်ပါအတိုင်းပင်ဖြစ်ပေသည်။

စွန်းလုံကူသည် ခရမ်းရောင်စံအိမ်မှအလွန်ထူးခြားသည့် သိုင်းကျမ်းတစ်အုပ်ကိုခိုးယူပြီးထွက်ပြေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခရမ်းရောင် စံအိမ်မှလွတ်မြောက်လာနိုင်ခဲ့သော်လည်း အန္တရာယ်ကင်းပြီဟုမဆိုနိုင်ပေ။ ခရမ်းရောင်စံအိမ်မှလူများသည် သူမအား လုံး၀အလွတ်ပေးမည်မဟုတ်။

မတွေ့မချင်း သဲသဲမဲမဲရှာဖွေကြမည်ဖြစ်ကြောင်း စွန်းလုံကူ ကောင်းစွာသိရှိထားသည်။ ထို့ကြောင့် သူမသည် အားကိုးအားထားပြုနိုင်ရန် နန်းစိမ်းရသေ့နှင့်အိမ်ထောင်ပြုလိုက်လေသည်။

နန်းစိမ်းရသေ့မားမားမတ်မတ်ရှိနေသဖြင့် စွန်းလုံကူအနည်းငယ်စိတ်အေးခဲ့ရသည်။ ယခင်ကလို တစ်ယောက်တည်းအထီးကျန်မဟုတ်တော့။ ကူဖော်လောင်လက်ရှိနေလေပြီ။

ထို့ကြောင့် သူမသည် ခရမ်းရောင်စံအိမ်၏သိုင်းကျမ်းထဲမှ ပညာရပ်များကို အခါအခွင့်သင့်တိုင်းလေ့ကျင့်နိုင်ခဲ့၏။

ယခုဆိုလျှင် သူမသည် ခရမ်းရောင်စံအိမ်၏သိုင်းပညာရပ်များ ကောင်းစွာတတ်မြောက်အောင်မြင်ခဲ့ပြီဖြစ်ပေသည်။ သို့သော် သူမတွင် အလွန်စိုးရိမ်ဖွယ်ရာအလွန်ကောင်းသောအကြောင်းတစ်ခုရှိနေခဲ့သည်။

ယင်းအကြောင်းမှာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ခရမ်းရောင်စံအိမ်မှလူများမှာ မိမိထံသို့မလွဲမသွေရောက်ရှိလာပြီး သိုင်းကျမ်းကို ပြန်လည်လုယူသွားနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် ယင်းသိုင်းကျမ်းကို ခရမ်းရောင်စံအိမ်မှလူများ၏



လက်တွင်းသို့ပြန်လည်ရောက်ရှိမသွားနိုင်ရန် လျှို့ဝှက်စွာကြံစည်လေတော့သည်။ သို့သော် သူမသည် နည်းလမ်းကောင်းကိုရှာမတွေ့ဘဲ ဦးနှောက်ခြောက်ခဲ့ရသည်သာ အဖတ်တင်လေသည်။

ယင်းသို့အခက်ကြုံနေစဉ်မှာပင် သူမသည် နဂါးမျက်လုံး၏ လျှို့ဝှက်ဆန်းကြယ်မှုကိုမြင်တွေ့လိုက်ရလေတော့၏။ သို့ဖြင့် သူမသည် ထိုသိုင်းကျမ်းစာအုပ်ကိုနဂါးမျက်လုံးအပေါက်အတွင်းသို့ထည့်ရန်ဆုံးဖြတ်ပြီး အခွင့်အလမ်းကိုစောင့်နေလိုက်လေတော့၏။

ယင်းနဂါးမျက်လုံးပေါက်ထဲ သိုင်းကျမ်းကိုထည့်လိုက်သည့်သတင်းသာ သိုင်းလောကသို့ပျံ့နှံ့သွားခဲ့လျှင် သူမထံတွင်သိုင်းကျမ်းမရှိတော့သည်ကိုသိရှိပြီး ခရမ်းရောင်စံအိမ်မှလူများကော အခြားသူများကပါ သူမအားလိုက်လံရန်ရှာဖွေကြတော့မည်မဟုတ်ပါ။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



နန်းယုံကစွန်းလုံကူအားမေးလိုက်၏။

"အမေ ကျွန်တော့်ကိုခေါ်တယ်ဆို၊ ဘာကိစ္စနဲ့ခေါ်တာလဲ"

စွန်းလုံကူက....

"ဟုတ်တယ်... အင်မတန်အရေးကြီးတဲ့ကိစ္စရှိလို့ မင်းကို ခေါ်လိုက်တာ"

"အမိန့်ရှိပါမေမေ"

စွန်းလုံကူ....

"ငါးလ ငါးရက်နေ့မှာ ကျန်းလောင်စန်းတောင်ပေါ်မှာ သိုင်းယှဉ်ပြိုင်မဲ့ယှဉ်ပြိုင်ပွဲတစ်ခုရှိတယ်ဆိုတာ သားကြီးသိပြီးပြီနော်"

နန်းယုံခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ သိပြီးပါပြီမေမေ"

စွန်းလုံကူ....

"ဒီယှဉ်ပြိုင်ပွဲဟာ ဘာကြောင့်ကျင်းပသလဲဆိုတာကော သိသလား"

နန်းယုံခေါင်းခါယမ်းလိုက်၏။



"မသိဘူး"

သူကခေါင်းကိုခါယမ်းလိုက်၏။

"အမေတို့သိုင်းလောကကလဲရှုပ်ကိုရှုပ်တယ်၊ အေးအေးဆေးဆေးမနေကြဘူး... တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်နေကြတာပဲ"

သူမကပြုံးလိုက်၏။

"အကြောင်းရှိလို့ပေါ့သားရယ်"

နန်းယုံက....

"အကြောင်းရှိတိုင်း တစ်ယောက်နဲ့တစ်ယောက်သတ်ဖို့ ဖြတ်ဖို့ပဲ... ပါးစပ်နဲ့ရှင်းလဲမရလို့လား"

စွန်းလုံကူက အသာအယာခေါင်းခါရင်း....

"မရလို့ပေါ့ကွယ်"

ဟုပြောလိုက်၏။ နန်းယုံက....

"ဘာကြောင့်မရတာလဲ"

စွန်းလုံကူက....

"သူတို့ အခုလာပြီးယှဉ်ပြိုင်မှာက သိုင်းပညာကျမ်းကိုလိုချင်ကြလို့လေ"

နန်းယုံက....

"လိုချင်ရင် ပေးလိုက်ရုံပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စွန်းလုံကူခေါင်းကိုခါယမ်းလိုက်သည်။

"မေမေကတော့မပေးချင်ဘူး"

နန်းယုံက....

"ကျွန်တော်သိရသလောက် ဒီသိုင်းကျမ်းက အမေပိုင်တာလဲ မဟုတ်ဘူး၊ ခရမ်းရောင်စံအိမ်ကခိုးလာတယ်လို့သိရဘယ်... အဲဒါ ဘာဖြစ်လို့နှမြောနေရတာလဲ"

စွန်းလုံကူက....

"မေမေ အပိုင်စီးထားချင်လို့မဟုတ်ပါဘူး... မေမေ့ဘဝက ဘာနဲ့တူသလဲဆိုရင် ကျားသစ်တစ်ကောင်ရဲ့ကျောပေါ်မှာ ခွစီးထားရသလိုဖြစ်နေလို့ပါ"

သူမကစကားကိုဆက်လိုက်၏။

"သားစဉ်းစားကြည့်လေ... ကျားသစ်တစ်ကောင်ရဲ့ကျောပေါ် ရောက်နေတဲ့လူတစ်ယောက်ဟာ ကျားသစ်ပေါ်မှာ ဒီအတိုင်း စီးနေလို့မဖြစ်ဘူး... ဆင်းရမှာပဲ... ဆင်းလိုက်ပြန်ရင်လဲ ကိုက်စားတာ ခံရမှာ"

နန်းယုံက....

"မေမေဘာလုပ်ချင်သလဲ"

"သူ့ကို နဂါးမျက်လုံးထဲကိုစွန့်လွှတ်လိုက်မလားလို့ စိတ်ကူးထားတယ်"



နန်းယုံ မျက်မှောင်ကုပ်လိုက်သည်။

"အကြောင်းကဘာလဲမေမေ"

စွမ်းလုံကူက....

"ဒီပစ္စည်း အမေ့လက်ထဲမရှိတော့ဘူးဆိုတာ သိုင်းလောက တစ်ခုလုံးကိုသတင်းပျံ့စေချင်လို့ပေါ့"

နန်းယုံခေါင်းညိတ်လိုက်သည်။

"အမေ့အကြံကောင်းပါတယ်"

စွန်းလုံကူသည် သားဖြစ်သူက သဘောတူသည်ကိုကြားသိလိုက်ရသောအခါ ဝမ်းသာပီတိဖြစ်သွားလေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ရေခဲရေကန်၌ ရေများအပေါ်သို့ပန်းထွက်နေသည်ကိုမြင်တွေ့ရ၏။ စွန်းလုံးကူက....

"ကဲ... သားကြီး ဒီမှာစောင့်နေ... မေမေ သိုင်းကျမ်းကိုသွားယူလိုက်ဦးမယ်"

သူမသည် ယင်းသို့မှာကြားပြီးနောက် ပြေးသွားလေ၏။

နန်းယုံသည် ရေများအလုံးအရင်းဖြင့်အပေါ်သို့ထောင်တက်နေသည်ကိုစိတ်ဝင်စားစွာကြည့်နေမိသဖြင့် သူ့နောက်ဘက် ခြေလှမ်း (၂၀၀)ခန့်အကွာတွင် လူတစ်ယောက်က စွန်းလုံးကူပြေးသွားသောနေရာဘက်ဆီသို့ တိတ်တဆိတ်လိုက်သွားသည်ကို လုံးဝသတိမပြုမိလိုက်ချေ။

တစ်ခဏကြာတွင်....

စွန်းလုံးကူ ပြန်လည်ရောက်ရှိလာသည်။

လေးထောင့်ရှည်မျောမျောသေတ္တာငယ်တစ်လုံး ပါလာသည်ကိုတွေ့ရ၏။

ထိုသေတ္တာငယ်မှာ သံသေတ္တာဖြစ်၏။

နန်းယုံကစီး၍မေးလိုက်၏။

"မေမေ အဲဒီသေတ္တာလေးထဲမှာ သိုင်းကျမ်းပါတယ်မဟုတ်လား"

စွန်းလုံးကူကခေါင်းညိတ်လိုက်၏။



"ပါတယ်သားကြီး... ကြည့်ချင်သေးသလား"

နန်းယုံကခေါင်းခါယမ်း၏။

"မကြည့်ချင်တော့ပါဘူး"

"ဒါဖြင့် ငါတို့သွားမယ်"

ဤသို့ဖြင့် သားအမိနှစ်ယောက်သည် ရေကန်ဘေးအတိုင်း ခြေလှမ်းကျဲကျဲဖြင့်ပြေးသွား၏။

သူတို့ထွက်ခွာသွားပြီး တစ်ခဏအကြာတွင်....

လူရိပ်တစ်ရိပ်သည် သူတို့နောက်မှ လှစ်ခနဲလိုက်ပါလာနေသည်ကို သူတို့သတိမပြုမိချေ။

oooo

www.burmeseclassic.com

www.burmeseclassic.com



## ရေကျွမ်းသောအဘိုးအို

နန်းယုံနှင့်စွန်းလုံကူတို့သည် ရေကန်နံဘေးအတိုင်းပြေးသွားရာ မကြာမီ လှေငယ်တစ်စင်း ရေကန်ထဲ၌လှော်ခတ်နေသည်ကိုမြင်ရ၏။ ထိုအချိန်တွင်.... လှေပေါ်မှမိန်းကလေးတစ်ယောက်က လှမ်းအော်လိုက်၏။

"အစ်ကိုကြီး... လာဟေ့"

နန်းယုံကလှမ်းကြည့်လိုက်ရာ လှေငယ်ပေါ်တွင် သူ၏ညီငယ်ညီမငယ်များ စုံစုံညီညီရှိနေသည်ကိုတွေ့ရလေသည်။

သူ့အားလှမ်းခေါ်နေသူမှာလိန်ကူးပင်ဖြစ်၏။

နန်းယုံကအော်၍မေးလိုက်၏။

"ညီမလေးတို့ ဘာစိတ်ကူးပေါက်ပြီး ရေကန်ထဲလာပြီး လှေလှော်နေရတာလဲ"

လိန်ကူးက ရေကန်တွင် ပန်းထွက်နေသောရေလုံးကြီးများကို လက်ညှိုးထိုးပြပြီး....



"အစ်ကိုမတွေ့ဘူးလား... ရေကန်ထဲမှာ ရေပန်းတွေ ထနေတယ်လေ"

ဟုတ်ပါ၏။ ရေကန်တစ်ခုလုံးမှာ ရေပန်းများပွင့်နေသည့်အလား ရေကန်၏မျက်နှာပြင်ပေါ်တွင် ရေများထောင်၍ပန်းထွက်နေသည်ကိုတွေ့ရှိရမည်ဖြစ်သည်။

အဝေးမှလှမ်းကြည့်လိုက်လျှင် သစ်ပင်ငယ်များနှင့်ပင် တူနေလေသည်။

စွန်းလုံကူကလှမ်းအော်လိုက်၏။

"သမီးတို့ ဒီကိုလာစမ်းပါဦး... မေမေလဲလိုက်ကြည့်မလို့"

နန်းလိန်နှင့်နန်းဟောက်တို့သည် လှေကိုကမ်းဘက်ဆီသို့ လှော်ခတ်လာ၏။ လှေငယ်သည် ကမ်းစပ်နှင့်တစ်လံခန့်အကွာသို့ ရောက်ရှိလာသောအခါ စွန်းလုံကူနှင့်နန်းယုတို့သည် လှေငယ်ပေါ်သို့ လွှားခနဲခုန်တက်သွားသည်။

လှေငယ်တစ်ခုလုံး ဆူဆူညံညံရယ်မောကြ၏။

စွန်းလုံကူ....

"ကဲ... ရေပန်းတက်နေတဲ့နေရာကိုလှော်ခတ်သွားစမ်း"

နန်းချင်းကရယ်မောလိုက်၏။

"မေမေလဲ စိတ်ဝင်စားလာပြီ"

စွန်းလုံကူက....

www.burmeseclassic.com

www.burmeseclassic.com



“မေမေ... ဒီမှာနေခဲ့တာ နှစ်ပေါင်းအတော်ကြာပြီ၊ ဒီလို ရေပန်းထွက်တာမျိုးကို ဒီတစ်ခါပဲမြင်ဖူးလို့ စိတ်ဝင်စားတာပေါ့”

နန်းဟောက်က....

“ရေပန်းတွေကတော်တော်များတယ်... မေမေ ဘယ်ကိုသွားချင်တာလဲ”

စွန်းလုံကူက....

“အဲဒီရေပန်းတွေကိုပတ်ပြီး လှော်ခတ်လိုက်စမ်း... ငါတစ်ခုချင်းကိုကြည့်ချင်လို့ပါ”

နန်းဟောက်နှင့်နန်းလိန်တို့သည် မိခင်ကအဘယ်ကြောင့် ထိုရေပန်းများကိုစိတ်ဝင်စားနေကြောင်းမသိကြချေ။

အံ့သြနေမိကြသော်လည်း ဘာမျှပြန်မေးမနေဘဲ မိခင်မှာကြားသည့်အတိုင်းလှော်ခတ်သွား၏။

စွန်းလုံကူသည် ထိုရေပန်းများကိုတစ်ခုချင်း အထူးစိတ်ဝင်စားစွာကြည့်နေ၏။ တစ်ခဏအကြာတွင်...

သူမသည် လက်ထဲမှသေတ္တာလေးကို ရေပန်းထွက်နေသောနေရာသို့ တည့်တည့်မတ်မတ်ပစ်ချလိုက်လေသည်။

ထိုအချိန်မှာပင်.... ရေထဲမှလူတစ်ယောက်သည် ရေပြင်ပေါ်ခုန်တက်လာပြီး စွန်းလုံကူပစ်ချလိုက်သောသေတ္တာကို အမိအရဖမ်းယူရန်ကြိုးစားလိုက်လေသည်။



စွန်းလုံကူကအော်ငေါက်၏။

“သွားစမ်း”

ငေါက်ငမ်းရင်း လက်ဝါးတစ်ဖက်ဖြင့်တွန်းထုတ်လိုက်၏။ ထိုလူသည် သေတ္တာလေးကိုမဖမ်းဝံ့တော့ဘဲ လက်လွှတ်လိုက်ရ၏။

“ပလုံ....”

သေတ္တာငယ်သည် ရေထဲသို့မြုပ်ဝင်သွား၏။ ထိုလူ အလွန်ဒေါသထွက်သွားပုံရ၏။ လှေ၏ပဲ့ပိုင်းကိုလက်နှစ်ဖက်ဖြင့်ဆွဲ၍ ရေထဲသို့နစ်မြုပ်ရန် အားပြုလိုက်သည်။

လှေ၏ဦးပိုင်းထောင်တက်လာသည်။ သို့သော် နန်းချင်းတို့လူစုမှာကြောက်ရွံ့ခြင်းမရှိကြပါ။ သူတို့သည် အတွင်းအားကိုအသုံးပြုပြီး လှေဦးကိုအပေါ်သို့ဆက်လက်ထောင်တက်မသွားစေရန်ထိန်းထားလိုက်ကြလေသည်။

စွန်းလုံကူသည် လှေငယ်၏ပဲ့ပိုင်းကို ဆွဲနစ်ရန်ကြိုးစားနေသော ထိုလူ၏ရင်ဝသို့ချိန်၍ လက်ဝါးတစ်ဖက်ကိုတွန်းထုတ်လိုက်လေသည်။ ထိုလူ လုံးဝခံနိုင်ရည်မရှိတော့ပါ။

လှေငယ်၏ပဲ့ပိုင်းကိုလွှတ်လိုက်ပြီး ရေထဲသို့မြုပ်သွားလေ၏။

နန်းဟောက်က လှေကိုလှော်ခတ်ရန်ဟန်ပြင်လိုက်သည်။

စွန်းလုံကူကဟန့်တားလိုက်၏။

“ခဏနေပါဦး”

www.burmeseclassic.com

www.burmeseclassic.com



နန်းဟောက်က လှော်ခတ်ခြင်းမပြုတော့ဘဲ ရပ်တန့်လိုက်လေသည်။ စွန်းလုံကူ၏မျက်လုံးအစုံသည် ရေပြင်တစ်ခုလုံးကို အာရုံစူးစိုက်စွာဖြင့်ကြည့်နေ၏။

အချိန်အတန်ကြာသည့်တိုင်အောင် ရေထဲမြုပ်သွားသောလူသည် လုံးဝပေါ်မလာတော့ချေ။

နန်းယိုထံမှအသံထွက်လာသည်။

"ဒီလူတော့ အသက်ရှိနိုင်တော့မှာမဟုတ်ပါဘူး"

စွန်းလုံကူက....

"ဒီလောက်အေးစိမ့်တဲ့ရေထဲမှာ ဒီလောက်ကြာကြာကူးခတ်တာကိုက ရေကူးပညာတော်တော် တော်တယ်လို့ဆိုရမှာပဲ၊ ဒါပေမဲ့ ဒီလောက်အေးတဲ့ရေထဲမှာ ကြာကြာစိမ်မိရင် အကြောတွေအားလုံးသေသွားမှာပါ၊ ဒါကြောင့်... ဒီလူဟာ ဘယ်နည်းနဲ့မှအသက်ရှင်နိုင်တော့မှာမဟုတ်တော့ဘူး"

နန်းဟောက်ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်မမေ... ကျွန်တော်တို့ ဒီလှေပေါ်မှာတောင်မှ ကြာကြာနေလို့မရတာ၊ ရေထဲမှာဆို ဘယ်လောက်ကြာကြာနေလို့ရမှာလဲ"

စွန်းလုံကူက.....

"ကောင်းပြီ... တို့ပြန်ကြမယ်"



နန်းဟောက်နှင့်နန်းယိန်တို့သည် လှေငယ်အားကမ်းအနီးသို့ပြန်လည်လှော်ခတ်သွားလေသည်။

ကမ်းစပ်ရောက်သောအခါ သူတို့သည် ကုန်းပေါ်သို့တက်၍ ထိုနေရာမှထွက်ခွာပျောက်ကွယ်သွားကြ၏။

သူတို့အားလုံး မြင်ကွင်းမှပျောက်ကွယ်သွားပြီး မကြာမီမှာပင် ရေပြင်ပေါ်သို့ခေါင်းတစ်လုံးပြူထွက်လာလေသည်။

ထိုအဖြစ်ကို စွန်းလုံကူတို့ မမြင်တွေ့လိုက်ကြတော့ချေ။

ထိုလူသည် မည်သူဖြစ်ပါသနည်း။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



စွန်းလုံကူတို့ထွက်ခွာသွားပြီးမကြာမီ ရေခဲကန်နံဘေးတွင် လူသုံးယောက်ထပ်မံရောက်ရှိလာသည်ကိုမြင်လိုက်ရပြန်၏။ မျက်လုံးတစ်ဖက်လပ်နေသောအဘွားအို၊ စုစုနှင့်ထန်ဟုန်တို့ဖြစ်ကြသည်။

သူတို့သည် ထွက်ခွာသွားရန် စွန်းလုံကူတို့အားနှုတ်ဆက်ခဲ့သည်ဖြစ်သော်လည်း အမှန်မှာ သူတို့သည် တစ်နေရာတွင်ပုန်းကွယ်၍ စွန်းလုံကူတို့၏လုပ်ရပ်များကိုစောင့်ကြည့်နေကြခြင်းဖြစ်လေသည်။ သို့သော် သူတို့သည် သိုင်းကျမ်းထည့်ထားသောသေတ္တာလေး ရေကန်ထဲပစ်ချလိုက်သည်ကိုမမြင်တွေ့လိုက်ရပါ။

အဘွားအိုသည် မြင်ကွင်းမှကွယ်ပျောက်သွားသော စွန်းလုံကူတို့လူစုအားကြည့်ပြီး စုစုနှင့်ထန်ဟုန်တို့အားပြောပြလိုက်၏။

"တကယ်တော့ စွန်းလုံကူရဲ့သိုင်းပညာဟာ အထွတ်အထိပ်ကိုရောက်နေပြီကွဲ့"

စုစုကစိုးရိမ်ပုံမရပါ။

"သူကိုယ်တိုင်ဝင်ပြီးယှဉ်ပြိုင်မှာမှမဟုတ်ဘဲ၊ သူ့သားသမီးနဲ့ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် ကျွန်မတော့ မကြောက်ပါဘူး"

အဘွားအိုကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်… စုစုမှာ အာရုံကိုထိန်းသိမ်းထားနိုင်တဲ့အတွက် သူတို့အားကိုးတဲ့သံစဉ်ကို ခုခံနိုင်စွမ်းရှိတယ်… ဒါကြောင့် သူ့အဖို့စိုးရိမ်စရာမရှိပါဘူး"



ထန်ဟုန်၏မျက်နှာတစ်ခုလုံး နီရဲသွား၏။ အကြောင်းမှာ သူသည် ထိုသံစဉ်ကိုခံနိုင်ရည်မရှိသေးသောကြောင့်ဖြစ်၏။

အဘွားအိုက….

"ငါ့မှာ အစဉ်းစားရခက်တဲ့ကိစ္စတစ်ခုရှိနေတယ်"

"ဘာကိုလဲဘွားဘွား"

ဘွားဘွားက….

"စွန်းလုံကူက ဒီနေရာကိုဘာကြောင့်လာရတာလဲ၊ ဒါဟာ သူ့ဌာနလဲမဟုတ်ဘူး… သူဟာအကြောင်းမရှိဘဲနဲ့တော့ ဒီကိုလာမှာမဟုတ်ဘူးဆိုတာ ငါယုံတယ်"

စုစုက….

"ကျွန်မတို့ရဲ့မိုးကြိုးဓားပညာကို တိတ်တဆိတ်လေ့လာချင်လို့နဲ့တူတယ်"

အဘွားအိုကခေါင်းကိုခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

သူမကစကားကိုဆက်လိုက်၏။

"အခု သူတို့လဲသွားပါပြီ… ငါသိချင်တာတွေလဲ သိရဖို့ အခွင့်အလမ်းမရှိတော့ဘူး"

စုစုက….

"အခု ကျွန်မတို့ဘာဆက်လုပ်ကြမလဲဘွားဘွား"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက အနည်းငယ်စဉ်းစားလိုက်ပြီး....

"နဂိုက ဗိစဉ်ထားတဲ့အတိုင်း ကျုန်းလောင်စန်းတောင်ကိုပဲ သွားကြတာပေါ့"

စုစုက....

"ဘွားဘွားပါ တစ်ခါတည်းလိုက်ခဲ့မှာလား"

အဘွားအိုခေါင်းခါယမ်းပြသည်။

"ငါလိုက်လို့မဖြစ်သေးဘူး... လေရှူးတောင်ကိုသွားရဦးမယ်"

စုစုက....

"ကိစ္စရှိလို့လားဘွားဘွား"

အဘွားအိုက....

"ယှဉ်ပြိုင်မဲ့အချိန်နီးလာပြီလေ... ဟိုသေနာကောင်ကိုလိုက်ရှာရဦးမယ်"

ထန်ဟုန်သည် သေနာကောင်ဆိုသည်မှာ ဓားဘီလူးကိုရည်ညွှန်းပြောဆိုခြင်းဖြစ်ကြောင်းနားလည်လိုက်၏။ စုစုက....

"ယှဉ်ပြိုင်မဲ့နေ့မှာ ဘွားဘွားလာမယ်မဟုတ်လား"

အဘွားအိုကခေါင်းညိတ်ပြီး....

"လာမယ်... ငါသွားပြီ"

စကားဆုံးသည်နှင့်သူမ၏ခန္ဓာကိုယ်သည် မီးခိုးတန်းတစ်ခုပမာ လွင့်မျောပျောက်ကွယ်သွားလေသည်။



ထန်ဟုန်သည် အဘွား အို၏ကိုယ်ဖျောက်ပညာကိုမြင်တွေ့လိုက်ရသောအခါ သက်ပြင်းချမိ၏။

"ငါ သူ့လောက်ကိုယ်ဖျောက်ပညာတတ်ရင် ဘယ်လောက်ကောင်းလိုက်မလဲ"

သူက ယင်းသို့စဉ်းစားရင်း လှည့်ကြည့်လိုက်သောအခါ စုစုကိုလည်းမတွေ့ရတော့ပါ။ သူရင်ထိတ်သွားသည်။

"စုစု...."

ဟုခေါ်လိုက်ရာ....

စုစု၏အသံသည် တောင်ခြေရင်းဘက်မှထွက်ပေါ်လာ၏။

"အစ်ကိုကြီး ဘွားဘွားပြောခဲ့တယ်၊ စွန်းလုံကူ ဒီကိုလာတာဟာ အလွန်အရေးကြီးတဲ့ကိစ္စတစ်ခုရှိရမယ်တဲ့၊ အဲဒါကို ကျွန်မလိုက်ပြီးစုံစမ်းလိုက်ဦးမယ်"

"စုစု သူတို့နောက်လိုက်သွားမလို့လား"

"ဟုတ်တယ်"

စုစုကစကားဆက်လိုက်သည်။

"ကျွန်မတို့ ဒီကနေလမ်းခွဲကြမယ်၊ အစ်ကိုက ဒီအတိုင်းပဲ သွားမဲ့ခရီးစဉ်အတိုင်းပဲသွားပါ၊ ကျွန်မလိုက်လာခဲ့ပါ့မယ်"

ထန်ဟုန်ရင်ထိတ်သွား၏။

"ညီမတစ်ယောက်ထဲသွားလို့ဖြစ်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



စုစုက....

"ဖြစ်ပါတယ်... ကျွန်မက သူတို့နဲ့ရင်ဆိုင်မှာမှမဟုတ်တာဘဲ၊ နောက်ကတိတ်တဆိတ်လိုက်သွားမှာ"

ထန်ဟုန်က ဟန့်တားရန်ပါးစပ်ဟလိုက်စဉ်မှာပင် စုစုသည် လျင်မြန်စွာထွက်ခွာပျောက်ကွယ်သွားပြီဖြစ်လေသည်။

သူမနောက်သို့လိုက်ရန်မဖြစ်နိုင်တော့သဖြင့် ထန်ဟုန်သည် မချင့်မရဲဖြင့်စိတ်လျှော့လိုက်ရလေသည်။

oooo



ထန်ဟုန်သည် ခြေဦးတည့်ရာလျှောက်လျက်ရှိ၏။ လမ်းခရီးတစ်လျှောက်လုံးတွင် စုစုအကြောင်းကိုသာတွေးနေမိ၏။

စုစုသည် မျက်နှာထားအေးစိမ့်ပြီး လေသံမှာလည်းခက်ထန်အေးစိမ့်နေသည်။ သို့ရာတွင်... အချိန်ကြာကြာလက်ပွန်းတတီးနေထိုင်လာသောအခါ သူမ၏စိတ်ဓာတ်မှာ နူးညံ့ပျော့ပျောင်းသည်ကို သိရှိလိုက်ရလေသည်။

မိမိအပေါ်တွင်လည်းမေတ္တာရှိနေသည်ဟု သူ့စိတ်ထဲက ခံစားမိလေသည်။ သူသည် စုစုနှင့်တပူးတွဲတွဲနေထိုင်ခဲ့စဉ် ရင်ထဲတွင် နွေးနွေးထွေးထွေးရှိကြောင်းသတိပြုမိသည်။

ယခု ရုတ်တရက်ခွဲခွာသွားသောအခါ သူ့အဖို့ ရင်ထဲတွင် ကွက်လပ်တစ်ခုဖြစ်သွားသလိုခံစားမှုမျိုးကိုခံစားရလေသည်။ သူသည် လျှောက်ရင်း လျှောက်ရင်းနှင့် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာခဲ့လေသည်။ သူသည် တည်းခိုခန်းတစ်ခုတွင် အခန်းငှား၍ဝင်ရောက်တည်းခိုလိုက်လေသည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် အိပ်ရာနိုးလာသောအခါ နေရောင်ခြည်များ အခန်းထဲသို့ကျိုးဝင်နေသည်ကိုမြင်လိုက်ရ၏။ သူ အိပ်ရာထ နောက်ကျသွားချေပြီ။ သူသည် ခရီးဆက်ရန် အိပ်ရာမှထ၍မျက်နှာသစ်လိုက်၏။ ထိုစဉ်မှာပင်....

"ဒေါက်... ဒေါက်... ဒေါက်"

အခန်းတံခါးခေါက်သံကိုကြားရသဖြင့်....

"ဝင်ခဲ့"

ဟုတုံ့ပြန်လိုက်ရာ အခန်းတံခါးပွင့်သွား၏။ ဆိုင်လုလင်တစ်ယောက်သည် အထုပ်ကလေးတစ်ထုပ်ပိုက်၍ အခန်းထဲဝင်ရောက်လာသည်ကိုမြင်လိုက်ရသည်။

ထို့နောက်.... အထုပ်လေးကိုအိပ်ရာပေါ်ချထားပေးသည်။

ထန်ဟုန်မျက်မှောင်ကုပ်သွား၏။

"ဒီအထုပ်က ငွေအထုပ်မဟုတ်ဘူး... မင်း [illegible] နေပြီ နဲ့တူတယ်"

[illegible] လုလင်က....

[illegible] ကိုလေးက ထန်ဟုန်မဟုတ်လား"

ထန်ဟုန်သည် ဆိုင်လုလင်က မိမိအမည်ကိုပြောနိုင်သည်ကို အံ့အားသင့်သွား၏။

"ဟုတ်တယ်"



ဆိုင်လုလင်ကပြုံးလိုက်သည်။

"ဒီလိုဆိုရင် မမှားပါဘူး... ဒီအထုပ်ကို ဧည့်သည်တစ်ဦးက ပို့ခိုင်းလိုက်တာပါ"

ထန်ဟုန် အံ့အားသင့်သွားသည်။

"ဧည့်သည်တစ်ယောက်ဟုတ်လား"

ဆိုင်လုလင်ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

သူက စကားဆက်လိုက်သည်။

"အဲဒီဧည့်သည်က မနက်မိုးမလင်းမီရောက်လာပါတယ်... ဒီအထုပ်ကို ဒီမှာတည်းခိုနေတဲ့ 'ထန်ဟုန်'ဆိုတဲ့အစ်ကိုကြီးကိုပေးလိုက်ပါတဲ့"

"သူဘယ်သူလဲဆိုတာကော ပြောပြသွားသေးသလား"

ဆိုင်လုလင်ခေါင်းခါယမ်းသည်။

"ပြောမသွားပါဘူး... ဒါပေမဲ့...."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ဆိုင်လုလင်က....

"သူကအစ်ကိုကြီးထန်ဟုန်ကိုပြောလိုက်ပါ၊ ဒီနေ့ မွန်းတည့်ချိန်မှာအရှေ့မြောက်ဘက်မှာရှိတဲ့တောအုပ်ကိုလာခဲ့ပါ... သူစောင့်နေပါ့မယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် အလွန်ပင်အံ့ဩသွား၏။ အထုပ်ကလေးကို ဖြည်ကြည့်လိုက်ရာ အထုပ်ထဲတွင် အလွန်တန်ဖိုးရှိသော ပိုးဖဲအင်္ကျီ တစ်ထည်ဖြစ်နေလေသည်။

ထို့ပြင် ခြေအိတ်တစ်ထည်လည်းပါရှိသည်။

ထန်ဟုန် အံ့ဩသွားလေ၏။

"ဘယ်သူကပို့လိုက်တာလဲ"

သူစဉ်းစား၍မရဘဲဖြစ်နေ၏။

သူသည် လေရှူးလိုဏ်ဂူမှထွက်လာသည့်အချိန်ကစပြီး မင်လေးကလွဲ၍ အသိဟူ၍တစ်ယောက်မှမရှိခဲ့ပါ။

ယခု ဤအဝတ်အစားနှင့်ခြေအိတ်တို့ကို မည်သူကပို့လိုက်ပါသနည်း။

မည်သို့ပင်ဆိုစေ သူ့ကိုယ်ပေါ်ရှိအင်္ကျီမှာ ဟောင်းနွမ်းစုတ်ပြဲ၍နေသည်မဟုတ်ပါလော။

ထို့ကြောင့် မည်သူကပေးသည်ဟုအရေးမထားနိုင်တော့ဘဲ အဝတ်အစားလဲလိုက်သည်။

ပြီးနောက် ခေါက်ဆွဲပြုတ်တစ်ခွက်မှာကြား စားသောက်ပြီးနောက် မြို့ကလေးမှခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားသည်။

သူသည် မြို့ပြင်သို့ရောက်ရှိသောအခါ ဆိုင်လုလင်၏ပြော စကားများကိုပြန်လည်စဉ်းစားမိလာသည်။



ဆိုင်လုလင်ပြောလိုက်သည့်စကားတွင် အရှေ့မြောက်တည့်တည့်သွားရန်ဖြစ်၏။ သို့သော် လီပေါင်းမည်မျှကွာဝေးအောင် သွားရမည်ကိုမူ မပြောပြသွားပါ။

မည်သို့ဆိုစေ သူသည်ဆက်လက်သွားရန်ဆုံးဖြတ်လိုက်၏။

oooo

ထန်ဟုန်သည် အရှေ့မြောက်ဘက်သို့ဦးတည်၍ဆက်လက် လျှောက်သွားသည်။ သူလမ်းလျှောက်နေသောခရီးမှာ တဖြည်းဖြည်း ခေါင်လွင်လာလေသည်။

သို့သော် ထိုနေရာတစ်ဝိုက်တွင် တောအုပ်ဟူ၍ လုံးဝမရှိပါ။

ထို့ကြောင့် သူသည် ဆက်လက်၍လျှောက်သွား၏။

တဖြည်းဖြည်းနှင့်တောင်တက်လမ်းအတိုင်း တောင်ပေါ်သို့ တက်သွားရပြန်လေ၏။

သူသည် လျှောက်ရင်းလျှောက်ရင်း လေနှင့်အတူလွင့်ပျံ့လာသည့်တေးသံသာများကိုကြားရလေ၏။

ထန်ဟုန်သည် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွား၏။

ထိုသီချင်းကို သူအလွန်ရင်းနှီးနေကြောင်း ရင်ထဲတွင်အလိုလို သိရှိလာလေ၏။

သူမျက်မှောင်ကြုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီသီချင်းကို ငါမကြာမကြာကြားဖူးသလိုပဲ"

သူသည် ယင်းသို့စဉ်းစားရင်း ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေတော့၏။

"ဟောဗျာ... ဒါမင်လေးရဲ့အသံပါလား"

သူသည် မင်လေးသီဆိုပြသောသီချင်းများကို အကြိမ်ပေါင်းများစွာကြားခဲ့ဖူးသည်၊ ထို့ကြောင့် ကြားရုံနှင့်မှတ်မိ၏။

ယခုကြားရသောအသံသည် မင်လေး၏အသံဖြစ်ကြောင်း သူ့အနေဖြင့် ယုံမှားဖွယ်မရှိပါ။

ကောင်းစွာမှတ်မိနေသည်။

"မင်လေး"

သူသည် အသံကုန်ဟစ်အော်ရင်း တေးသံထွက်ပေါ်လာရာဘက်သို့ တရကြမ်းပြေးလွှားသွားလေတော့၏။

၀၀၀၀



ထန်ဟုန်သည် တေးသံထွက်ပေါ်လာရာဘက်သို့ ပြေးလွှားသွား၏။ သူထင်ထားသည့်အတိုင်းပင်...

မိုးမခပင်တစ်ပင်၏အောက်တွင် မိန်းကလေးတစ်ဦး မြက်ခင်းပြင်ပေါ်၌ထိုင်လျက် အဝေးသို့မျှော်ကြည့်ရင်း တေးသီချင်းများသီဆိုနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးသည် သူအချိန်မလပ်သတိရနေသော ငယ်ကျွမ်းဆွေမင်လေးပင် ဖြစ်နေသည်မဟုတ်ပါလော။

"မင်လေး"

ထန်ဟုန်သည် ဝမ်းသာအားရစွာခေါ်ရင်း ပြေးလွှားသွားရာ မင်လေးကသူ့အားလှည့်ကြည့်၏။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များရစ်ဝဲနေသည်ကိုမြင်တွေ့ရလေသည်။

သူ၏ရင်ထဲတွင် ဆို့နစ်သွား၏။

ပြေးလွှားနေသောခြေလှမ်းများမှာလည်း အလိုလိုနှေးကွေးသွားလေသည်။

သူနှင့်မင်လေးတို့သည် အတူတကွကြီးပြင်းလာသည့် ကစားဖော်ကစားဖက်များဖြစ်ခဲ့ကြသည်။

သိုင်းပညာများကိုလည်း အတူတကွလေ့ကျင့်ခဲ့ကြသည်။

သူတို့နှစ်ယောက်သည် ဖွင့်ဟပြောဆိုခြင်းမရှိကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ကြိုး ခိုင်မြဲစွာငြိတွယ်ရစ်နှောင်ထား သည်ကိုအလိုလိုနားလည်ထားကြပြီးဖြစ်သည်။

တစ်နေ့နေ့ တစ်ချိန်ချိန်ပွင့်....

သူတို့သည် ရန်သူများကိုချေမှုန်းပြီးနောက် လက်ချင်းယှက် ကာ ဘဝကြင်ဖော်အဖြစ်ပျော်ရွှင်စွာနေထိုင်ကြမည်ဟုလည်း စိတ်ကူး ယဉ်ခဲ့ကြသည်မဟုတ်ပါလော။

ယခုမှာမူ ကံကြမ္မာ၏လှည့်စားမှုကြောင့် သူတို့နှစ်ဦးသည် အသက်ပေးချစ်နေကြသောချစ်သူဘဝမှ မဟာရန်သူများအဖြစ်သို့ ပြောင်းလဲသွားကြရပြီဖြစ်သည်။။

ထိုအသိက ထန်ဟုန့်ဦးနှောက်ထဲသို့တိုးဝင်လာသောကြောင့် လျှင်မြန်စွာလှုပ်ရှားနေသောခြေလှမ်းများမှာ နှေးကွေးသွားရခြင်းဖြစ် လေသည်။ ဝမ်းသာအားရဖြစ်နေသော သူ၏မျက်ဝန်းအစုံမှာလည်း တစ်စထက်တစ်စ ညှိုးနွမ်းသွားလေ၏။

သူသည် မင်လေးရှေ့သို့ချဉ်းကပ်ရန်ပင် အားငယ်လာသည်။

ထို့ကြောင့် သူမနှင့်တစ်လံခန့်အကွာသို့ရောက်ရှိလာသည်နှင့် ခြေလှမ်းရပ်တန့်သွား၏။

သူတို့နှစ်ယောက်သည် တစ်ဦးကိုတစ်ဦးကြည့်နေကြသော် လည်း စကားတစ်ခွန်းမျှမပြောကြပါ။ စကားပြောရန်အကြောင်းမရှိ ၍မဟုတ်။



သူတို့၏ရင်ထဲ၌ ထောင်သောင်းမကသောစကားလုံးများ ဖွင့်ဟပြောဆိုရန် ရှိနေကြပေသည်။

သို့သော် ကံကြမ္မာ၏တားဆီးမှုကြောင့် သူတို့ပြောလိုသည့် စကားလုံးများက အသံအဖြစ်ထွက်ပေါ်မလာတော့ပါ။

သို့ပင်ငြားလည်း သူတို့၏မျက်လုံးများသည် တစ်ဦးကိုတစ် ဦး အလွန်ကြင်နာယုယသောအရိပ်အယောင်များ ပေါ်လွင်နေသည် မှာထင်ရှားလှပေ၏။ ခဏအကြာတွင် မင်လေး၏အသံ တိုးညင်းစွာ ထွက်ပေါ်လာသည်။

"အစ်ကို ပိန်သွားတယ်နော်"

ထန်ဟုန်ခေါင်းညိတ်ပြသည်။

ရင်ထဲတွင်ဆို့နစ်လာသဖြင့် အသံထွက်မလာခြင်းဖြစ်သည်။

သူသည် စိတ်ကိုထိန်းချုပ်၍ အားတင်းကာမေးလိုက်သည်။

"အစ်ကို့ကိုတော်တော်မုန်းသွားမှာပဲနော်"

မင်လေးက ခေါင်းခါယမ်းလိုက်သည်။

"အစ်ကို့မှာအပြစ်မရှိပါဘူး"

မင်လေး၏စကားကိုကြားလိုက်ရသောအခါ ထန်ဟုန်၏ရင် ထဲတွင် ရုတ်တရက် မျှော်လင့်ချက်များတစ်မုဟုတ်ချင်းဖြစ်ပေါ်လာ လေသည်။

"ညီ... ညီမက အစ်ကို့ကိုမမုန်းဘူးပေါ့ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မင်လေးခေါင်းညိတ်ပြလိုက်သည်။

ထန်ဟုန်သည် သက်ပြင်းတစ်ချက်ရှည်ရှည်လျားလျားချလိုက်သည်။ ပြီးမှ နွမ်းလျသောလေသံဖြင့်....

"မင်လေးက မမုန်းရက်ပေမဲ့ အစ်ကို့ဘိုးဘိုးကျူးလွန်ထားတဲ့ အပြစ်ကို အစ်ကိုကဘယ်လိုဖြေရှင်းပေးရမှာလဲ"

မင်လေးက....

"ဒီအကြောင်းကို ကျွန်မမစဉ်းစားချင်သေးဘူး၊ ဘိုးဘိုးကို တွေ့အောင်ရှာပြီး သူ့ဆီမှာ အကျိုးအကြောင်းမေးမြန်းကြည့်မယ်၊ ဘိုးဘိုးရဲ့အဖြေပေါ် မူတည်ပြီးမှ ကျွန်မ ဘယ်လိုဆုံးဖြတ်ရမယ်ဆိုတာစဉ်းစားလို့ရမှာ"

ထိုစကားကိုကြားရသောအခါ ထန်ဟုန်သည် မင်လေးအပေါ် ပို၍လေးစားလာ၏။ မင်လေးမှာ မိန်းကလေးတစ်ဦးဖြစ်သော်ငြား လည်း အမြော်အမြင်ကြီးပြီးဥာဏ်ပညာရှိသူဖြစ်ကြောင်း နားလည် သိရှိလိုက်လေသည်။

သူသည် ခေါင်းညိတ်လိုက်ပြီး....

"ဒီအကြံသိပ်ကောင်းတာပဲညီမရယ်... အစ်ကို့ကိစ္စပြီးရင် ညီမနဲ့အတူတူသွားကြမယ်"

မင်လေးက....

"ဘိုးဘိုး အခုဘယ်မှာရှိတယ်ဆိုတာ အစ်ကိုသိသလား"



ထန်ဟုန်က....

"အခုတော့ မသိသေးပါဘူး... နောက်တော့ အတူတူရှာရင် တွေ့မှာပေါ့... အစ်ကို့ကိစ္စပြီးတာနဲ့ လိုက်ရှာရင်တွေ့မှာသေချာပါ တယ်"

မင်လေးခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ... အစ်ကို့ကိစ္စ ကျွန်မလဲလိုက်မယ်"

ထန်ဟုန်ဝမ်းသာသွားသည်။

"ကောင်းပြီ... တို့သွားကြမယ်"

သူတို့နှစ်ယောက်သည် ထိုနေရာမှလက်ချင်းယှက်ကာ ထွက် ခွာခဲ့ကြလေ၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## ချစ်ခြင်းအစ

မင်လေးနှင့်ထန်ဟုန်တို့သည် ထိုနေရာမှထွက်ခွာသွား၏။

သူတို့ကွယ်ပျောက်သွားသည်နှင့် ကျောက်တုံးတစ်တုံးနောက်ကွယ်မှ မိန်းကလေးတစ်ဦး ဖြည်းညင်းစွာဖြင့်လှမ်းထွက်လာသည်။

တစ်ကိုယ်လုံး အဖြူရောင်အကျီဝတ်ဆင်ထားသော စုစုပင်ဖြစ်သည်။

စုစုသည် ထန်ဟုန်နှင့်မင်လေးတို့ ထွက်ခွာကွယ်ပျောက်သွားသောနေရာဘက်သို့လှည့်ကာ ကျောက်ရုပ်ပမာ မလှုပ်မယှက်ငေးမောရပ်ကြည့်နေသည်။

သူမ၏မျက်နှာတစ်ခုလုံးမှာ ဟန်အမူအရာကင်းမဲ့ပြီး အေးစိမ့်နေ၏။ သို့သော်….

သူမ၏မျက်လုံးအစုံမှာမူ ဝမ်းနည်းသည့်အရိပ် အယောင်များမသိမသာပေါ်လွင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပေသည်။



သူမ၏မျက်လုံးအစုံသည် ရှေ့တည့်တည့်ကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသော်လည်း သူမနှင့်ခြေလှမ်းတစ်ရာခန့်အကွာတွင် လူတစ်ယောက်က သူမအား မျက်တောင်မခတ်စိုက်ကြည့်နေသည်ကို သူမက မြင်တွေ့ဟန်မရှိပါ။

ထိုလူမှာ လူငယ်တစ်ယောက်ဖြစ်၏။

ရုပ်ရည်ချောမောသောလူငယ်တစ်ယောက်လည်း ဖြစ်လေ၏။ သူ့ကိုယ်ပေါ်မှာလည်း အဖြူရောင်အကျီဝတ်ဆင်ထားရာ ရုတ်တရက်ကြည့်လိုက်လျှင် မင်းသားလေးတစ်ပါးနှင့်တူလှပေ၏။

ထိုလူငယ်က စုစု၏မျက်နှာကို အတန်ကြာငေးမောကြည့်နေသည်ဖြစ်သော်လည်း မိန်းကလေးက သူ့အားလုံးဝမမြင်တွေ့ခြင်းမရှိသည်ကိုသိရှိလိုက်သောကြောင့် သူက ချောင်းတစ်ချက်ဟန့်လိုက်၏။

"အဟမ်း"

ထိုချောင်းသံကြောင့် သူမသည် ချောင်းသံလာရာသို့ မျက်လုံးစွေကြည့်လိုက်ရာ သူမ၏မျက်လုံးအစုံတွင် ကြောင်အမ်းအမ်းဖြစ်သွားသောအရိပ်အယောင်များဖြစ်ပေါ်လာ၏။

လူငယ်ကပြုံး၍သူမထံလျှောက်လာ၏။ သူမကရုတ်တရက်ထိုလူငယ်ကိုအကဲခတ်ကြည့်နေ၏။ ထိုလူငယ်၏ပုံပန်းသဏ္ဍာန်မှာ ရန်ပြုမည့်သူတစ်ဦးမဟုတ်သည်မှာထင်ရှားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကသူ့ရှေ့သို့ချဉ်းကပ်လာပြီးနောက် ခြေလှမ်းရပ်တန့်လိုက်၏။

ထို့နောက် လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်ပြီး....

"ညီမလေးကဘယ်သူလဲ... ဘာဖြစ်လို့ ဒီကိုတစ်ယောက်ထဲရောက်လာရတာလဲ"

စုစုက အေးတိအေးစက်သောအသံဖြင့်....

"ဒီနေရာကိုမလာရဘူးလား"

လူငယ်က....

"လ ါတယ်... ဒါပေမဲ့ ဒီနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိပါဘူး။ ညီမလေးက တစ်ယောက်ထဲဆိုတော့ စိုးရိမ်လို့မေးတာပါ"

သူမ၏မျက်နှာတစ်ခုလုံး ဟန်အမူအရာပြောင်းလဲသွားခြင်းမရှိပါ။

"ကျွန်မအတွက် စိုးရိမ်စရာမလိုပါဘူး"

လူငယ်က....

"ဟုတ်ကဲ့... ခင်ဗျားရဲ့သတ္တိကိုချီးကျူးပါတယ်... ဖြစ်နိုင်ရင်နာမည်လေးသိပါရစေ"

သူမက....

"ကျွန်မ စုစုပါ"

သူမ၏အသံမှာ ခါတိုင်းကဲ့သို့ ခက်ထန်နေ၏။



လူငယ်ကပြုံးမိ၏။

"ခင်ဗျားကြည့်ရတာ တော်တော်ဒေါသကြီးတတ်ပုံရတယ်"

သူမက....

"ရှင်နဲ့ဘာဆိုင်လို့လဲ"

ထိုအချိန် အဝေးမှအသံတစ်သံထွက်ပေါ်လာ၏။

"အစ်ကိုကြီး"

မိန်းကလေးတစ်ယောက်၏ခေါ်သံ ဖြစ်၏။

လူငယ်ကသူမအားပြုံး၍ ကမန်းကတမ်း သူ့နာမည်ကိုပြောပြလိုက်၏။

"ညီမလေး စုစု... ငါသွားတော့မယ်၊ ငါ့နာမည်မှတ်ထားပါ... ငါ့နာမည်ကနန်းယုံ"

သူ့စကားမဆုံးမီ ခေါ်သံထွက်ပေါ်လာ၏။

"အစ်ကိုကြီး"

ဤတစ်ကြိမ်တွင် အသံကပို၍နီးလာ၏။

လူငယ်ကပြန်ထူးလိုက်၏။

"ငါ လာပြီဟေ့"

သူသည် စုစုအား မခွာရက်သောအကြည့်မျိုးဖြင့်ကြည့်ပြီး ကမန်းကတမ်း ထွက်ခွာပျောက်ကွယ်သွား၏။

အဘယ်ကြောင့်မှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်အပေါ် စုစုသည် စိတ်ဝင်စားလာသလိုလို ရင်ထဲမှာခံစားလိုက်ရ၏။

"နန်းယုံ"

နှုတ်မှလည်း ဤနာမည်ကိုတိုးတိုးရေရွတ်လိုက်မိ၏။

"ဒီနာမည်ကို ငါကြားဖူးပါတယ်"

သို့သော် သူမသည် အတန်ကြာစဉ်းစားနေသည့်တိုင်အောင် စဉ်းစား၍မရသဖြင့် ဆက်လက်စဉ်းစားခြင်းမပြုတော့ဘဲ ခြေလှမ်းကျဲကျဲဖြင့် ထိုနေရာမှထွက်ခွာသွားလေသည်။

၀၀၀၀



## ငါးလငါးရက်

ငါးလငါးရက်....

မွန်းတည့်ချိန်....

ကျန်းလောင်စန်းတောင်ပေါ်တွင် စန်းလုံကူနှင့်သူမ၏သားသမီးငါးယောက်တို့ အတူရပ်နေကြ၏။ တစ်ဘက်တွင် ထန်ဟုန်နှင့်မင်လေးတို့ရပ်နေကြ၏။

ထန်ဟုန်သည် စုစုရောက်လာလိမ့်မည်ကိုသိရှိသဖြင့် စောင့်မျှော်နေသော်လည်း....

ယခုတိုင် သူမ၏အရိပ်အယောင်ကိုမတွေ့ရသေးပေ။

စွန်းလုံကူသည် ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်၏။

တောက်ပနေသောနေလုံးကြီးမှာ ကောင်းကင်၏ဗဟိုတည့်တည့်တွင်ရောက်ရှိနေသည်ကိုတွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



စွန်းလုံကူက ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်၏။

ထို့နောက် ထန်ဟုန့်အားကြည့်လိုက်ပြီး....

"မင်းတစ်ယောက်ထဲလား"

ထန်ဟုန်က....

"အဖော်တစ်ယောက် လာပါလိမ့်မယ်"

စွန်းလုံကူက နေလုံးကြီးကိုလက်ညှိုးထိုးပြလိုက်၏။

"နေလုံးကြီးလဲကြည့်ပါဦး... ဘယ်တော့ရောက်လာမှာလဲ"

ထန်ဟုန်က....

"ခဏလေးစောင့်ပါဦးဗျာ... သူ အခုရောက်လာမှာပါ"

စွန်းလုံကူကမဲ့ပြုံးပြုံး၏။

"မွန်းတည့်ချိန်ရောက်နေပြီ... မင်းအဖော်ရောက် မလာတာ တောက်တော့ သူကြောက်လို့ လာမယ်မထင်တော့ပါဘူး"

သူမ၏စကားမဆုံးမီ အဖြူရောင်အင်္ကျီနှင့် မိန်းကလေးတစ်ယောက်သည် အေးဆေးစွာဖြင့် လှမ်းဝင်လာနေသည်ကိုမြင်တွေ့လိုက်ရလေသည်။

စုစုပင်ဖြစ်ပါသည်။

သူမ၏ခြေလှမ်းသည် ဖြည်းညင်းစွာလျှောက်လာနေသည်ဟုထင်ရသော်လည်း သူမကိုကြည့်နေစဉ်ပင် ထန်ဟုန်နှင့်မျက်နှာချင်းဆိုင်ယှဉ်၍ရပ်လိုက်သည်ကိုမြင်တွေ့ရ၏။



ထိုအချိန်တွင် စွန်းလုံကူကပြောလိုက်၏။

"မိုးကြိုးဂိုဏ်းကလူတွေက ကိုယ်ဖော့ပညာလဲမဆိုးပါလား"

စုစုက....

"စကားအပိုမပြောနဲ့... ကျွန်မတို့ယှဉ်ပြိုင်ဖို့လာတာ... အချိန်မရှိဘူး"

စွန်းလုံကူက....

"စကားပြတ်လှချည့်လား"

သူမသည် မင်လေးကိုဝေ့ကြည့်လိုက်၏။

"မင်းတို့ကသုံးယောက်ထဲပဲလား"

စုစုကလက်ညှိုးနှစ်ချောင်းထောင်ပြ၏။

"နှစ်ယောက်ထဲ"

စွန်းလုံကူက မင်လေးအားမေးလိုက်၏။

"ညည်းက ဘာလာလုပ်တာလဲ"

ထန်ဟုန်က စုစုအားလှည့်ကြည့်လိုက်၏။

"ညီမလေးကိုမိတ်ဆက်ပေးရဦးမယ်"

သူက မင်လေးအား....

"အစ်ကိုပြောနေတဲ့စုစုရဲ့ညီမဆိုတာ သူပါပဲ... သူ့နာမည်က မင်လေးလို့ခေါ်တယ်၊ မှတ်ထား"

စုစုက မင်လေးအားတစ်ချက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ တုံ့ပြန်ခြင်းမပြုပါ။ သို့သော် သူမ၏မျက်လုံးအစုံတွင် ဝမ်းနည်းရိပ်များတွေ့ရပေ၏။ မင်လေးက စုစုအားစိုက်ကြည့်လိုက်သည်။ ပြီးမှ ထန်ဟုန်အားလှည့်ကြည့်၏။

ထိုအကြည့်သည် မေးခွန်းထုတ်သောအကြည့်ဖြစ်၏။

ထန်ဟုန်ကအတိုချုံး၍ပြောပြ၏။

"စုစုဟာ ညီမလေးရဲ့ညီအစ်မပါ... ဒီအကြောင်းနဲ့ပတ်သက်ပြီး နောက်မှပဲအေးအေးဆေးဆေးရှင်းပြပါ့မယ်"

ထိုအချိန် စွန်းလုံကူ၏အသံထွက်ပေါ်လာပြန်၏။

"အချိန်မဖြုန်းချင်ဘူးလို့ပြောတဲ့ကောင်တွေ အခုမှ ဘာဖြစ်လို့ဆွေမျိုးစပ်နေရတာလဲ"

ထန်ဟုန်ခေါင်းညိတ်လိုက်၏။

"ညီမလေး ဒီကကိစ္စ အစ်ကိုနဲ့ဆိုင်တယ်... ညီမလေးနဲ့မသက်ဆိုင်တဲ့အတွက် နောက်ကိုဆုတ်နေပါ"

မင်လေးကကန့်ကွက်ရန် ပါးစပ်ဟလိုက်၏။

ထန်ဟုန်ကစကားဆက်လိုက်ပြန်၏။

"ညီမလေးပါလာရင် အစ်ကိုတို့စည်းကမ်းဖောက်တယ်လို့ အပြောခံရမှာ"

မင်လေးက ခေတ္တမျှတုံ့ဆိုင်းဆိုင်းရပ်နေပြီးမှ....

"သတိထားပါ အစ်ကို"



သတိပေးမှာကြားပြီး နောက်သို့ဆုတ်သွားလေသည်။

စွန်းလုံကူက အစသံတိုးမြှင့်လိုက်၏။

"မိုးကြိုးဓားအဖွဲ့က လူကြီးတွေမလာဘဲ လူငယ်တွေပဲ လွှတ်လိုက်တယ်ဆိုတော့ ဒါဟာ တစ်ယောက်နဲ့တစ်ယောက်ပေးထားတဲ့ကတိနဲ့လဲ ကိုက်ညီနေတဲ့အတွက် ခါတို့ကလဲ လူငယ်တွေနဲ့ပဲ ယှဉ်ပြိုင်မယ်၊ ကဲ... ပြိုင်ပွဲစကြပါစို့"

ထန်ဟုန်က....

"ကောင်းပါပြီလေ... စကြပါစို့"

စွန်းလုံကူက လက်တစ်ဖက်မြှောက်လိုက်သည်။

"ဒီယှဉ်ပြိုင်ပွဲကို အမျိုးမျိုးယှဉ်ပြိုင်မဲ့အစားတစ်မျိုးတည်းပဲ ယှဉ်ပြိုင်မြယ်၊ ဒီတစ်ပွဲဟာ အရှုံးအနိုင်ဆုံးဖြတ်မဲ့ပွဲဖြစ်လို့ မင်းတို့သတိထားပါလို့ကြိုတင်မှာထားပါရစေ"

သူမသည် စကားဆုံးသွားသည်နှင့် မြှောက်ထားသောလက်ကို အောက်သို့ချလိုက်၏။

ထိုအခါ စွန်းလုံကူ၏သားသမီးငါးယောက်တို့သည် စတင်လှုပ်ရှားလာကြလေ၏။

သို့သော် ဦးစီးဦးဆောင်တာဝန်ရှိသော သားအကြီးဆုံး နန်းယုံကငေး၍ရပ်နေသဖြင့် လှုပ်ရှားနေသောကျန်လေးယောက်တို့သည် ကြောင်အမ်းအမ်းဖြင့် ရပ်တန့်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက်သည် နန်းယုံအားအံ့အားသင့်စွာဖြင့်လှည့်ကြည့်လိုက်ကြ၏။ နန်းယုံသည် တစ်ဘက်ကစုစုဆိုသောမိန်းကလေးကို ငေးမောကြည့်နေသည်ကိုမြင်တွေ့ရသဖြင့် ပို၍အံ့အားသင့်သွားကြပြန်လေ၏။

စွန်းလုံကူ၏အသံဟိန်းထွက်လာ၏။

"နန်းယုံ... မင်းဘာဖြစ်နေတာလဲ"

စွန်းလုံကူ၏ဟိန်းဟောက်သံကိုကြားလိုက်ရအခါမှ နန်းယုံသည် အိပ်မက်နေရာမှနိုးလာသည့်အလား သတိပြန်ဝင်လာ၏။

သူတို့ငါးယောက်သည် မြွေတစ်ကောင်ပမာတန်းစီ၍လှုပ်ရှားနေခြင်းဖြစ်သည်။ နန်းယုံသည် မြွေ၏ဦးခေါင်းပမာ ဘယ်ညာယိမ်း၍ရှေ့သို့တက်လာလေ၏။

ဤသည်မှာ စွန်းလုံကူ၏မြွေငါးကောင်ဝက်ပါသိုင်းကွက်ဖြစ်လေ၏၊ အလွန်ကြောက်မက်ဖွယ်ကောင်းသောသိုင်းကွက်လည်းဖြစ်သည်။ စွန်းလုံကူကအမိန့်ပေး၏။

"တိုက်...."

သူမ၏အမိန့်ပေးသံဆုံးသွားသည်နှင့်.... နန်းယုံတို့ ညီအစ်ကိုမောင်နှမငါးယောက်တို့သည် မြွေခေါင်းပါသောကျာပွတ်များကိုပြိုင်တူထုတ်လိုက်ကြ၏။

ကျာပွတ်များဖြင့် ပြိုင်တူဝှေ့ယမ်းလိုက်၏။



"ဝိ... ဝိ... ဝိ"

ကျာပွတ်ဝှေ့ယမ်း၍ထွက်ပေါ်လာသောအသံများသည် ပတ်ဝန်းကျင်တစ်ခုလုံးသို့ဟိန်းထွက်သွားလေ၏။

"ဂျိမ်း...."

မိုးခြိမ်းသံ ဟိန်းထွက်လာလေ၏။ စုစု၏ဓားဆွဲထုတ်လိုက်သောအသံဖြစ်၏။

ထန်ဟုန်လည်း ဓားကိုဆွဲထုတ်လိုက်၏။

"ဂျိမ်း...."

ထွက်ပေါ်လာသောမိုးခြိမ်းသံသည် စုစုထက် အနည်းငယ်အားပျော့နေသည်ဖြစ်သော်လည်း ဓားနှစ်လက်ပေါင်းမှထွက်ပေါ်လာသောအသံမှာ မြေကြီးပင်တုန်ခါသွားလေသည်။

တစ်ဘက်ကျာပွတ်မှ ထွက်ပေါ်လာသောအသံများမှာလည်း ရင်တုန်ဖွယ်ရာကောင်းလှ၏။

ဤသို့ဖြင့် မြွေငါးကောင်ဝက်ပါနှင့်မိုးကြိုးဓားမှထွက်ပေါ်လာသောအသံများသည် တစ်ဘက်နှင့်တစ်ဘက်လွှမ်းမိုးလာ၏။

သို့သော် အချိန်ကြာလာသောအခါ စုစုကမားမားမတ်မတ်ရပ်၍တုံ့ပြန်နိုင်စွမ်းရှိသော်လည်း....

ထန်ဟုန်မှာမူ မြွေငါးကောင်ဝက်ပါကျာပွတ်သံကိုနားထောင်ရင်း သူ၏ခန္ဓာကိုယ်အတွင်းရှိအင်အားများသည်....

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းချိန့်လာပြီး သူ့ခေါးမှထွက်ပေါ်လာသောမိုးကြိုးသံများသည်လည်း အားပျော့သွားလေ၏။

စွန်းလုံကူကရယ်မောနေ၏။

၎င်းတို့ဘက်မှ မုချအနိုင်ရမည်ဟုမှတ်ယူထားခြင်းကြောင့်ဖြစ်သည်။ စုစုက ထန်ဟုန်၏မိုးကြိုးဓားမှအသံ အားပျော့သွားသည်ကို တွေ့လိုက်ရသောအခါ ထန်ဟုန်ဘက်သို့လှည့်၍....

"အာရုံကိုစူးစိုက် နားကိုပိတ်"

ထန်ဟုန်သည် စုစု၏အသံကိုကြားရသောအခါ မိမိဘက်မှ မသိမသာအားနည်းသွားသည်ကိုသတိရလာ၏။

သူသည် ကမန်းကတမ်း အာရုံကိုစုစည်းပြီး တိုးဝင်လာသောအသံကိုတွန်းထုတ်လိုက်၏။ တစ်ဆက်တည်းပင် သူ၏ဓားကိုအားနှင့်မာန်နှင့်ဝှေ့ယမ်းလိုက်ရာ....

"ဂျိမ်း...."

မိုးခြိမ်းသံများ နားကွဲလုမတတ်ဟိန်းထွက်လာ၏။

လေမုန်တိုင်းပင် တိုက်ခတ်လာသည်။

သစ်ပင်ပေါ်ရှိအရွက်များ လွင့်စင်ကြွေကျသွားရုံမျှမက သဲများ၊ ကျောက်ခဲကလေးများပင် ပလူပျံသွားလေသည်။

ကောင်းကင်ပေါ်၌ နေလုံးကြီးပျောက်ကွယ်သွားပြီး တိမ်တိုက်တိမ်လိပ်များပင် လွင့်မျောဖုံးကွယ်သွားလေတော့သည်။



စွန်းလုံကူ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

မိုးကြိုးဓားတွင် ယင်းကဲ့သို့ကြောက်မက်ဖွယ်ကောင်းသောအားမာန်ရှိသည်ကို ကောင်းစွာသိရှိသွား၏။

ထိုအချိန်တွင် စုစုသည် အထက်စီးရလိုက်ပြီဖြစ်ကြောင်းရိပ်မိသွား၏။ ထို့ကြောင့် ထန်ဟုန်အား ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ထို့နောက် မြွေငါးကောင်ဝက်ပါထဲသို့တိုးဝင်သွားလေ၏။

ထန်ဟုန်ကလည်း မဆိုင်းမတွပင် လိုက်ပါဝင်ရောက်သွား၏။

စွန်းလုံကူ၏အသံ ထွက်ပေါ်လာသည်။

"ဝိုင်းထားလိုက်"

သူမ၏သားသမီးငါးယောက်တို့သည် လှုပ်ရှားမှုများကိုတစ်မျိုးတစ်ဖုံပြောင်းလဲလိုက်ကြကုန်၏။ သူတို့သည် မြွေတစ်ကောင်ပမာတွန့်လိမ်ကွေးကောက်ပြီး ထန်ဟုန်နှင့်စုစုတို့အား လူစုခွဲ၍ဝိုင်းထားလိုက်ကြသည်။ ထို့နောက် ရှေ့နောက်ဝဲယာမှလှည့်ပတ်တိုက်ခိုက်ကြလေတော့၏။

မင်လေးသည် ထိုတစ်မူထူးခြားသောတိုက်ပွဲကိုကြည့်ပြီး ရင်ထိတ်နေလေ၏။

oooo

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲသည် ပြင်းထန်သည်ထက်ပြင်းထန်လာ၏။

သို့သော် မြွေခေါင်းကိုသာဦးတည်တိုက်ခိုက်ရန် အဘွားအိုက ညွှန်ကြားထားသဖြင့် စုစုနှင့်ထန်ဟုန်တို့သည် မြွေခေါင်းကိုသာ ဦးတည်တိုက်ခိုက်ကြလေသည်။ ထို့ကြောင့်... မောင်နှမငါးယောက်၏ မြွေငါးကောင်ဝက်ပါမှာ အစွမ်းမပြနိုင်ဘဲဖြစ်နေတော့၏။

စွန်းလုံကူသည် ဒေါသအမျက်ခြောင်းခြောင်းထွက်လာသည်။ ရက်စက်သောစိတ်လည်း တစ်မုဟုတ်ချင်းဖြစ်ပေါ်လာ၏။ သူမသည် လက်တစ်ဖက်ကိုအပေါ်သို့မြှောက်ပြီး အမိန့်ပေးလိုက်၏။

"ပစ်...."

သူမသည် အဆိပ်အပ်လေးများကိုပစ်လွှတ်ရန်အမိန့်ပေးခြင်း ဖြစ်သည်။ ယင်းသို့ အမိန့်ပေးလိုက်သည်နှင့်....

မြွေငါးကောင်အနက် နန်းဟောက်၊ နန်းချင်း၊ နန်းလိန်တို့က ပြိုင်တူပစ်လွှတ်လိုက်ကြသည်။

နန်းယုံနှင့်နန်းကြီး(ခေါ်)လိန်ကူးတို့မှာမူ အဆိပ်အပ်များကို ပစ်လွှတ်ခြင်းမပြုကြပါ။

စုစုနှင့်ထန်ဟုန်တို့က စွန်းလုံကူ၏အမိန့်ကိုကြားရသောအခါ ထိတ်လန့်တုန်လှုပ်သွားပြီး မည်ကဲ့သို့ခုခံရမည်ကိုဟန်ပြင်နေစဉ်....

မြွေခေါင်းဖြစ်သောနန်းယုံ၊ မြွေအမြီးဖြစ်သောနန်းကြီး(ခေါ်) လိန်ကူးတို့က....



အဆိပ်အပ်များကိုပစ်လွှတ်ခြင်းမရှိသဖြင့် သူတို့နှစ်ယောက် သည် သက်သာရာရရှိသွား၏။

ထို့ကြောင့်လည်း နန်းဟောက်တို့ပစ်လွှတ်လိုက်သောအဆိပ် အပ်များကို ထန်ဟုန်နှင့်စုစုတို့က ဓားနှင့်ဝှေ့ယမ်းရိုက်ချနိုင်ခဲ့ကြ ခြင်းဖြစ်လေသည်။

၀၀၀၀

တိုက်ပွဲကပြီးဆုံးသွားသည်။

စွန်းလုံကူကဒေါသထွက်လွန်းသဖြင့် မျက်နှာတစ်ခုလုံး ဖြူဖပ် ဖြူရော်ဖြစ်သွား၏။ သူမ၏မျက်လုံးအစုံမှာမူ မီးတောက်မီးလျှံပမာ နန်းယုံနှင့်လိန်ကူးတို့ကိုအစိမ်းလိုက်ဝါးစားမတတ် စိုက်ကြည့်နေလေ သည်။ နန်းယုံက ကျာပွတ်ကိုပစ်ချလိုက်ပြီး ဒူးထောက်လိုက်လေ သည်။ လိန်ကူးကလည်း ဒူးထောက်ထား၏။

စွန်းလုံကူကဒေါသထွက်လွန်းသဖြင့် အသံပင်မထွက်နိုင်ပါ။ နန်းယုံ၏အသံထွက်ပေါ်လာ၏။

တောင်းပန်လိုက်သောအသံဖြစ်သည်။

"မေမေ ကျွန်တော့်မှာအပြစ်ရှိပါတယ်... ကျွန်တော့်ကိုသတ် လိုက်ပါ"

လိန်ကူးက....

www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ အပြစ်မရှိပါဘူး... ဘာဖြစ်လို့ လူတွေကိုသတ်ချင်နေရတာလဲ"

သူမ၏အသံမှာ အလွန်အေးချမ်းသာယာသောအသံမျိုး ဖြစ်၏။ သူမသည် ဒေါသတကြီးဖြစ်နေသောစွန်းလုံကူထံသို့လျှောက်သွားရင်း....

"မေမေ... မေမေက ဘာဖြစ်လို့လူသတ်ချင်ရတာလဲ"

စွန်းလုံကူက....

"ငါတို့လူမသတ်ရင် အရှုံးပေးရလိမ့်မယ်"

"သူတို့ကိုရှုံးရင် ဘာကိုပေးရမှာမို့လို့လဲ"

စွန်းလုံကူက သူမအနီးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် တင်ထားသောကြွေဘူးကိုလက်ညှိုးထိုးပြလိုက်၏။

"ဒီကြွေဘူးကိုပေးလိုက်ရမှာ"

လိန်ကူးက....

"ဒီကြွေဘူးထဲမှာ ဘာတွေရှိလို့လဲ"

"ဆေးတွေရှိတယ်"

"ဒီဆေးက ဘာအသုံးဝင်လို့လဲ"

"မိုးကြိုးဓားဂိုဏ်းရဲ့ဆရာတစ်ယောက်ဟာ တစ်ချိန်တုန်းက မေမေ့ရဲ့အဆိပ်ကြောင့် တစ်ကိုယ်လုံးတောင့်တင်းသွားပြီး မလှုပ်ရှားနိုင်တော့ဘူး၊ ဒီဆေးရမှပဲပျောက်ကင်းနိုင်မှာ"



လိန်ကူးက....

"ဒါဆို ကောင်းတာပေါ့... သူ့ကိုပေးလိုက်ရင် ကုသိုလ်တောင်ရသေးတယ်... ဘာဖြစ်လို့လူသတ်ချင်ရတာလဲ"

သူမကစကားကိုဆက်လိုက်၏။

"မေမေရယ်... ဝေဒနာခံစားနေရတဲ့လူတစ်ယောက်ကို ဆေးပေးတာဟာ အလွန်မွန်မြတ်တဲ့အလုပ်ပါ၊ သူရောဂါပျောက်သွားရင် အမေ့ကို သူဘယ်လောက်ကျေးဇူးတင်မယ်ဆိုတာ သမီးမြင်ယောင်မိသေးတယ်"

ထိုအချိန်တွင် သက်ပြင်းချသံတစ်သံကိုကြားလိုက်ရ၏။

"ငါတို့လူကြီးတွေဟာ ဘာမဟုတ်တဲ့ကိစ္စနဲ့ပတ်သက်ပြီးမကျေမချမ်းနိုင်ဘဲ ရန်ငြိုးဖွဲ့နေကြတာ၊ အခုလို ငယ်ရွယ်တဲ့လူဆီက သတိပေးဆုံးမစကားကိုကြားလိုက်ရတော့ တော်တော်ရှက်ဖို့တောင်ကောင်းနေပြီ"

အားလုံးကလှည့်ကြည့်လိုက်ရာ မျက်လုံးတစ်ဖက်လပ်နေသော အဘွားအိုတစ်ယောက်ရောက်ရှိလာသည်ကိုတွေ့လိုက်ရ၏။ စုစုနှင့်ထန်ဟုန်တို့က အဘွားအိုအား ကမန်းကတမ်းအရိုအသေပြုလိုက်ကြသည်။

အဘွားအိုက သူတို့နှစ်ယောက်အားခေါင်းညိတ်ပြလိုက်၏။

"ကဲ.... တို့ပြန်ကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်အံ့သြသွား၏။

"တပည့်တာဝန်ကျေပါတယ်အဘွား... စွန်းလုံ့ကူဆီက ဆေးဘူးကိုတောင်းသွားရမှာပါ"

အဘွားအိုကခေါင်းကိုခါယမ်းလိုက်၏။

"မင်းတို့တာဝန်ကျေပါတယ်... ကံတရားပေါ့ကွယ်၊ သူများမပေးချင်တဲ့ပစ္စည်းကိုလဲ မလိုချင်တော့ပါဘူး"

သူမသည် စကားဆုံးသွားသည်နှင့်ချာခနဲလှည့်လိုက်သည်။

"ခဏ"

စွန်းလုံ့ကူ၏အသံထွက်ပေါ်လာ၏။

အဘွားအိုကနောက်သို့လှည့်ကြည့်လိုက်၏။

စွန်းလုံ့ကူကသက်ပြင်းချလိုက်ပြီး...

"ဟုတ်တယ်... နင်ပြောတာဟုတ်တယ်၊ ငါတို့လူကြီးတွေက လူငယ်တွေလောက်တောင် စိတ်သဘောထားမပြည့်ဝတာ ရှက်ဖို့လဲကောင်းပါတယ်"

သူမသည် ကြွေဘူးကိုကောက်ယူပြီး အဘွားအိုထံလျှောက်လာလေသည်။

"ဆေးဘူးယူသွားပါအစ်မကြီး"

အဘွားအိုသည် စွန်းလုံ့ကူအား အတန်ကြာစိုက်ကြည့်လိုက်လေသည်။



သူမ၏အမြဲတမ်း တင်းမာခက်ထန်နေသောမျက်နှာတစ်ခုလုံးမှာပျော့ပျောင်းလာ၏။

သူမသည် ကြွေဘူးကိုလှမ်းယူလိုက်ပြီး...

"ကျေးဇူးတင်ပါတယ်"

သူမ၏အသံသည် အေးစိမ့်ခက်ထန်နေသော်လည်း နွေးထွေးမှုအငွေ့အသက်များပါလာသည်ဟု ထန်ဟုန်ခံစားမိ၏။

အဘွားအိုသည် တစ်ဘက်သို့လှည့်ပြီး သူတို့သုံးဦးလုံးထွက်ခွာရန်ခြေလှမ်းပြင်လိုက်စဉ်...

"ခဏ"

စွန်းလုံ့ကူကဟန့်တားလိုက်ပြန်၏။ အဘွားအိုတို့သုံးဦးသားပြိုင်တူခြေလှမ်းများကိုရပ်တန့်လိုက်ကြ၏။ အဘွားအိုကနောက်သို့လှည့်လိုက်ပြီး စွန်းလုံ့ကူအား စိုက်ကြည့်လိုက်၏။

"ဆေးဘူးကိုပေးလိုက်ရလို့ နှမြောနေတာလား"

စွန်းလုံ့ကူကပြုံးပြ၏။

"အထင်မလွဲပါနဲ့အစ်မကြီး... ဒီဆေးကို အစ်မကြီးကိုယ်တိုင်သုံးတာထက် ကျွန်မလူတစ်ယောက်ကိုထည့်ပေးလိုက်ရင် ပိုပြီးလျင်မြန်မှာမို့လို့ပါ"

သူမက နောက်သို့လှည့်၍ သားသမီးများအား တစ်ချက်ဝေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ထဲက တစ်ယောက်ယောက်လိုက်ပြီး ကူညီမှဖြစ်မယ်၊ ဘယ်သူလိုက်သွားမလဲ"

ထိုစကားကိုကြားလိုက်ရသည်နှင့် နန်းယုံက ဆတ်ခနဲထရပ်လိုက်ပြီး....

"မေမေ... ကျွန်တော်လိုက်သွားမယ်"

စွန်းလုံကူခေါင်းညိတ်လိုက်၏။

"ကောင်းတယ်... သားကြီးလိုက်သွားတာ ပိုတောင်ကောင်းသေးတယ်"

နန်းယုံကဝမ်းမြောက်ဝမ်းသာစွာဖြင့် စုစုထံသို့လျှောက်သွားလေ၏။

"ဟား... ဟား... ဟား"

သူ၏ညီအစ်ကိုမောင်နှမများက ပြိုင်တူရယ်မောလိုက်သောအသံများဖြစ်သည်။ နန်းယုံ၏မျက်နှာတစ်ခုလုံးနီရဲသွား၏။

"မင်းတို့ဘာရယ်နေကြတာလဲ"

နန်းယုံက ရှက်ကိုးရှက်ကန်းဖြင့်ပြောလိုက်၏။

နန်းချင်းကရယ်မောနေရာမှရပ်တန့်ကာ....

"ဘာမှမရယ်ပါဘူး... အစ်ကိုကြီးလိုက်သွားတာ ပိုကောင်းတယ်လို့ ပြောကြတာပါ"

နန်းယုံသည် ညီ ညီမများကဘာကြောင့်ရယ်မောကြသည်ကို



နားလည်ထားသဖြင့် စုစုအားမဝံ့မရဲလှည့်ကြည့်လိုက်မိလေသည်။ သူမ၏မျက်နှာတစ်ခုလုံးမှာလည်း တစ်ကြိမ်တစ်ခါမှမဖြစ်ပေါ်ဖူးသောအပြုံးပန်းလေးပွင့်သွားသည်ကိုတွေ့မြင်လိုက်၏။

ထန်ဟုန်နှင့်မင်လေးတို့သည် အချင်းချင်း အပြန်အလှန်ကြည့်ပြီးအဓိပ္ပာယ်ရှိစွာပြုံးလိုက်ကြလေသည်။ သူတို့သည် စွန်းလုံကူအားနှုတ်ဆက်ကာ ထွက်ခွာသွားကြ၏။

တောင်ခြေရင်းသို့ရောက်ရှိသောအခါ ထန်ဟုန်က သူ၏မိခင်ကိုကယ်တင်ရမည့်အကြောင်း အဘွားအိုအားပန်ကြားရာ အဘွားအိုကခေါင်းညိတ်ခွင့်ပြုလိုက်သည်။

"ကောင်းတယ်... မင်း အခုတတ်ထားတဲ့ပညာကို မြွေဘုရင်အနေနဲ့ ဘယ်လိုမှယှဉ်နိုင်မှာမဟုတ်ပါဘူး"

မင်လေးနှင့်စုစုတို့လည်း အပြန်အလှန်နှုတ်ဆက်ပြီးအသီးသီးထွက်ခွာသွားကြ၏။ ထန်ဟုန်သည် မင်လေးနှင့်အတူ သူ့မိခင်ကိုကယ်တင်ရန် လေရှူးတောင်သို့ထွက်ခွာသွားကြလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုသည် ရုတ်တရက်ပြောင်းလဲသွားသည်။

ကောင်းကင်တစ်ခုလုံး တိမ်တိုက်များဖုံးလွှမ်းထားလေသည်။ အေးစိမ့်သောလေသည် တသုန်သုန်တိုက်ခတ်နေ၏။

ထို့ကြောင့်လည်း ရေခဲရေကန်မှာ ခါတိုင်းထက်ပို၍အေးစိမ့်နေ၏။ ယင်းကဲ့သို့ အေးစိမ့်သောရာသီမျိုးတွင် ထိုရေခဲရေကန်ထဲသို့ မည်သူတစ်ဦးတစ်ယောက်မျှဆင်းဝံ့ကြမည်မဟုတ်ပါ။

မည်သူမဆို ဤအချိန်မျိုးတွင် ထိုရေကန်ထဲသို့ဆင်းသွားလျှင် လွန်ကဲသောအအေးဒဏ်ကြောင့် တစ်ကိုယ်လုံးတောင့်တင်းပြီး သွေးခဲ၍သေဆုံးသွားမည်သာဖြစ်သည်။

သို့သော် မယုံကြည်ဖွယ်ရာ ထိုရေကန်အတွင်း၌ ရုတ်တရက်ဦးခေါင်းတစ်ခုရေပြင်ပေါ်သို့ပေါ်လာသည်။

ထို့နောက် တဖြည်းဖြည်းကန်ဘောင်ရှိရာသို့ကူးလာသည်။

ထိုလူသည် ကန်ဘောင်ပေါ်သို့ မနည်းပင်ကြိုးစား၍တက်လာရလေသည်။

ကန်ဘောင်ပေါ်သို့ရောက်ရှိလိုက်သည်နှင့် ပက်လက်လှန်၍လဲလျောင်းလိုက်သည်။ ထို့နောက် လှုပ်ရှားခြင်းမရှိတော့ဘဲငြိမ်သက်၍နေလေသည်။

ယင်းအချိန်မှာပင် လူငယ်တစ်ယောက်နှင့်မိန်းကလေးတစ်ယောက်တို့သည် ဤနေရာသို့ရောက်ရှိလာကြလေသည်။



"အစ်ကို ဟိုမှာကြည့်စမ်း ကန်ဘောင်ပေါ်မှာလူတစ်ယောက်အိပ်နေတယ်"

မင်လေး၏အသံဖြစ်သည်။ ထန်ဟုန်သည် မင်လေးညွှန်ပြရာသို့လှည့်ကြည့်လိုက်ရာ မျက်မှောင်ကုပ်သွားသည်။

"ဟုတ်တယ် ဒီလောက်အေးတဲ့ရေကန်ဘေးမှာ ဘာကြောင့်လာပြီးအိပ်နေပါလိမ့်"

သူသည်.... မင်လေးနှင့်အတူ လဲလျောင်းနေသောလူထံသို့လျှောက်သွားရာ မင်လေးထံမှလွှတ်ခနဲအသံထွက်သွား၏။

"ကြည့်စမ်း... တစ်ကိုယ်လုံးရေတွေစွဲနစ်နေပါလား"

ထန်ဟုန်သည် ထိုလူ၏မျက်နှာကိုမြင်တွေ့လိုက်ရသောအခါ အလွန်အံ့သြသွားသည်။

"ဟင်.... စားဘီလူး"

လွှတ်ခနဲအသံထွက်သွားပြီး....

ခြေလှမ်းများလည်း ရပ်သွားလေသည်။

သို့သော် စားဘီလူးမှာမူ တုတ်တုတ်မျှမလှုပ်ဘဲရှိနေ၏။

သူတို့သည် အနီးသို့ရောက်သွားလေသည်။

သူ၏စိတ်ထဲ စားဘီလူးမှာသေဆုံးနေပြီလားဟုပင် ထင်မိသည်။ သို့သော် စားဘီလူးမှာမသေဆုံးသေးပါ။ သူ့အားကြည့်နေ၏။ ထန်ဟုန်ကဒူးထောက်၍ဂါရဝပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဘာများဖြစ်လို့လဲခင်ဗျာ"

ဓားဘီလူးက ရေကန်ကိုလက်ညှိုးထိုးပြလိုက်သည်။

"စွန်းလုံကူက သိုင်းကျမ်းသေတ္တာကလေးကို ရေကန်ထဲပစ်ချထားတယ်"

ထန်ဟုန်က....

"ဟုတ်လား... ဆရာ"

ဓားဘီလူးက....

"ဟုတ်တယ်... ဒါပေမဲ့ ငါလိုက်ရှာတာမတွေ့ခဲ့ဘူး"

"ကျွန်တော် ဘာလုပ်ပေးရမလဲဆရာ"

ဓားဘီလူးက ရေကန်ကိုလက်ညှိုးထိုးပြလျက်....

"ငါ့အတွက် မင်း...."

သူသည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွား၏။

လက်ညှိုးထိုးထားသောလက်တစ်ဖက်ကလည်း အောက်သို့ကျသွားလေသည်။

ထန်ဟုန်သေချာကြည့်လိုက်ရာ.... ဓားဘီလူးမှာအသက်မရှိတော့သည်ကိုတွေ့လိုက်ရ၏။

သူသည် လွန်စွာစိတ်မကောင်းဖြစ်သွားသည်။

သံဝေဂလည်းရမိလေသည်။

ငှက်များသည် အစာရှာရင်းသေဆုံးကြရသည်။



သိုင်းလောကမှသိုင်းသမားတို့သည်လည်း ဘွဲ့ထက်ငါ အသာရရှိရန်အတွက် သိုင်းပညာကျမ်းများကို ပင်ပန်းကြီးစွာလိုက်လံရှာဖွေရင်း ဓားဘီလူးကဲ့သို့အသက်ဆုံးရှုံးကြရလေသည်။

ထန်ဟုန်သည် ဓားဘီလူး၏အကျင့်စာရိတ္တကိုမနှစ်သက်သော်လည်း မိုးကြိုးဓားဂိုဏ်းအဖွဲ့သားတစ်ယောက်အနေဖြင့် ဓားဘီလူးအားမြေမြှုပ်သင်္ဂြိုဟ်ပေးရန် တာဝန်ရှိသေးသည်မဟုတ်ပါလား။

ထို့ကြောင့် ကန်ဘောင်အနီးတွင် တွင်းတစ်ခုတူး၍ ဓားဘီလူး၏အလောင်းကိုမြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်သည်။

မြေပုံတစ်ခုတည်ဆောက်ပြီးနောက် ကျောက်ပြားတစ်ချပ်ကိုရှာယူပြီး အုတ်ဂူရှေ့တွင်စိုက်ထူလိုက်သည်။

ထို့နောက် ဓားဖြင့်စာများရေးထွင်းလိုက်သည်။

"ဓားဘီလူး၏ဂူ"

ထို့နောက်... ဦးသုံးကြိမ်ချကာ မင်လေးနှင့်အတူ ထိုနေရာမှထွက်ခွာသွားလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## မြွေဘုရင်

ထန်ဟုန်နှင့်မင်လေးတို့သည် လေရူးတောင်တစ်ဝိုက်၌ ရှာဖွေခဲ့သည်မှာ နှစ်ရက်တိုင်တိုင်အချိန်ကုန်ဆုံးခဲ့ပြီဖြစ်သည်။ သို့သော် မြွေဘုရင်နေထိုင်သောလိုဏ်ဂူကိုမူ ရှာ၍မတွေ့သေးပါ။

ယနေ့လည်း မွန်းတည့်ချိန်အထိလိုက်လံရှာဖွေရာ သဲလွန်စပင် ရှာမတွေ့ခဲ့ပါ။ သူတို့သည်စိတ်ပျက်စွာဖြင့် ကျောက်တုံးတစ်တုံးတွင်ထိုင်၍အပန်းဖြေနေ၏။ ထိုအချိန်မှာပင် သူတို့၏မျက်လုံးတည့်တည့်တွင် လိုဏ်ဂူတစ်ခုရှိနေသည်ကို အမှတ်မထင်တွေ့မြင်လိုက်ရလေသည်။

သူတို့နှစ်ယောက်သည် အချင်းချင်း အပြန်အလှန်စိုက်ကြည့်လိုက်သည်။ ထို့နောက် နှစ်ယောက်သားပြိုင်တူထလိုက်ပြီး လိုဏ်ဂူရှိရာသို့လျှောက်သွားသည်။ သူတို့သည် လိုဏ်ဂူအနီးသို့ရောက်ရှိလာသောအခါ အသံတစ်သံဟိန်းထွက်လာသည်။



"ရပ်လိုက်"

ထန်ဟုန်နှင့်မင်လေးတို့သည် ပြိုင်တူလှည့်ကြည့်လိုက်သောအခါ ထန်ဟုန်အလွန်အံ့အားသင့်သွားသည်။ အကြောင်းမှာ သူလိုက်လံရှာဖွေ၍မတွေ့သော မြွေဘုရင်ပင်ဖြစ်နေသည်ကိုတွေ့ရသည်။

ထန်ဟုန်သည် မြွေဘုရင်အားမြင်တွေ့လိုက်ရသည်နှင့် ခန္ဓာကိုယ်တစ်ခုလုံးရှိသွေးများဆူပွက်လာသည်။

"အတော်ပဲ... ကျုပ်ခင်ဗျားကိုလိုက်ရှာနေတာ"

အခုမှ မြွေဘုရင်ကထန်ဟုန်အားမှတ်မိလိုက်သည်။

"မင်းကို"

ထန်ဟုန်ကရင်ကော့လိုက်သည်။

"ကျုပ်ကိုမှတ်မိသားပဲ... ပြောစမ်း... ကျုပ်အမေဘယ်မှာလဲ"

မြွေဟောက်တန်ခိုးရှင်က ပခုံးတစ်ဖက်တွန့်လိုက်သည်။

"မင်းအလာကောင်းပေမယ့် နောက်ကျသွားပါပြီ"

ထိုစကားကြားလိုက်ရသောအခါ ထန်ဟုန်၏ဦးနှောက်ထဲတွင် အုန်းခနဲဖြစ်သွားလေ၏။

"ခင်ဗျား ဘာပြောလိုက်တာလဲ"

မြွေဘုရင်က....

"မင်း အလာနောက်ကျလို့ မင်းအမေကိုမတွေ့ရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် မိခင်၏ကံကြမ္မာကိုကြားလိုက်ရသောအခါ ဒေါသဖြစ်လွန်း၍ တစ်ကိုယ်လုံးတုန်ခါသွားသည်။

"ကျုပ်အမေကို ခင်ဗျားကြီး၊၊နှိပ်စက်လို့သေသွားတာဖြစ်ရမယ်၊ ခင်ဗျားကို လောကပေါ်မှာမထားတော့ဘူး"

သူသည် ဓားကိုဆွဲထုတ်လိုက်သည်။

"ဂျိမ်း...."

မိုးခြိမ်းသံများ ဟိန်းထွက်လာသည်။

မြွေဘုရင်သည် ရင်ထဲထိတ်ခနဲဖြစ်သွားပြီးမှ ရယ်မောလိုက်လေသည်။

"မင်းက ငါ့ဆီကိုလာခဲ့တာ မိုးကြိုးဓားပညာတတ်ထားတာကိုး"

"ဟုတ်တယ်... ဒီနေ့ဟာ ခင်ဗျားရဲ့သေနေ့လို့မှတ်ပါ"

မြွေဘုရင်ကမဲ့ပြုံးပြုံးလိုက်၏။

"မင်း ငါ့ကိုသတ်ဖို့ဆိုတာ အိပ်မက်ဆန်လှပါတယ်၊ ဓားဘီလူးတောင် ငါ့လက်ချက်နဲ့ဘာဖြစ်သွားသလဲ မင်းသိတယ်မဟုတ်လား"

ထန်ဟုန်က....

"ဘာပဲဖြစ်ဖြစ် ဓားဘီလူးဟာ ကျုပ်ဆရာပဲ... အခု ကျုပ်က ကျုပ်အမေအတွက်ကော ကျုပ်ဆရာအတွက်ပါ ခင်ဗျားကိုလက်စားချေရလိမ့်မယ်"



သူသည် စကားဆုံးသွားသည်နှင့် မိုးကြိုးဓားသိုင်းကွက်ကို စတင်လိုက်သည်။ သိုင်းကွက်စတင်လှုပ်ရှားလိုက်သည်နှင့်တစ်ပြိုင်နက် မိုးခြိမ်းသံများဟိန်းထွက်သွားသည်။

လေကြီးမိုးကြီးများကျလာလေ၏။ ထန်ဟုန်အပေါ် အထင်သေးခဲ့သောမြွေဘုရင်သည် ထန်ဟုန်၏ဓားအားမာန်ကိုမြင်တွေ့ရသောအခါရင်ထိတ်သွား၏။ သို့သော် သူသည် ဓားဘီလူးကိုပင် အနိုင်ရခဲ့သေးသည်မဟုတ်လော။

ထို့ကြောင့်... သူသည် ထန်ဟုန်ကိုလည်း အနိုင်ရလိမ့်မည်ဟု ယုံကြည်လိုက်လေ၏။

"ဟား... ဟား... ဟား"

သူကရယ်မောရင်းအော်ငေါက်လိုက်၏။

"မင်း သေဖို့သာပြင်ပေတော့"

သူကကြုံးဝါးရင်း ထန်ဟုန်အားတုံ့ပြန်ကိုက်ခိုက်လိုက်သည်။

ထန်ဟုန်ကမိုးကြိုးဓားသိုင်းကို ပထမအကွက်ဒုတိယအကွက်တတိယအကွက် သိုင်းကွက်သုံးကွက်ဆက်တိုက်မရပ်မနားတိုက်ခိုက်လိုက်၏။

မင်လေးမှာမူ ဓားကိုအသင့်ကိုင်လျက် အခြေအနေကိုစောင့်ကြည့်နေ၏။ မြွေဘုရင်သည် ထန်ဟုန်၏တတိယသိုင်းကွက်အထိ တုံ့ပြန်နိုင်ခဲ့သော်လည်း....

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမဟန်မှန်း သူ့ကိုယ်သူကောင်းစွာသိရှိလိုက်လေ၏။ ထို့နောက် သူသည် အဆိပ်လက်ဝါးကိုအသုံးပြုလိုက်လေသည်။ သူသည် သေချာအနိုင်ရလိမ့်မည်ဟုယုံကြည်စွာဖြင့် အတွင်းအားကို စုစည်းပြီး အဆိပ်လက်ဝါးကိုနှစ်ဖက်စလုံး တွန်းထုတ်လိုက်၏။

ရုတ်တရက် သူ၏လက်နှစ်ဖက်စလုံး အေးခဲဖြစ်သွားသည်ကိုခံစားလိုက်ရသည်။

မိုးခြိမ်းသံများ ရုတ်တရက်ရပ်တန့်သွားသည်။

လေမုန်တိုင်းများလည်း ရုတ်တရက်စဲသွားလေ၏။ ထန်ဟုန်သည် ဓားကိုလက်နှစ်ဖက်ဖြင့်ဗိုက်လျက်မလှုပ်မယှက်ရပ်နေ၏။

မြွေဘုရင်သည် ကြောင်အမ်းအမ်းဖြစ်နေပြီးမှ သူ၏လက်နှစ်ဖက်ကိုကြည့်လိုက်၏။ သူ၏မျက်လုံးအစုံသည် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ပြူးကျယ်နေ၏။

သူသည် တိခနဲပြတ်နေသော မိမိ၏လက်နှစ်ဖက်ကိုမယုံကြည်နိုင်စွာဖြင့်ကြည့်လျက်ရှိ၏။ လူပေါင်းမြောက်များစွာ၏အသက်ကိုသတ်ဖြတ်ခဲ့သော သူ၏အဆိပ်လက်ဝါးနှစ်ဖက်သည် မြေပြင်ပေါ် ပြုတ်ကျနေပြီမဟုတ်ပါလော။

"အား...."

သူသည် သဲလှိုက်ရင်ဖိုအသံကုန်ဟစ်အော်လိုက်၏။

ထို့နောက် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေ၏။



ထိုအချိန်တွင် မင်လေးကလက်တစ်ဖက်ဝှေ့ယမ်းလိုက်ရာ...

"ကျွမ်း...."

မိုးခြိမ်းသံတစ်ချက် မြည်ဟိန်းထွက်ပေါ်လာ၏။

သူမ၏ဓားသည် မြားတစ်စင်းပမာ ပြေးလွှားသွားသောမြွေဘုရင်၏နောက်ကျောကိုထိုးဖောက်ဝင်ရောက်သွားလေသည်။

"ဖုတ်...."

မြွေဘုရင်သည် မြေပေါ်သို့မှောက်လျက် လဲကျသွားရာ အသံဗလံအားလုံး ဆိတ်ငြိမ်သွားလေ၏။ ထန်ဟုန်သည် မြေပြင်ပေါ် ဒူးထောက်ထိုင်ချလိုက်ပြီး လက်သီးနှစ်ဖက်ကိုကျစ်ကျစ်ပါအောင်ဆုပ်ကာ မိုးကောင်းကင်ပေါ်ခေါင်းမော့လျက်....

"ဖေဖေနဲ့မေမေ... ဖေဖေနဲ့မေမေတို့ရဲ့သွေးကြွေးကို သားဆပ်နိုင်လိုက်ပါပြီ၊ ဖေဖေနဲ့မေမေတို့ အေးအေးချမ်းချမ်း ကောင်းရာဘုံဘဝကိုရောက်ပါစေလို့ သားဆုတောင်းလိုက်ပါတယ်"

မင်လေးက မြွေဘုရင်၏ကျောပေ[illegible]က်ဝင်နေသောဓားကိုဆွဲနှုတ်လိုက်၏။ ထို့နောက် ခြေထောက်ဖြင့်ကန်ကျောက်လိုက်ရာ မြွေဘုရင်၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စဉ်သွားပြီး ချောက်ကမ်းပါးအောက်သို့ထိုးကျသွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ထန်ဟုန်သည် ဖခင်နှင့်မိခင်တို့၏သွေးကြွေးကိုလက်စားချေနိုင်ခဲ့ပြီဖြစ်သော်လည်း ရင်ထဲတွင် ဝမ်းသာအားရခြင်းဟူသော အရသာကိုမခံစားလိုက်ရပါ။ အကြောင်းမှာ သူသည် မင်လေးနှင့် အရှုပ်အရှင်းတစ်ခုကိုဖြေရှင်းရဦးမည်မဟုတ်ပါလော။

သူနှင့်မင်လေးတို့သည် ဘဝကြင်ဖော်ဖြစ်ကြမည်လော…

သို့တည်းမဟုတ် မဟာရန်သူများဖြစ်လာမည်လော….

သူသည် ရင်တထိတ်ထိတ်ဖြင့် မျှော်မှန်း၍မရနိုင်အောင်ဖြစ်နေ၏။ ထို့ကြောင့် သူသည် မင်လေး၏မျက်နှာကိုမကြည့်ဝံ့ဘဲ ခေါင်းငုံ့၍လျှောက်နေ၏။

သူတို့နှစ်ယောက်သည် အတွေးကိုယ်စီဖြင့် ခြေဦးတည့်ရာလျှောက်နေကြ၏။ မင်လေးရင်ထဲမတွင်လည်း မေးခွန်းများစွာဖြစ်ပေါ်နေ၏။ တာရာအဘိုးအိုနှင့်ပြန်လည်ဆုံတွေ့မိသည့်အခါ မိမိ၏ကံကြမ္မာ မည်ကဲ့သို့ပြောင်းလဲလာမည်နည်း။

အကယ်၍သာ မိမိ၏မိဘနှစ်ပါးတို့သည် တာရာအဘိုးအို၏လက်ချက်ဖြင့်သေဆုံးခဲ့ရခြင်းဖြစ်လျှင် သူမသည် မလွဲမရှောင်သာတော့ဘဲ သူမ၏အချစ်ဆုံးချစ်သူကို လက်စားချေရတော့မည်မဟုတ်ပါလော။ သူမသည် ထန်ဟုန်အားယှဉ်ပြိုင်၍ အနိုင်ရမည်မဟုတ်ဟုနားလည်လိုက်သည်။ သို့သော်…. ထန်ဟုန်သည် မိမိအားခုခံမည်မဟုတ်ဘဲ အသက်အသေခံမည်သာဖြစ်သည်ဟုယုံကြည်၏။



ဤသို့ဖြစ်ခဲ့ပါလျှင် သူမသည် ခုခံခြင်းမပြုသောမိမိ၏အချစ်ဆုံးချစ်သူကို ရက်စက်နိုင်ပါမည်လော။

သူမသည် တွေးရင်း ခေါင်းတစ်ချက်ဆတ်လိုက်၏။

“သူကမခုခံဘဲအသေခံမယ်ဆိုရင် ငါသူ့ကိုမသတ်ဘူး၊ ငါ့ကိုယ်ငါပဲအဆုံးစီရင်လိုက်မယ်”

သူတို့နှစ်ယောက်၏ရင်ထဲတွင် ခဲများဆွဲထားသည့်အလားလေးလံစွာဖြင့်လျှောက်နေရင်း သူတို့ရှေ့တွင် လိုဏ်ဂူတစ်ခုကိုမမျှော်လင့်ဘဲတွေ့မြင်လိုက်၏။ နှစ်ယောက်စလုံး ခြေလှမ်းများရပ်တန့်သွားကြ၏။ ပတ်ဝန်းကျင်ကိုလည်း တစ်ချက်အကဲခတ်ကြည့်လိုက်ကြသည်။ သူတို့သည် လေရူးတောင်တစ်ခုလုံးကိုရှာဖွေခဲ့ကြပြီးဖြစ်၏။ သို့သော် ဤနေရာသို့မူ မရောက်ရှိခဲ့ကြပါ။

ဤလိုဏ်ဂူကိုလည်း သူတို့ကမတွေ့မြင်ခဲ့ကြပါ။ ယခု သူတို့သည် အတွေးကိုယ်စီဖြင့်ခေါင်းငုံ့၍ ခြေဦးတည့်ရာသို့လျှောက်လှမ်းလာမှပင် ဤနေရာသို့ရောက်ရှိပြီး ဤလိုဏ်ဂူကိုလည်း မမျှော်လင့်ဘဲတွေ့မြင်ခဲ့ကြရသည်။ သူတို့နှစ်ဦးသည် တစ်ယောက်မျက်နှာ တစ်ယောက်အပြန်အလှန်ကြည့်ပြီးနောက် လိုဏ်ဂူအတွင်းသို့ ပြိုင်တူချိုးကပ်ဝင်ရောက်လိုက်ကြလေ၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကံတရား၏လှည့်စားမှု

ထိုလိုဏ်ဂူသည် ကျယ်ဝန်းလှသည်မဟုတ်ပါ။ လိုဏ်ဂူထဲတွင် ကွပ်ပျစ်တစ်လုံးရှိနေ၏။ ကျောက်စားပွဲနှင့်ကျောက်ကုလားထိုင်များလည်းရှိနေသည်။ အသုံးအဆောင်များမှာလည်း အသင့်အတင့်ရှိနေ၏။ ကျောက်စားပွဲပေါ်တွင် စာအိတ်တစ်လုံးတောင်ထားသည်ကို မြင်တွေ့လိုက်ကြရ၏။

စာအိတ်မှာ အနည်းငယ်ဟောင်းနွမ်းနေပြီဖြစ်၏။

ထန်ဟုန်နှင့်မင်လေးတို့နှစ်ဦးသည် စာအိတ်ပေါ်တွင်ရေးသားထားသောစာကိုကြည့်လိုက်ရာ....

"ထန်ဟုန်နှင့်မင်လေးသို့"

ထန်ဟုန်နှင့်မင်လေးတို့သည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ကြည့်လိုက်မိကြလေ၏။

ထန်ဟုန်၏နှလုံးသားများ လျှင်မြန်စွာခုန်လာ၏။

မင်လေးသည်လည်း ထိုနည်းတူစွာပင်ဖြစ်၏။



ထိုစာသည် မိမိ၏ဘိုးဘိုးဖြစ်သူ၏စာဖြစ်သည်ကို ထန်ဟုန်သည် မပြောဘဲနှင့်တပ်အပ်သိလိုက်၏။

သူသည် စာအိတ်ကိုထုတ်ယူပြီးနောက် ဖြန့်၍ဖတ်ကြည့်လိုက်ရာ စာရွက်ကိုင်ထားသောလက်ချောင်းကလေးများပင် တုန်ခါ၍နေလေတော့၏။

အလင်းရောင်သည် လိုဏ်ဂူမျက်နှာကြက်ပေါက်မှထိုးကျနေသဖြင့် စာများကိုပီပြင်စွာတွေ့မြင်နိုင်လေသည်။

သူတို့နှစ်ဦးသည် မည်သည့်အကြောင်းအရာများ ရေးသားထားသည်ကိုသိချင်လှသဖြင့် ခေါင်းချင်းပူးကပ်ကာစာကိုပြိုင်တူဖတ်ရှုမိလိုက်ကြလေသည်။

စာသားများမှာ ဘိုးဘိုးဖြစ်သူ တာရာအဘိုးအို၏လက်ရေးဖြစ်သည်ကို သူတို့ကောင်းစွာမှတ်မိကြပေသည်။

"ထန်ဟုန်နဲ့မင်လေး နင်တို့ ငါ့ကိုလိုက်ရှာလိမ့်မယ်ဆိုတာ ငါ ကြိုတင်သိရှိပြီးသားပါ၊ ငါ လေရူးတောင်မှာရှိမယ်ဆိုတာလဲ နင်တို့ သိမှာပါ၊ ဒါကြောင့် ဒီစာကိုငါရေးထားခဲ့တာဖြစ်ပါတယ်၊ နင်တို့ ဒီစာကိုဖတ်နေတဲ့အချိန်မှာ ဘိုးဘိုးဟာလောကကြီးထဲမှာရှိမနေတော့ဘူးလို့မှတ်ပါ၊ ဘာဖြစ်လို့လဲဆိုရင် ဘိုးဘိုးဟာ စိတ်ထိခိုက်လွန်းလို့ ကျန်းမာရေးပါ တစ်နေ့တခြား လုံးပါးပါးလာလို့ပဲဖြစ်တယ်၊ ဘိုးဘိုး အလောင်း ဘယ်မှာရှိတယ်ဆိုတာကိုလဲမရှာပါနဲ့တော့၊ ဘိုးဘိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး အားလုံးပြီးစီးအောင်စီမံထားခဲ့လို့ပါ”

မင်လေးနှင့်ထန်ဟုန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး စိတ်မကောင်းခြင်းများစွာဖြင့်သက်ပြင်းကိုယ်စီချ လိုက်မိကြလေ၏။

သူတို့သည် စာကိုဆက်၍ဖတ်လိုက်ကြပြန်သည်။

“ကံကြမ္မာရဲ့လှည့်စားမှုဟာ အင်မတန်ကြောက်စရာကောင်း ပါတယ်၊ မင်လေးရဲ့အဖေဟာ ဘိုးဘိုးကြောင့် သေဆုံးသွားရတယ် ဆိုတာမှန်ပါတယ်၊

ဒီလိုဖြစ်ရတာကလဲ တစ်ယောက်နဲ့တစ်ယောက်အထင်အမြင် လွဲမှားလို့ဖြစ်ရတာပါ၊ ဒီအကြောင်းကို ဘိုးဘိုး အတိုချုံးပြီးပြောပြရ မယ်ဆိုရင်....

ကျင်းဟာန်နဲ့ဘိုးဘိုးဟာ အရင်ကမိတ်ဆွေအရင်းတွေပါ၊

နောက်တော့ အာမခံဌာနကပစ္စည်းပျောက်ဆုံးမှုနဲ့ပတ်သက် ပြီး သူနဲ့ဘိုးဘိုးအထင်လွဲခဲ့ကြတယ်၊ အဲ့ဒီကိစ္စမဖြေရှင်းနိုင်ခဲ့ရင် တစ် ယောက်ယောက်တော့ မင်းပြစ်မင်းဒဏ်ကိုခံရမှာသေချာတယ်၊ အဲဒီ တုန်းက ဘိုးဘိုးကလဲအသက်ငယ်သေးတယ်၊ ကျင်းဟာန်ကလဲ ဒေါသ ကြီးတတ်တယ်... တစ်ယောက်ကိုတစ်ယောက် ဒေါသမထိန်းနိုင်ကြ ဘဲ တိုက်ခိုက်ကြတယ်လေ၊ နောက်တော့ သူသေသွားတယ်၊ အမှန် တော့ ဘိုးဘိုးသတ်တာမဟုတ်ဘူး၊ ဘိုးဘိုးလက်ချက်နဲ့ သေတာလဲ

BURMESE CLASSIC .com



မဟုတ်ပါဘူး၊ အာဏာသားတစ်ယောက်ရဲ့လက်ချက်နဲ့ သူသေသွား ရတာပါ၊ ဘိုးဘိုးသူ့ကိုသွားပြီးပွေ့ချီလိုက်တဲ့အခါမှာ သူအသက်မရှိ တော့ဘူး၊ သူ့ဇနီးက ဘိုးဘိုးသူ့ကိုပွေ့ချီထားတာတွေ့တဲ့အခါ ဘိုးဘိုး သတ်လိုက်တာလို့ထင်သွားတယ်၊

သူတို့ကိုရန်ရှာမှာကြောက်လို့ လသားအရွယ်သာရှိတဲ့ကလေး တစ်ယောက်ကိုပိုက်ပြီး ထွက်ပြေးသွားတယ်လေ၊

သူတို့သားအမိကိုဘိုးဘိုးရှင်းပြချင်လို့လိုက်ရှာခဲ့သေးတယ်၊ ဒါပေမဲ့ နှစ်တွေသာကြာခဲ့တယ်၊ သူတို့သားအမိကိုမတွေ့ခဲ့ဘူး၊ တွေ့ မဲ့တွေ့တော့လဲ လိုဏ်ဂူထဲမှတွေ့ရတဲ့ကလေးကို ကျင်းဟာန်ရဲ့သမီး ဖြစ်မှန်း ဘိုးဘိုးမသိခဲ့ဘူး။

ကျင်းဟာန်ရဲ့သမီးကို လူလားမြောက်အောင်ကျွေးမွေးစောင့် ရှောက်ပြီး သိုင်းပညာတွေသင်ကြားပေးခဲ့တယ်၊ သိုင်းပညာသင်ပေး ပြီးတဲ့အခါကျမှပဲ ဒီကိစ္စကိုသိရတော့တယ်၊

ဒါပေမဲ့ သူ့အမေကသေ သွားပြီလေ၊ ဘိုးဘိုး ဘယ်လိုလုပ်ပြီး ရှင်းပြရမှာလဲ၊

ဒါကြောင့် ကံကြမ္မာကိုအပြစ်ဖို့ရုံကလွဲလို့ ဘိုးဘိုးဘာမှမတတ် နိုင်ခဲ့ပါဘူး၊ ဘာမှမတတ်နိုင်တဲ့အခြေအနေမို့လဲ စိတ်ဓာတ်တွေကျ အားလုံးကိုစွန့်လွှတ်ပြီး ဒီနေရာမှာလာရောက်ဓာတ်မြုပ်နေခဲ့တာပါ၊ ဒီစာကိုမင်းတို့ဖတ် ခွင့်ရမယ်ဆိုရင် တမလွန်ဘဝရောက်နေတဲ့ဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com



ဗိုတ်ချမ်းသာမှာပါ၊ အပြစ်မဲ့တဲ့မင်းတို့နှစ်ဦးလဲ တစ်ဦးကိုတစ်ဦး မဟာရန်သူအဖြစ်ကိုရောက်သွားတော့မှာမဟုတ်ဘူး… ဒါပါပဲ၊

မင်းတို့နှစ်ယောက်နားလည်နိုင်ကြပါစေလို့ ဘိုးဘိုးဆုတောင်းလိုက်ပါတယ်”

၀၀၀၀

စာရွက်သည် တုန်တုန်ယင်ယင်ဖြစ်နေသောထန်ဟုန်၏လက်ချောင်းကလေးများကြားမှ အောက်သို့လွင့်မျော ကျသွားလေသည်။

ထို့နောက်တွင်ကား လက်လေးဖက်သည် အလိုလိုတင်းကျပ်စွာဆုပ်ကိုင်လိုက်မိကြလေတော့၏။

မျက်ရည်များရိဝေစွာကျဆင်းနေကြသော မျက်လုံးအစုံနှစ်စုံသည် အပြန်အလှန်ကြည့်လိုက်ကြပြီး…

လိုက်ဂူထဲရှိကွပ်ပျစ်ရှေ့တွင် ဒူးထောက်ကာ နှစ်ဦးသား ဦးချကန်တော့လိုက်ကြလေသည်။

မင်လေးက…

“ကျေးဇူးကြီးလှတဲ့ဘိုးဘိုးရဲ့ သမီးနားလည်သဘောပေါက်ပါပြီ၊ ဘိုးဘိုးအပေါ် အထင်မှားအမြင်မှားပြီး ပြစ်မှားမိခဲ့သမျှ ဝန်ချတောင်းပန်ပါတယ်”

ထန်ဟုန်ကလည်း ဆုတောင်းလိုက်သည်။



“ဘိုးဘိုးမှာ အပြစ်မရှိတာသိလိုက်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်လို့မဆုံးပါဘူးဘိုးဘိုးရယ်၊ ဒီကိစ္စကို ဘိုးဘိုး ဘာကြောင့်ရှင်းမပြတာလဲဆိုတာကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်၊ အဲဒီအချိန်က ဘိုးဘိုးအနေနဲ့ဘယ်လိုပဲရှင်းပြရှင်းပြ ဘယ်သူကမှယုံကြမှာမဟုတ်ဘူးဆိုတာ နားလည်ထားလို့ပါ၊ ဘိုးဘိုး ကောင်းရာသုဂတိဘုံကိုရောက်ပါစေလို့ ကျွန်တော်ဆုတောင်းလိုက်ပါတယ်”

၀၀၀၀

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး သာသာယာယာရှိနေ၏။

လှပသောနံနက်ဆည်းဆာရောင်ခြည်သည် ကမ္ဘာလောက တစ်ခုလုံးကိုလွှမ်းခြုံပက်ဖျန်းထားသည်။ ရွှေရောင်တောက်ပသော ဆည်းဆာနေခြည်အောက်တွင် လုလင်ပျိုနှင့်လုံမပျိုတို့နှစ်ယောက် သည် လက်ချင်းယှက်၍ လိုဏ်ဂူအတွင်းမှ တစ်လှမ်းချင်းလှမ်းကာ ထွက်လာကြလေသည်။

သူတို့၏မိုးကြိုးစားများသည် ပါမလာကြတော့ပါ။

သူတို့ ရှေ့ဆက်လျှောက်လှမ်းရမည့်လမ်းခရီးမှာ သွေးစိမ်းနံ့ များလျှံနေသောသိုင်းလောက၏လမ်းခရီးမဟုတ်တော့ပါ။

လူသားတစ်ယောက်၏ အများအတွက်နှင့်မိမိအကျိုးအတွက် ကျရာနေရာမှကျရာတာဝန်ကိုလက်တွဲလုပ်ဆောင်ရန် လမ်းခရီးသို့ ချီတက်ကြမည်ဖြစ်၍ ကြုံတွေ့ခဲ့ရသောဒုက္ခအဖုံဖုံ အန္တရာယ်အသွယ် သွယ်တို့ကိုမေ့ဖျောက်လျက် လောကအလှရှိရာသို့ ဦးတည်လျှောက် လှမ်းသွားကြလေတော့သတည်း။

*ပြီး၏။*

*တက္ကသိုလ်နေလင်းအောင်*

www.burmeseclassic.com